ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ စနေနေ့။ Saturday, 1 February 2020 ၉၉၁၂

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက် ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြား

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

နေပြည်တော် ဧနှစ်၀ါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်းထမင်းစားခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

အဆိုပါ နှစ်ပတ်လည်နေ့အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပထမအကြိမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည့် Football for schools program ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Football for schools program ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဘောလုံးပေါ်တွင် အမှတ်တရလက်မှတ်ရေးထိုးစဉ်။

ရန်ကုန် ဧနှစ်၀ါရီ ၃၁

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် Football for schools program ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

- စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့် စီမံကိန်းဆောင်ရွက်ရန် ODA ချေးငွေ ယူရှိသန်း ၅၀ ရယူရေး လွှတ်တော်က သဘောတူ အတည်ပြု — စာမျက်နှာ » ၇
- 2019 Novel Coronavirus (2019- nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ အကြိုညှိနှိုင်း အစည်းအဝေး ကျင်းပ — စာမျက်နှာ » ၈
- ဝူဟန်မြို့ရှိ မြန်မာကျောင်းသား ကျောင်းသူ ၆၃ ဦးအား ပြန်လည်ခေါ်ယူနိုင်ရေး အထူးလေယာဉ်စေလွှတ်ခေါ်ယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ — စာမျက်နှာ » ၁၀

ကြေးမုံ

သိမြင်နားလည်မှု အတူလက်တွဲခိုင်မြဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ ပြည်ထောင်စုနိုင်ငံဖြစ်၍ မိမိလူမျိုး၊ မိမိအသိုင်းအဝိုင်း ကွက်ကွက်ကိုသာ ရွေးချယ်ကြည့်ရှု ဆက်ဆံ၍ရမည်မဟုတ်ပေ။ ပြည်ထောင်စုနိုင်ငံဖြစ်၍ မတူကွဲပြားသော လူမျိုးများအားလုံးတို့ကို နားလည်ရန်၊ သိရှိရန်၊ ဆက်ဆံရန် လိုအပ်မည် ဖြစ်သည်။

"မတူကွဲပြားမှုကနေ ညီညွတ်မှုထူထောင်နိုင်တယ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ထပ်တလဲလဲပြောနေတာပါ။ တချို့တွေဆိုရင် ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ဘာလဲဆိုတာကို နားမလည်ကြပါဘူး။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ဘာလဲဆိုတာကို နားမလည်ဘဲနဲ့ ကိုယ့်ရဲ့အသိုင်းအဝိုင်းလေးတစ်ခုအတွက် စဉ်းစားကြပါတယ်။ ကိုယ့်ရဲ့အသိုင်းအဝိုင်းလေးတစ်ခုအတွက်စဉ်းစားရင် ကိုယ့်ကမ္ဘာကြီးက ဘယ်လောက်ကျဉ်းသွားမလဲဆိုတာ စဉ်းစားကြည့်ပါ" ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ဇန်နဝါရီလ ၂၂ ရက်နေ့က ပြောကြားခဲ့သည်။

ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ဖြစ်နေပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်နေရာနှင့်တစ်နေရာ အပြန်အလှန် ဆက်နွယ်နေသည်ဖြစ်ရာ ရှေးယခင်ကကဲ့သို့ ကိုယ့်အသိုင်းအဝိုင်းတစ်ခုတည်းအတွက်၊ ကိုယ့်လူမျိုးတစ်မျိုးတည်းအတွက် ကွက်ကွက်လေးရှမြင်ရမည့် အချိန်အခါမဟုတ်တော့ပေ။ မတူကွဲပြားသော အသိုင်းအဝိုင်းများအကြား၊ မတူကွဲပြားသောလူမျိုးများအကြား ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံနေထိုင်ကြရမည့် ကာလဖြစ်သည်။ မတူကွဲပြားသူအချင်းချင်း ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်။ ဤကမ္ဘာကြီးသည် ယခင်ကမ္ဘာကြီးနှင့်မတူ၊ ပြည်ထောင်စုနိုင်ငံများ၊ ပြည်ထောင်စုလူမျိုးများ ပေါင်းစုထားသည့် ပြည်ထောင်စုကမ္ဘာကြီးဖြစ်နေချေပြီ။

မျက်မှောက်ကာလတွင် ပြည်ထောင်စုကိုသော်လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကိုသော်လည်းကောင်း နက်နက်နဲနဲမသိကြခြင်းမှာ မိမိလူမျိုး၊ မိမိအသိုင်းအဝိုင်းတစ်ခုတည်းကို စဉ်းစားကြသည့် ကျဉ်းမြောင်းသောစိတ်ဓာတ်များ ရှိနေသောကြောင့်ဖြစ်သည်။ ကျဉ်းမြောင်းသောစိတ်ဓာတ်သည် ဇြိမ်းချမ်းသောလူ့အသိုက်အဝန်းကို မည်သို့မျှတည်ဆောက်နိုင်မည်မဟုတ်ချေ။ ကျဉ်းမြောင်းသောစိတ်ရှိသည်မှာ အခြားလူမျိုးတို့၏အခြေအနေ၊ သဘောထားအမှန်ကို နားလည်လက်ခံထားခြင်းမရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုသားလူမျိုးများ၏အကြောင်းကို နားလည်သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး တစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသည့်နိုင်ငံဖြစ်သည်ကို သိရှိထားကြရာ၌ တိုင်းရင်းသားလူမျိုးများ၏ ပုံသဏ္ဌာန်ကိုသာ အများအားဖြင့်သိရှိကြပြီး လူမျိုးတစ်မျိုးချင်းစီ၏အကြောင်းကို သေချာစွာသိရှိနားလည်ကြခြင်းမရှိပေ။ ဤပြည်ထောင်စုမြေပေါ်တွင်နေထိုင်ကြသည့် လူတိုင်းလူတိုင်းအနေဖြင့် ဤပြည်ထောင်စုအတွင်းနေထိုင်ကြသော သွေးချင်းသားချင်း လူမျိုးပေါင်းစုံတို့၏ ဓာစ်မြစ်၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုတို့ကို သိရှိနားလည်ထားရန်မှာ အရေးကြီးပေသည်။ အိမ်သားအချင်းချင်းသည်လည်းကောင်း၊ အိမ်နီးနားချင်း အချင်းချင်းသည်လည်းကောင်း တစ်ဦး၏စရိုက်၊ တစ်ဦး၏လေ့ကို တစ်ဦးကသိရှိပါမှ၊ နားလည်ပါမှ ဆက်ဆံရေးအဆင်ပြေမည်။ ဆက်ဆံရေးပြေပြစ်ပါမှလည်း ရင်းရင်းနှီးနှီး အေးအတူပူအမျှ နေထိုင်သွားနိုင်ကြမည်ဖြစ်သည်။ အေးအတူပူအမျှ နေထိုင်ကြပါမှ ဇြိမ်းချမ်းသာယာမှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့သွေးချင်းသားချင်းများ၏ ဓလေ့ထုံးစံယဉ်ကျေးမှုနှင့် သွေးမတူ၊ သားမတူ၊ ယဉ်ကျေးမှုမတူသည့် နိုင်ငံခြားသားများက ခဏတစ်ဖြုတ်လာရောက်၍ လေ့လာမှတ်သား မှတ်တမ်းတင်ကြသည်။ အပေါ်ယံအမြင်၊ အပေါ်ယံအထင်ဖြင့် မှတ်တမ်းတင်သိရှိကြရခြင်းထက် မိမိတို့သွေးချင်းသားချင်း ဤမြေတွင်အတူနေသည့် တိုင်းရင်းသားလူမျိုးအချင်းချင်းတို့က ပိုမို၍အလေးထားကာ လေးလေးနက်နက် သိရှိထားသင့်သည်။ တစ်မြေတည်းအတူနေသူအချင်းချင်း မကောင်းသောအမြင်မရှုမြင်ဘဲ မိမိတို့ညီအစ်ကိုမောင်နှမအချင်းချင်း၏ ပင်ကိုစိတ်ရင်းဓလေ့စရိုက်နှင့် ရင်တွင်းမှ ဆန္ဒအရင်းအမှန်တို့ကို ထဲထဲဝင်ဝင်လေ့လာခြင်းဖြင့် ချစ်ခင်ရင်းနှီးမှုနှင့် နားလည်သိမြင်မှုတို့ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မတူကွဲပြားမှုများ ပေါင်းစည်းဆက်နွယ်နေထိုင်ကြသည့် ဤကမ္ဘာလောကကြီးတွင် တစ်ဦးနှင့်တစ်ဦး ကျယ်ပြန့်သည့်အမြင်ဖြင့် ဆက်ဆံကာ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဂျကာတာမြို့ရှိ အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ အီဂေါ ဒရိုင်းစမန်းအား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ လက်ခံတွေ့ဆုံစဉ် အာဆီယံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ပိုမိုတိုးမြှင့်ရေး၊ အာဆီယံ-ဥရောပသမဂ္ဂဆွေးနွေးဖက် ဆက်ဆံရေးကို မဟာဗျူဟာမြောက်အဆင့်သို့ တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်ဖန်တီးရေးတွင် အာဆီယံမှ ကူညီပံ့ပိုးပေးသည့်လုပ်ငန်းများ၌ ဥရောပသမဂ္ဂက ပံ့ပိုးပေးနိုင်မည့်အခြေအနေများနှင့် မြန်မာနှင့်ဥရောပသမဂ္ဂ အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုနေ့ ဒို့မမေ့။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၁-၁-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁,၅၀၀	၁၁,၅၀၀	၁,၉၆၃	၂၁,၉၄၄,၅၀၀
MTSH	၄,၀၀၀	၄,၀၀၀	၈,၆၂၅	၃၄,၅၀၀,၀၀၀

MCB	၈,၄၀၀	၈,၄၀၀	၁၁	၉၂,၄၀၀
FPB	၂၃,၀၀၀	၂၃,၀၀၀	၄၅	၁,၀၃၅,၀၀၀
TMH	၂,၈၅၀	၂,၈၅၀	၅၃၃	၁,၅၁၉,၀၅၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၃၁

ရန်ကုန်(ရွှေဈေး) ၁၂၂၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၅၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**		**မန္တလေး**	
(က) ဒီဇယ်	တစ်လီတာ	၈၅၀/၉၁၀	ကျပ်	၈၉၅/၉၂၀	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၈၇၀/၉၂၀	ကျပ်	၉၅၀/၉၆၅	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၅၀/၈၁၅	ကျပ်	၈၃၀/၈၅၅	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၈၆၀/၉၂၀	ကျပ်	၉၁၀/၉၃၀	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၇၈၅/၇၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၉၅/၈၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၀/၆၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၄၆၄.၂
(ခ) ဥရောပ	တစ်ယူရို	=	၁၆၁၄.၅
(ဂ) တရုတ်	တစ်ယွမ်	=	၂၁၁.၁၄
(ဃ) ထိုင်း	တစ်ဘတ်	=	၄၇.၀၆၃
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၅၇.၇၉
(စ) အိန္ဒိယ	တစ်ရုပီး	=	၂၀.၅၂၆
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၄၃.၄
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၂.၇၅
(စျ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၈၁.၁၀
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၇၄.၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း

သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဌ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂စဉ်၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၀၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၁

ဒုတိယအကြိမ် လွှတ်တော်(၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြား

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နှစ်ပတ်လည်နေ့ ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ ဒုတိယအကြိမ် လွှတ်တော်များ၏ (၄)နှစ်မြောက်နှစ်ပတ်လည်နေ့သို့ တက်ရောက်ပြီး မိမိ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအားလုံးကို အခွင့်အရေးကြုံခိုက် ပြန်လည်တွေ့ဆုံရသည့်အတွက် အလွန်ပင် ဝမ်းမြောက်ကြောင်းကို ပြောကြားလိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများကို အဓိကထားပြီး တာဝန်ယူထမ်းဆောင်ကြရပါကြောင်း၊ ထိုသို့တာဝန်ထမ်းဆောင်ကြသည့်အခါတွင် မေးခွန်း၊ အဆိုများနှင့်ပတ်သက်၍ ကန့်သတ်ချက်၊ စည်းကမ်းချက်များရှိပါကြောင်း၊ ထို့အတူ ဥပဒေကြမ်းနှင့်ပတ်သက်ပါကလည်း ဆွေးနွေးရမည့် ကန့်သတ်ချက်၊ စည်းကမ်းချက်များရှိပါကြောင်း၊ အလားတူ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် ဝတ္တရားများ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများရှိပါကြောင်း။

မှန်မှန်ကန်ကန်အသုံးပြု

လွှတ်တော်ကိုယ်စားလှယ်များသည် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျေပွန်စွာ ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ထမ်းဆောင်ရသကဲ့သို့ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း မှန်မှန်ကန်ကန်အသုံးပြုကြရန် လိုအပ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဥပဒေပြုရေးမဏ္ဍိုင်ဆိုသည်မှာ လွန်စွာတာဝန်ကြီးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ဥပဒေပြုသည်ဆိုရာတွင် လွယ်မယောင်နှင့် ခက်သကဲ့သို့ တိမ်မယောင်နှင့်လည်း နက်ပါကြောင်း၊ ဥပဒေတစ်ခုပြုမည်ဆိုပါက ယင်းဥပဒေ၏ ပုဒ်မတစ်ခုချင်းအလိုက် စိစစ်ရသကဲ့သို့ ယင်းပုဒ်မတစ်ခုချင်းကလည်း ဥပဒေတစ်ခုလုံးတွင်ပါသည့် အချက်အလက်များနှင့် လိုက်လျောညီထွေ ရှိ/မရှိ ဆိုသည်ကို ကြည့်ရှုရပါကြောင်း၊ ထို့ပြင် ဥပဒေတစ်ခုသည် အခြားဥပဒေများနှင့် မည်မျှညီညွတ်ဆီလျော်မှုရှိသလဲဆိုသည်ကို အပြန်အလှန်လေ့လာရပါကြောင်း၊ ဥပဒေပြုရာတွင် Spirit of Law ဟုဆိုသည့် ဥပဒေအနှစ်သာရကို ကြည့်ရသကဲ့သို့ Letter of Law ဟုဆိုသည့် ဥပဒေဝေါဟာရကိုလည်း ကြည့်ရပါကြောင်း၊ ဥပဒေ၏အနှစ်သာရကို ဦးစားပေးလွန်းသည့်အခါတွင် ဥပဒေ၏ ဝေါဟာရ ပျောက်တတ်သကဲ့သို့ ဥပဒေ၏ဝေါဟာရကို ဦးစားပေးလွန်းပါကလည်း ဥပဒေ၏အနှစ်သာရ ကွယ်ပျောက်တတ်ပါကြောင်း၊ ယင်းတို့ကိုလည်း အထူးဂရုစိုက်စေလိုပါကြောင်း။

ထို့ပြင် ဥပဒေတစ်ခုကိုပြုပါက ယင်းဥပဒေ၏နောက်ကြောင်း အခြေခံအချက်အလက် သမိုင်းကြောင်းများကို သိရှိရန်လိုအပ်ပါကြောင်း၊ နောက်ကြောင်း အခြေခံအချက်အလက်သမိုင်းကြောင်းများကို သိမှသာ ဥပဒေတစ်ခုကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့အရေးကြီးသည့် ဥပဒေပြုရေးမဏ္ဍိုင်က နိုင်ငံတော်၏မူဝါဒများကိုလည်း ဥပဒေအဖြစ် ရေးဆွဲပေးရပါကြောင်း။

မေးခွန်းများ၊ အဆိုများ ဥပဒေပြုသည့်အခါများတွင် ကိုယ်စားလှယ်အားလုံးက ဆွေးနွေးရခြင်း၊ ညှိနှိုင်းရခြင်းများရှိပါကြောင်း၊ ထိုသို့ ဆွေးနွေးညှိနှိုင်းသည့် အခါတွင်လည်း ဥပဒေပြုရေးမဏ္ဍိုင်နှင့် လိုက်လျောညီထွေသည့် အသုံးအနှုန်း၊ အပြောအဆိုများဖြစ်ရန် လိုအပ်ပါကြောင်း၊ ယင်းသည် မိမိ၏ ဂုဏ်သိက္ခာနှင့် ဆိုင်သကဲ့သို့ မိမိအဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့်လည်းဆိုင်ပါကြောင်း၊ ထိုသို့ ဆွေးနွေးကြသည့်အခါတွင်လည်း တစ်ဦးနှင့်တစ်ဦး အပြုသဘောအမြင်နှင့် ဆွေးနွေးကြစေလိုပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးအတွက် အပြုသဘောဆောင် ဆွေးနွေးကြပါက အောင်မြင်မှုရနိုင်မည်ဖြစ်ပါကြောင်း။

မိမိ၏အတ္တကို ဦးတည်ပြီး ဆွေးနွေးမည်ဆိုပါက အပြုသဘောမဆောင်ဘဲ အောင်မြင်မှုလည်း ရနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် အပြုသဘောနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ယင်းသည် ဒီမိုကရေစီ၏ မဏ္ဍိုင်ကြီး(၁၂)ရပ်တွင် ပါဝင်သည့်သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းဆိုသည့် အချက်များနှင့် အကျုံးဝင်ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ သဘောထားကြီး၊ သည်းခံပြီး စေ့စပ်ညှိနှိုင်းအဖြေရှာရမည်ဖြစ်ပါကြောင်း၊ ထို့နောက်တွင် အများ၏ဆုံးဖြတ်ချက်ကို လိုက်နာရသကဲ့သို့ အနည်းစု၏ သဘောထားကိုလည်း အလေးထားကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဒီမိုကရေစီကျင့်စဉ်ကို မြတ်နိုးတန်ဖိုးထားပြီး အမှန်တကယ် ကျင့်သုံးနိုင်မှသာလျှင် မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

ဝိုင်းဝန်းတည်ဆောက်

ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် မိမိတို့ကိုယ်တိုင် မည်မျှပြုပြင်ပြောင်းလဲနိုင်ပြီဆိုသည့် စံချိန်လည်းလိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် မိမိတို့မည်မျှပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသည်ဆိုသည့် အပေါ်တွင် မူတည်နေပါကြောင်း၊ မိမိတို့အားလုံးသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အားလုံးကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲပြီး ဒီမိုကရေစီကျင့်စဉ်ကို မှန်မှန်ကန်ကန်ကျင့်သုံး၍ ဒီမိုကရေစီ၏မဏ္ဍိုင်ဖြစ်သည့် သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းများဖြင့် နိုင်ငံတော်က သန္ဓိဌာန်ချထားသည့်၊ နိုင်ငံသူ နိုင်ငံသားများကလည်း နှစ်ရှည်လများ လိုလားတောင့်တပြီး အာသာဆန္ဒပြင်းပြနေသည့် ဒီမိုကရေစီနိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။ **သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်
နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားစဉ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း
နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကနေဒါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး မစ္စတာ ဖရန့်ဆွာလက်ဖရက်နီးရဲခ်နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးမေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဝန်ထမ်းဝန်ဆောင်မှုများ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကိစ္စနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည် ဖော်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် အပါအဝင် ပဋ္ဌိပက္ခဖြစ်ပွားရာ ဒေသများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရ၊ ကြက်ခြေနီလှုပ်ရှားမှုအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာ ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာအား အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် မဟာဗျူဟာပါ ပြဋ္ဌာန်းချက်များနှင့်အညီ စခန်းများ ပိတ်သိမ်းနိုင်ရေးနှင့် ပြန်လည်နေရာချထားရေးကို စနစ်တကျဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ကလေးသူငယ်များ၏ အခွင့်အရေးများ ဖော်ဆောင်ရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဖော်ဆောင်ရေး စသည့်နယ်ပယ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိရာ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များတွင် ကနေဒါနိုင်ငံမှ ဖွံ့ဖြိုးတိုးတက်မှု အေဂျင်စီများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



❖ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Football for schools program ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ဘောလုံးကန်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သုဝဏ္ဏမြက်ခင်းတုကွင်း၌ လာရောက်ဘောလုံးကစားနေကြသည့် ကျောင်းသား ကျောင်းသူလေးများနှင့် မသန်စွမ်းအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး Football for schools ဆိုင်းဘုတ်ရှေ့တွင် ကျောင်းသား ကျောင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အလိုက် ဘောလုံးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြခန်းများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက Football for schools program ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဘောလုံးပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် Life & Dance အဖွဲ့၏ သရုပ်ပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး Football for nation video clip ပြသမှုကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က Football for schools program အကြောင်းရှင်းလင်းပြောကြားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖောင်ဒေးရှင်း) CEO Mr. Youri Ram Djaorkaeff က အမှာစကားပြောကြားကာ American Got Talent ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံမှ Junior Creative အဖွဲ့က Shadow Dance ဖြင့် တင်ဆက်ကပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် "ဧည့်သည်တော်များအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မတို့အားလုံး ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံရဲ့ ကျောင်းတွေမှာ ဘောလုံးကစားမှု တိုးတက်ရုံတင်မက ကျောင်းသားများရဲ့စိတ်ဓာတ်တိုးတက်ရေးအတွက် ဝန်းရံတယ်လို့ ကျွန်မယူဆပါတယ်။ ပညာသင်တယ်ဆိုတာ အတန်းထဲမှာ စာကျက်ရုံနဲ့ မပြီးပါဘူး။ လူတစ်ဦးတစ်ယောက်ကို၊ လူတိုင်းလူတိုင်းကို ပိုပြီးပြည့်စုံတဲ့ လူသားတစ်ယောက်ဖြစ်လာအောင် ဖန်တီးဖို့ဖြစ်ပါတယ်။ ပြီးပြည့်စုံတဲ့လူသားတစ်ယောက်ဖြစ်လာအောင် ဖန်တီးဖို့ဆိုတာ စာကျက်ရုံနဲ့လည်း မပြီးသေးဘူး။ အားကစားကလည်း အင်မတန်အရေးကြီးပါတယ်။ အားကစားအမျိုးမျိုးရှိတဲ့ အထဲမှာ ကျွန်မတို့နိုင်ငံမှာ အများအင်မတန်မှနှစ်သက်တဲ့ အားကစားနည်းကတော့ ဘောလုံးပဲဆိုတာ အားလုံးသိပြီးသားဖြစ်ပါတယ်။ ဒီလိုအားကစားကို ဘာဖြစ်လို့ ကျွန်မတို့က အားပေးသလဲဆိုတော့ အားကစားဆိုတာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်ဖက်စလုံးနဲ့ဆိုင်ပါတယ်။ အထူးသဖြင့် ဘောလုံးကစားတယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာလည်းဆိုင်တယ်၊ စိတ်ပိုင်းဆိုင်ရာလည်း ဆိုင်တယ်။ ပူးပေါင်းဆောင်ရွက်ခြင်းအတွက်လည်း အင်မတန်မှအရေးကြီးပါတယ်။ ဘောလုံးအသင်းတစ်သင်းဟာ အောင်မြင်ဖို့ဆိုရင် အားလုံးက ပူးပေါင်းဆောင်ရွက်မှုရှိရမယ်။ တစ်ယောက်ချင်းတစ်ယောက်ချင်းရဲ့ အင်အားတွေကို လေးစားရမယ်။ ငါတစ်ယောက်တည်းတော်တယ်ဆိုတဲ့စိတ်ဓာတ်နဲ့ လုပ်လို့မရဘူး။ အဲဒါကြောင့် ကျွန်မတို့က ဘောလုံးကစားနည်းကိုလည်း အားပေးတယ်၊ ဒီကနေတစ်ဆင့် လူငယ်များရဲ့ စိတ်ဓာတ်အင်အားတက်ခြင်းကို ဖန်တီးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

စိတ်ဓာတ်ကို မြှင့်တင်ပေး

ဦးဇော်ဇော်ပြောသွားတဲ့ ဘယ်လိုနည်းတွေနဲ့ ကလေးတွေရဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးဖို့ကြိုးစားတယ်ဆိုတာ video clip ထဲမှာလည်း ပြသွားပါတယ်။ ဥပမာ ဂိမ်းအလွန်အကျွံကစားတာမဖြစ်စေဖို့၊ မူးယစ်ဆေးဝါး၊ ဆေးလိပ်သောက်ခြင်းစတဲ့ မသင့်တော်တဲ့ အလေ့အကျင့်တွေကနေ ဖယ်ခွာသွားဖို့ အားကစားဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာပြသွားပါတယ်။ ကျွန်မတို့ကျောင်းတွေမှာဆိုရင်လည်း အားကစားနည်းအမျိုးမျိုးရှိတဲ့အထဲမှာ တော်တော်များများကြိုက်တာကတော့ ဘောလုံးပါပဲ။ အကြိုက်ဆုံးက ဘောလုံးဆိုရင်တော့ မှားမယ်လို့မထင်ပါဘူး။ ဒါဟာ ယောက်ျားလေးတွေတင်မဟုတ်ပါဘူး။ မိန်းကလေးတွေလည်းပါတယ်။ ကျွန်မတို့ရဲ့ မိန်းကလေးတွေကလည်း ဘောလုံးကစားတဲ့နေရာမှာ တော်တယ်ဆိုတာကို ကျွန်မ အင်မတန်မှ ဂုဏ်ယူပါတယ်။ နိုင်ငံတကာကနေလာပြီး ကျွန်မတို့နိုင်ငံရဲ့ ဘောလုံးကစားနည်း၊ ဘောလုံးအသင်းများ၊ ဘောလုံးအသင်းဝင်များ အရည်အသွေးမြှင့်တင်ဖို့ ကူညီနေတဲ့ ပုဂ္ဂိုလ်အချို့နဲ့ ခဏလေးပဲစကားပြောဖြစ်ပါတယ်။ ကျွန်မမေးပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဘောလုံးသမားတွေရဲ့အားသာချက်က ဘာလဲ၊ အားနည်းချက်ကဘာလဲဆိုပြီး မေးပါတယ်။ အားနည်းချက်ကဘာလဲဆိုတော့ ရေရှည်ခံနိုင်ရည်မရှိခြင်းလို့ ပြောပါတယ်။ ဒါလည်း ကျွန်မတို့သိပြီးသားပါ။ ဒါလည်း ဦးဇော်ဇော်နဲ့ မကြာခဏဆွေးနွေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ကလေးတွေဟာ ငယ်ငယ်ကတည်းကနေပြီးတော့ အာဟာရပြည့်ဝစွာ မစားသောက်ခဲ့ရတဲ့အတွက် အသက်ကြီးလာတဲ့အခါမှာ ၁၂ နှစ်ကျော်မှာ ဘယ်လိုပဲကျွေးကျွေး မွေးကတည်းက အာဟာရပြည့်ဝစွာစားခဲ့ရတဲ့ ကလေးတွေနဲ့ ခံနိုင်ရည်၊ ရေရှည်အကြမ်းခံနိုင်တာ၊ အမောခံနိုင်တဲ့နေရာမှာ မတူဘူးဖြစ်နေတာ။ ကျွန်မတို့ရဲ့ကလေးတွေက အားနည်းနေတယ်ဆိုတာ တွေ့ရပါတယ်။

အားသာချက်က စိတ်ဓာတ်

နောက်ထပ်အခြားဘာအားနည်းချက်ရှိသလဲဆိုတော့ နည်းပြတွေများများလိုတယ်တဲ့။ နည်းပြများများလိုတယ်ဆိုတာတော့ ကျွန်မတို့သင်ပေးလို့ရပါတယ်။ ဒါပေမယ့် ဒီလိုခံနိုင်ရည်မှာ ငယ်ငယ်ကတည်းက အာဟာရမပြည့်ဝလို့ အားနည်းနေတဲ့ ကျွန်မတို့ကလေးတွေအတွက် ဘယ်လိုလုပ်ပေးမလဲဆိုတာ ကျွန်မစဉ်းစားတဲ့အခါ ကျွန်မကို နည်းပြက ဘယ်လိုပြောသလဲဆိုတော့ နည်းပြသင်တန်းပေးနေတဲ့ဆရာက ကလေးတွေရဲ့အားသာချက်က ဘာလဲဆိုတော့ စိတ်ဓာတ်ပဲတဲ့။ အဲဒီတော့ ကျွန်မတို့ဟာ တစ်ဖက်မှာ အားနည်းရင် တစ်ဖက်မှာပိုပြီးတော့အားဖြည့်ပြီး လုပ်ရလိမ့်မယ်။ စိတ်ဓာတ်နဲ့ပတ်သက်လို့လည်း ကျွန်မလည်းဆွေးနွေးဖြစ်ပါတယ်။ ဘာကို ကျွန်မသွားသတိရသလဲဆိုတော့ တစ်ချိန်တစ်ခါတုန်းက အိုလံပစ်ပွဲတော်မှာ ရွှေတံဆိပ်ရဖူးတဲ့ အပြေးသမားတစ်ယောက်ကို မီဒီယာက သတင်းထောက်တစ်ယောက်ကမေးတယ်၊ "ခင်ဗျားက ဘာအတွက်နာမည်ကြီးသလဲဆိုတော့ ပန်းတိုင်မရောက်ခင်မှာ တခြားသူတွေ မောနေတဲ့အချိန်မှာ ခင်ဗျားက အားတွေထုတ်ပြီး မြန်မြန်ပြေးနိုင်တယ်။ ကျွန်တော်တို့နားလည်တာကတော့ ဒီလောက်ပန်းတိုင်ရောက်ခါနီးအချိန်မှာဆိုရင် အင်မတန်မှ အဆုတ်ကအလုပ်လုပ်ရတဲ့အတွက် နာကျင်လာတယ်၊ ဒီနာကျင်တာကို မနာကျင်အောင် ခင်ဗျားဘယ်လိုလေ့ကျင့်သလဲ"ဆိုတော့ သူက ဘယ်လိုပြောသလဲဆိုတော့ "မနာကျင်အောင် လေ့ကျင့်လို့မရဘူး၊ အနာကိုခံနိုင်အောင်လို့ပဲ လေ့ကျင့်ရမယ်တဲ့" ကျွန်မတို့လည်း ဒီလိုပဲစဉ်းစားရမှာပဲ။ ကျွန်မတို့ရဲ့ကလေးတွေကို လေ့ကျင့်ပေးရမယ်၊ ငယ်ငယ်ကတည်းက အာဟာရမပြည့်ဝတဲ့ကလေးတွေကို ပြည့်စေဆိုပြီး ကျွန်မတို့လုပ်လို့မရတော့ဘူး။ တတ်နိုင်သလောက် အခုကနေစပြီး အာဟာရပြည့်ဝအောင် ကျွေးမွေးမယ်၊ ပြုစုပျိုးထောင်မယ်။ သို့သော်လည်း စိတ်ဓာတ်ကို ပြုစုပျိုးထောင်ဖို့ဟာ အင်မတန်မှအရေးကြီးပါတယ်။

အဲဒါနဲ့ပတ်သက်လို့ ကျွန်မတို့ လူကြီးတွေ၊ မိဘတွေ၊ ဆရာတွေအားလုံးက ဝိုင်းဝန်းပြီး ကူညီစေချင်ပါတယ်။ တချို့မိဘတွေက အားကစားရဲ့တန်ဖိုးကို မသိကြပါဘူး။ ကျောင်းသွားတာ စာသင်ဖို့သွားတာ၊ ဆော့ဖို့သွားတာမဟုတ်ဘူးဆိုပြီး အယူအဆရှိတဲ့မိဘတွေလည်း ရှိပါတယ်။ အဲဒီလိုအမြင်တွေကို ကျွန်မတို့ ပြောင်းဖို့လိုပါတယ်။ ကျောင်းသွားတယ်ဆိုတာ လူတစ်ယောက်ဟာ ပြီးပြည့်စုံတဲ့ လူတစ်ယောက်ဖြစ်လာဖို့အတွက် သွားတာပဲ၊ ပညာဆိုတာ ဒါပဲ၊ လူတစ်ယောက်ကို၊ ကလေးတစ်ယောက်ကို ပြီးပြည့်စုံတဲ့ လူသားတစ်ယောက်ဖြစ်လာအောင် အဘက်ဘက်ကနေပြီးတော့ ဖွံ့ဖြိုးအောင်၊ တိုးတက်အောင်၊ အဘက်ဘက်ကနေပြီးတော့ ကိုယ်မွေးလာတဲ့ ကမ္ဘာကြီးမှာ အကျိုးပြုနိုင်တဲ့ လူသားတစ်ယောက်ဖြစ်လာအောင် ကျွန်မတို့လုပ်တာဆိုတော့ အားကစားနည်းကလည်း ကျွန်မတို့အတွက် အင်မတန်မှတန်ဖိုးရှိတဲ့ ကလေးတွေကို ပြုစုပျိုးထောင်မယ့်လက်နက်တစ်ခုလို့ပြောရင် မမှားပါဘူး။ ဒီပွဲဖြစ်မြောက်အောင် ကျွန်မတို့ရဲ့ ကျောင်းတွေအတွက် ဘောလုံးဆိုတဲ့ Football for schools program ဆိုတဲ့ အစီအစဉ်ဖြစ်မြောက်အောင်လုပ်ပေးတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကမ္ဘာ့ဘောလုံးအသင်း၊ ကျွန်မတို့အာရှဘောလုံးအသင်း၊ အာဆီယံဘောလုံးအသင်း ဘောလုံးအဖွဲ့ချုပ်တွေကိုကျေးဇူးတင်တယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ မြန်မာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီလိုအားလုံးဝိုင်းဝန်းပြီး ကူညီလို့ ကျွန်မတို့ ဒီအခမ်းအနားဖြစ်လာတာပါ။ ကျွန်မအထူးကျေးဇူးတင်ရမှာတော့ ကျွန်မတို့ FIFA က လူတွေဖြစ်ပါတယ်။ ဘာဖြစ်လို့အထူးကျေးဇူးတင်ရမှာလဲဆိုတော့ ကျွန်မနဲ့ ဘန်ကောက်မှာတွေ့တုန်းက ကတိပေးခဲ့ပါတယ်။

စာမျက်နှာ ၅ သို့ ❖

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Football for schools program ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သုဝဏ္ဏမြက်ခင်းတုကွင်း၌ လာရောက်ဘောလုံးကစားနေကြသည့် ကျောင်းသား ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

❖ စာမျက်နှာ ၄ မှ

ဒီကိုလာခဲ့ပြီးတော့ မြန်မာနိုင်ငံဟာ ပထမဦးဆုံးကျောင်းတွေအတွက် ဘောလုံးအစီအစဉ်လုပ်တဲ့နိုင်ငံ ဖြစ်စေရမယ်ဆိုတော့ ကတိအတိုင်းပဲ။ တစ်လတော့ နောက်ကျသွားတယ်။ တစ်လလောက်ကတော့ ကျွန်မခွင့်လွှတ်ပါတယ်။ အဲဒီတော့ တစ်လလောက်နောက်ကျသွားပေမယ့် ကျေးဇူးတင်တယ်ဆိုတာ ပထမဦးဆုံးအားဖြင့် ကျွန်မဘာကို တန်ဖိုးထားလဲဆိုတော့ ကတိတည်ခြင်းကို တန်ဖိုးထားတယ်။ ကတိတည်ခြင်းဆိုတာ လူသားနှစ်ယောက်ကြားထဲမှာ ယုံကြည်မှုတည်ဆောက်တာပဲ။ ကတိတည်ခြင်းဆိုတာ ကတိပြုတဲ့သူနဲ့ ကတိပြုတာကိုလက်ခံတဲ့သူအကြားမှာ ယုံကြည်မှုတည်ဆောက်တာပါ။ ကျွန်မတို့ ဘယ်အရာမှာပဲ ဖြစ်ဖြစ်၊ ဘယ်လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ဘာအလုပ်ပဲဖြစ်ဖြစ် အောင်မြင်ချင်ရင် ပထမဦးဆုံးအနေနဲ့ အတူတူလုပ်နေတဲ့သူတွေကြားထဲမှာ ယုံကြည်မှုရှိဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မကနေပြီး ကျေးဇူးတင်တယ်လို့ ပြောတာပါ။

အချိန်ပေးဖို့ကြိုးစား

ဒုတိယကတော့ တကယ်ပဲလာခဲ့တာတင်မကဘူး။ ဒီမှာလာတဲ့အခါမှာ ဖြစ်မြောက်အောင် အတတ်နိုင်ဆုံးလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့လည်း ဆက်ပြီးတော့ ကျွန်မတို့ရဲ့ကျောင်းတွေအတွက် ဘောလုံးဆိုတဲ့ အစီအစဉ်ဟာ အောင်မြင်မယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မကို နည်းပြဆရာတစ်ယောက်ကပြောပါတယ်။ ပြဿနာတစ်ခုက အချိန်မလုံလောက်ဘူးတဲ့။ ကျောင်းကကလေးတွေကို ဘောလုံးလေ့ကျင့်ပေးဖို့ အချိန်မလောက်ဘူးဆိုတော့ ကျွန်မတို့မှာ တစ်ဖက်ကလည်း ကျောင်းသား ကျောင်းသူများဟာ မိမိတို့ရဲ့ သင်ရိုးညွှန်းတမ်းပြီးအောင်လို့ သင်နိုင်ဖို့ဆိုတာလည်း ကျွန်မတို့ကကြိုးစားရတယ်။ တစ်ဖက်မှာလည်း တခြားကိစ္စတွေဖြစ်တဲ့ ကလေးတွေရဲ့ အကျင့်စာရိတ္တအတွက်၊ ကလေးတွေရဲ့ စိတ်ဓာတ်အတွက် လိုအပ်တဲ့ကိစ္စတွေအတွက်လည်း ကျွန်မတို့အချိန်ပေးဖို့ကြိုးစားရတယ်။ ဒီဟာကိုတော့ ကျွန်မ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆွေးနွေးပြီးတော့ ဖြစ်အောင်လုပ်ပါမယ်လို့ ကျွန်မပြောလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်အောင်လုပ်ရမယ့်ကိစ္စပါ။ ကျောင်းတိုင်းကျောင်းတိုင်းက မလုပ်နိုင်ရင်တောင်မှ ပထမဦးစွာ တချို့ကျောင်းတွေကို အစမ်းသဘောနဲ့လုပ်ပြီးတော့ ဘယ်လောက်အထိ ကျွန်မတို့ အောင်မြင်မှုရနိုင်လဲဆိုတာကို ကြိုးစားရမှာ ဖြစ်ပါတယ်။

ပြုစုပျိုးထောင်နိုင်

ဘောလုံးကစားခြင်းဟာ စောစောကပြောသွားတဲ့ အကြောင်းတွေထက်ပိုပြီးတော့ ကျွန်မတို့နိုင်ငံအတွက် ဘာဖြစ်လို့အရေးကြီးလဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ပြောတဲ့ ဘာသာစကားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု ဖြစ်ပါတယ်။ ဒီလိုပေါင်းစုံဖွဲ့ထားတဲ့နိုင်ငံမို့လို့ ကျွန်မတို့ အချင်းချင်း နားလည်မှုရှိဖို့၊ ကျွန်မတို့အချင်းချင်း ခွဲခြားဆက်ဆံတဲ့စိတ်ဓာတ်တွေမရှိဖို့ ဒါအင်မတန်အရေးကြီးပါတယ်။ ဘောလုံးကစားခြင်းအားဖြင့် ဒီလိုစုပေါင်းပြီး ညီညွတ်တဲ့စိတ်ဓာတ်တွေကို ပြုစုပျိုးထောင်နိုင်ပါတယ်။ ဘောလုံးကွင်းမှာဆိုရင် ဘောလုံးတော်တဲ့သူကို ဘောလုံးတော်တဲ့သူလို့မြင်တာပဲ။ သူက ဘာလူမျိုး၊ ဘာဘာသာစကားပြောတယ်၊ ဘာဘာသာကိုးကွယ်တယ် ဆိုတာ ဒီလိုမမြင်ကြပါဘူး။ နောက်ပြီးတော့ လူတိုင်းလူတိုင်းမှာ သူ့ရဲ့အားရှိတယ်။ သူရဲ့အားနည်းချက် အားသာချက်ရှိတယ်ဆိုတာလည်း မြင်လာကြတယ်။ လူတိုင်းလူတိုင်းဟာ သူ့အားနည်းချက်ရှိတယ်၊ သူ့အားသာချက်ရှိတယ်ဆိုတာ ငယ်ငယ်ကတည်းက သိလာတဲ့အခါကျရင် တခြားသူတွေကိုလည်း ပိုပြီးတော့တန်ဖိုးထားတတ်တယ်။ ပိုပြီးတော့ လေးစားတတ်တယ်။ ငါတစ်ယောက်တည်းတော်တယ်ဆိုတဲ့ စိတ်ဓာတ်တွေလည်းမရှိဘူး။ ဘယ်လောက်ပဲ ရှေ့တန်းမှာတော်တော် ဂိုးမှာသွားစောင့်ရင်တော့ အဆင်မပြေဘူးဆိုတာသိသွားရင် ကိုယ့်မှာအားသာချက်ရှိသလို အားနည်းချက်ရှိတယ်ဆိုတာကိုလည်း လက်ခံလာတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ စုဖွဲ့ထားတဲ့ ပြည်ထောင်စုကြီးမှာ စိတ်ဓာတ်အားဖြင့် မြှင့်တင်ပေးမယ့် ဒီလိုကစားနည်းဟာ အင်မတန်မှအရေးကြီးပါတယ်။

ဒီကစားနည်းတွေဟာ စိတ်ဓာတ်အားဖြင့် မြှင့်တင်ပေးမယ်ဆိုတာဟာ ကစားသမားတွေအတွက်တင်မဟုတ်ပါဘူး။ ဦးဇော်ဇော်ပြောသွားတဲ့အထဲမှာ ပရိသတ်နဲ့လည်း ဆိုင်ပါတယ်။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ သိက္ခာရှိရှိနဲ့ လက်ခံနိုင်ရမယ်။ ကျွန်မအမြဲပဲပြောတယ်။ နိုင်တယ်ဆိုရင် ကိုယ့်စိတ်ကိုနှိမ့်ချပြီး အိန္ဒြေရရနိုင်ရမယ်။ ရှုံးတယ်ဆိုရင် သတ္တိရှိရှိနဲ့ ခံနိုင်ရည်နဲ့ ရှုံးရမယ်။ ဒါရင်ဆိုင်နိုင်ရမယ်။ အရှုံးအနိုင်ကို မှန်မှန်ကန်ကန်ရင်မဆိုင်နိုင်ရင် ကျွန်မတို့ဘဝမှာ တိုးတက်မှုရှိနိုင်မှာ မဟုတ်ဘူး။ ရှုံးရင်လည်း တစ်ခါတည်း ဟိုဘက်ကိုဆော်မယ်ဆိုတဲ့စိတ်၊ နိုင်ရင်တော့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ယုံကြည်မှုတည်ဆောက်တာပါ။ ကျွန်မတို့ ဘယ်အရာမှာပဲ ဖြစ်ဖြစ်၊ ဘယ်လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ဘာအလုပ်ပဲဖြစ်ဖြစ် အောင်မြင်ချင်ရင် ပထမဦးဆုံးအနေနဲ့ အတူတူလုပ်နေတဲ့သူတွေကြားထဲမှာ ယုံကြည်မှုရှိဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မကနေပြီး ကျေးဇူးတင်တယ်လို့ ပြောတာပါ။

အချိန်ပေးဖို့ကြိုးစား

ဒုတိယကတော့ တကယ်ပဲလာခဲ့တာတင်မကဘူး။ ဒီမှာလာတဲ့အခါမှာ ဖြစ်မြောက်အောင် အတတ်နိုင်ဆုံးလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့လည်း ဆက်ပြီးတော့ ကျွန်မတို့ရဲ့ကျောင်းတွေအတွက် ဘောလုံးဆိုတဲ့ အစီအစဉ်ဟာ အောင်မြင်မယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မကို နည်းပြဆရာတစ်ယောက်ကပြောပါတယ်။ ပြဿနာတစ်ခုက အချိန်မလုံလောက်ဘူးတဲ့။ ကျောင်းကကလေးတွေကို ဘောလုံးလေ့ကျင့်ပေးဖို့ အချိန်မလောက်ဘူးဆိုတော့ ကျွန်မတို့မှာ တစ်ဖက်ကလည်း ကျောင်းသား ကျောင်းသူများဟာ မိမိတို့ရဲ့ သင်ရိုးညွှန်းတမ်းပြီးအောင်လို့ သင်နိုင်ဖို့ဆိုတာလည်း ကျွန်မတို့ကကြိုးစားရတယ်။ တစ်ဖက်မှာလည်း တခြားကိစ္စတွေဖြစ်တဲ့ ကလေးတွေရဲ့ အကျင့်စာရိတ္တအတွက်၊ ကလေးတွေရဲ့ စိတ်ဓာတ်အတွက် လိုအပ်တဲ့ကိစ္စတွေအတွက်လည်း ကျွန်မတို့အချိန်ပေးဖို့ကြိုးစားရတယ်။ ဒီဟာကိုတော့ ကျွန်မ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆွေးနွေးပြီးတော့ ဖြစ်အောင်လုပ်ပါမယ်လို့ ကျွန်မပြောလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်အောင်လုပ်ရမယ့်ကိစ္စပါ။ ကျောင်းတိုင်းကျောင်းတိုင်းက မလုပ်နိုင်ရင်တောင်မှ ပထမဦးစွာ တချို့ကျောင်းတွေကို အစမ်းသဘောနဲ့လုပ်ပြီးတော့ ဘယ်လောက်အထိ ကျွန်မတို့ အောင်မြင်မှုရနိုင်လဲဆိုတာကို ကြိုးစားရမှာ ဖြစ်ပါတယ်။

ပြုစုပျိုးထောင်နိုင်

ဘောလုံးကစားခြင်းဟာ စောစောကပြောသွားတဲ့ အကြောင်းတွေထက်ပိုပြီးတော့ ကျွန်မတို့နိုင်ငံအတွက် ဘာဖြစ်လို့အရေးကြီးလဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ပြောတဲ့ ဘာသာစကားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု ဖြစ်ပါတယ်။ ဒီလိုပေါင်းစုံဖွဲ့ထားတဲ့နိုင်ငံမို့လို့ ကျွန်မတို့ အချင်းချင်း နားလည်မှုရှိဖို့၊ ကျွန်မတို့အချင်းချင်း ခွဲခြားဆက်ဆံတဲ့စိတ်ဓာတ်တွေမရှိဖို့ ဒါအင်မတန်အရေးကြီးပါတယ်။ ဘောလုံးကစားခြင်းအားဖြင့် ဒီလိုစုပေါင်းပြီး ညီညွတ်တဲ့စိတ်ဓာတ်တွေကို ပြုစုပျိုးထောင်နိုင်ပါတယ်။ ဘောလုံးကွင်းမှာဆိုရင် ဘောလုံးတော်တဲ့သူကို ဘောလုံးတော်တဲ့သူလို့မြင်တာပဲ။ သူက ဘာလူမျိုး၊ ဘာဘာသာစကားပြောတယ်၊ ဘာဘာသာကိုးကွယ်တယ် ဆိုတာ ဒီလိုမမြင်ကြပါဘူး။ နောက်ပြီးတော့ လူတိုင်းလူတိုင်းမှာ သူ့ရဲ့အားရှိတယ်။ သူရဲ့အားနည်းချက် အားသာချက်ရှိတယ်ဆိုတာလည်း မြင်လာကြတယ်။ လူတိုင်းလူတိုင်းဟာ သူ့အားနည်းချက်ရှိတယ်၊ သူ့အားသာချက်ရှိတယ်ဆိုတာ ငယ်ငယ်ကတည်းက သိလာတဲ့အခါကျရင် တခြားသူတွေကိုလည်း ပိုပြီးတော့တန်ဖိုးထားတတ်တယ်။ ပိုပြီးတော့ လေးစားတတ်တယ်။ ငါတစ်ယောက်တည်းတော်တယ်ဆိုတဲ့ စိတ်ဓာတ်တွေလည်းမရှိဘူး။ ဘယ်လောက်ပဲ ရှေ့တန်းမှာတော်တော် ဂိုးမှာသွားစောင့်ရင်တော့ အဆင်မပြေဘူးဆိုတာသိသွားရင် ကိုယ့်မှာအားသာချက်ရှိသလို အားနည်းချက်ရှိတယ်ဆိုတာကိုလည်း လက်ခံလာတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ စုဖွဲ့ထားတဲ့ ပြည်ထောင်စုကြီးမှာ စိတ်ဓာတ်အားဖြင့် မြှင့်တင်ပေးမယ့် ဒီလိုကစားနည်းဟာ အင်မတန်မှအရေးကြီးပါတယ်။

ဒီကစားနည်းတွေဟာ စိတ်ဓာတ်အားဖြင့် မြှင့်တင်ပေးမယ်ဆိုတာဟာ ကစားသမားတွေအတွက်တင်မဟုတ်ပါဘူး။ ဦးဇော်ဇော်ပြောသွားတဲ့အထဲမှာ ပရိသတ်နဲ့လည်း ဆိုင်ပါတယ်။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ သိက္ခာရှိရှိနဲ့ လက်ခံနိုင်ရမယ်။ ကျွန်မအမြဲပဲပြောတယ်။ နိုင်တယ်ဆိုရင် ကိုယ့်စိတ်ကိုနှိမ့်ချပြီး အိန္ဒြေရရနိုင်ရမယ်။ ရှုံးတယ်ဆိုရင် သတ္တိရှိရှိနဲ့ ခံနိုင်ရည်နဲ့ ရှုံးရမယ်။ ဒါရင်ဆိုင်နိုင်ရမယ်။ အရှုံးအနိုင်ကို မှန်မှန်ကန်ကန်ရင်မဆိုင်နိုင်ရင် ကျွန်မတို့ဘဝမှာ တိုးတက်မှုရှိနိုင်မှာ မဟုတ်ဘူး။ ရှုံးရင်လည်း တစ်ခါတည်း ဟိုဘက်ကိုဆော်မယ်ဆိုတဲ့စိတ်၊ နိုင်ရင်တော့ လက်သီးလက်မောင်းတန်းပြီး ကျောချင်တဲ့စိတ် အဲဒါတွေက ကောင်းတဲ့စိတ်ဓာတ်တွေ မဟုတ်ပါဘူး။ အဲဒီတော့ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ ကစားသမားတွေကိုယ်တိုင်တင် မဟုတ်ဘူး။ ပရိသတ်တွေကလည်း ဒီလိုတန်ဖိုးထားပြီး ဒီလိုမြင့်မားတဲ့စိတ်ဓာတ်တွေကို မွေးမြူဖို့လိုပါတယ်။

စိတ်ထားမြင့်မြင့်ထား

ကျွန်မတို့နိုင်ငံမှာ ဘောလုံးပွဲတွေ အများကြီးကျင်းပခြင်းအားဖြင့် ဘောလုံးပွဲတွေက ပရိသတ်တွေကလည်း ဘယ်လိုစိတ်ထားမြင့်မြင့်ထားပြီးတော့ နေရမယ်ဆိုတာကို သိလာလိမ့်မယ်။ တတ်လာလိမ့်မယ်။ ကျွန်မတို့နိုင်ငံအတွက် အင်အားတွေဖြစ်လာလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် ကျောင်းတွေအတွက် ဘောလုံးအစီအစဉ်ကို တတ်နိုင်သမျှ ကျွန်မတို့အစိုးရအဖွဲ့ကနေပြီးတော့ ကူညီပံ့ပိုးပေးပါ့မယ်။ အောင်မြင်အောင်လို့ အားလုံးပိုင်းပြီး ကြိုးစားပေးပါ။ ကျွန်မတို့ရဲ့ အားကစားသမားတွေတင်မက၊ ကျွန်မတို့ကျောင်းက ဆရာ ဆရာမတွေတင်မက၊ မိဘတွေ၊ ကျောင်းသားမိဘတွေမဟုတ်တဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သား ရပ်မိရပ်ဖများအားလုံး ပိုင်းဝန်းပြီးတော့ ကူညီပေးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖောင်ဒေးရှင်း) CEO Mr. Youri Ram Djaorkaeff၊ အာရှဘောလုံးအဖွဲ့ချုပ် မီဒီယာ အကြီးအကဲ Mr. Colin Raymond Gibson ၊ အာဆီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Major General Khiev Sameth တို့နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် အခြေခံပညာကျောင်းများတွင် အသုံးပြုနိုင်ရန် ဘောလုံးအလုံးရေ ၁၀၀၀၀ အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပေးအပ်လှူဒါန်းသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် Football for schools program သည် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများတွင် ဘောလုံးအားကစားကို ပိုမိုတွင်ကျယ်စွာ လိုက်ပါကစားနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✪ မကွေးမှ

ဇွဲကပင်အသင်းသည် လေးပွဲဆက်နိုင်ပွဲပျောက်ခဲ့၍ လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

သရေရလဒ်ဖြင့် အဆုံးသတ်

နှစ်သင်းစလုံး အမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း မိနစ် ၃၀ တွင် နိုင်ငံခြားသားတိုက်စစ်မှူး ယာစင် ဒဏ်ရာရပြီး လူစားလဲခဲ့ရသောကြောင့် ဇွဲကပင်အသင်း တိုက်စစ်အားပျော့ခဲ့ရသည်။ ဇွဲကပင်အသင်းသည် ယင်းနောက်ပိုင်းတွင် တိုက်စစ်က ဂိုးရရန်ခက်ခဲခဲ့ပြီး မကွေးအသင်းနောက်တန်းကို ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရသည်။ မကွေးအသင်းသည် ၁၅ မိနစ် နောက်ပိုင်းကတည်းက ဇွဲကပင်နောက်တန်းကို ဖိအားပေးနိုင်ခဲ့ပြီး အခွင့်အရေးများရသော်လည်း ဘားထိထွက်ခြင်း၊ အဆုံးသတ်အားနည်းခြင်းတို့ကြောင့် အဖွင့်ဂိုးနှင့် လွဲချော်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်ကာ ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ရရှိသည့်အခွင့်အရေးများ အသုံးမချနိုင်သောကြောင့် သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

ပွဲစဉ်(၄) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မန္တလာ သီရိကွင်း၌ အား/ကာသိပွဲအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တစ်မိနစ် ငြိမ်သက်မည်

ပြီးခဲ့သည့်ရက်ပိုင်းက စစ်တွေမြို့တွင် ဆိုင်ကယ်မတော်တဆဖြစ်ပေါ်ခဲ့သည့် ရခိုင်အသင်း ကွင်းလယ်ကစားသမား ဇော်သိန်းဝင်းသည် ဇန်နဝါရီ ၃၁ ရက် နံနက်အစောပိုင်းတွင် ကွယ်လွန်ခဲ့သည့်အတွက် ပွဲမစတင်မီ ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ခဲ့ပြီး ယခုတစ်ပတ်ကစားမည့် ပွဲအားလုံးတွင် ဝမ်းနည်းခြင်း တစ်မိနစ် ငြိမ်သက်မည်ဖြစ်သည်။

သတင်း – ရှိုင်းထက်ဇော်
ဓာတ်ပုံ – ဘုန်းသော်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

ဇီဝမျိုးစုံမျိုးကွဲရေရှည်တည်တံ့ဖို့ ရေဝပ်ဒေသများအား ထိန်းသိမ်းစို့

ဖြိုးသူဇာဝင်း(သဘာဝ)

ရေဝပ်ဒေသဆိုသည်မှာ "ဒီရေကျချိန်တွင် ခြောက်မီတာ ထက် ပိုမနက်သည့် အဏ္ဏဝါရေပြင်များအပါအဝင် ရေသေ သို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန် သို့မဟုတ် ဆားငန်ရေဖြစ်သော ယာယီသို့မဟုတ် အမြဲတမ်းဖြစ်သော သဘာဝ သို့မဟုတ် လူတို့မှပြုလုပ်သော ရွှံ့နွံမြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေ သို့မဟုတ် ရေပြင်ဧရိယာများ" ကို ဆိုသည်။ ထို့ကြောင့် ရေဝပ်ဒေသများသည် နေရာဒေသ အပေါ်လိုက်၍ ဖွဲ့စည်းပုံအမျိုးမျိုးဖြင့် တည်ရှိနိုင်ပြီး ရေဝပ်ဒေသများတွင် ကန်/အိုင်နှင့် မြစ်အားလုံး၊ ရေအောင်းလွှာများ၊ နွံပျောင်းနှင့် ရွှံ့မြေများ၊ စွတ်စိုသည့် မြက်ခင်းလွင်ပြင်များ၊ သစ်ဆွေးမြေများ၊ ပင်လယ်ဝမ်းများ နှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတန်းဒေသများ၊ သန္တာကျောက်တန်းများနှင့် လူတို့ဖန်တီးသည့် ငါး/ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ရေလှောင်ကန်များနှင့် ဆားတွင်းများကဲ့သို့ နေရာများ ပါဝင်ပါသည်။ ရေဝပ်ဒေသများသည် တွားသွား သတ္တဝါများ၊ ရေနေကုန်းနေသတ္တဝါများ၊ ရေပျော်ငှက်များ၊ နို့တိုက်သတ္တဝါများ စသဖြင့် ကမ္ဘာ့မျိုးစိတ်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်း ပေါက်ဖွားကျက်စားရာ နေရင်းဒေသဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ အတွင်း ကမ္ဘာ့ရေဝပ်ဒေသ များ၏ ၈၇ ရာခိုင်နှုန်းသည်ပျက်စီးဆုံးရှုံးသွားခဲ့ပြီ ဖြစ်သည်။

ငှက်မျိုးစိတ်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိသည့် ရေဝပ်ဒေသများကို ကမ္ဘာ့နိုင်ငံများမှ စုပေါင်း၍ ထိန်းသိမ်းကာကွယ်နိုင်ရန် ရမ်ဆာကွန်ဗင်းရှင်း ကို ၁၉۷၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့၌ စတင်ဖွဲ့စည်းခဲ့ပြီး ဖေဖော်ဝါရီလ ၂ ရက်နေ့ကိုအစွဲပြု၍ ကမ္ဘာ့ရေဝပ်ဒေသများနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ရမ်ဆာကွန်ဗင်းရှင်းတွင် အဖွဲ့ဝင် ၁၇၁ နိုင်ငံရှိပြီး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ အသီးသီးက နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာနှင့်တစ်ဝှမ်း ကျင်းပ လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်း သို့ ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ဝင်ရောက်ခဲ့ပါ သည်။ ထိုအချိန်မှစ၍ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ရမ်ဆာကွန်ဗင်းရှင်း အကောင်အထည်ဖော်ခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ရေဝပ်ဒေသများ အား ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာ အသုံးချခြင်းတို့ကို မြှင့်တင်နိုင်ရန် နိုင်ငံတကာအဆင့် အရေးပါသည့် ရမ်ဆာရေဝပ်ဒေသ အမည်စာရင်း အဆိုပြုသတ်မှတ်လျက်ရှိရာ မြန်မာနိုင်ငံ တွင် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၁၇-၁၁-၂၀၁၄)၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေး မဲ့တော (၂-၂-၂၀၁၆)၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော(၂-၂-၂၀၁၇)၊ အင်းလေးကန် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော (၁၀-၈-၂၀၁၈) နှင့် မုတ္တမပင်လယ် ကွေ့ဒေသ (တိုးချဲ့) (ပဲခူးတိုင်းဒေသကြီးအပိုင်းနှင့် မွန်ပြည်နယ်အပိုင်း) (၂-၂-၂၀၂၀) စသည်တို့အား နိုင်ငံတကာ အဆင့် အရေးပါသော ရမ်ဆာရေဝပ်ဒေသ ငါးနေရာအဖြစ် သတ်မှတ်ခြင်းခံထားရပြီး ဖြစ်ပါကြောင်း သတင်း ကောင်းပါးအပ်ပါသည်။ ဆက်လက်၍ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ နံ့သာကျွန်း နှင့် မေယုမြစ်ဝတို့ကို ရမ်ဆာ ရေဝပ်ဒေသအဖြစ် သတ်မှတ် ခံရရေး ရမ်ဆာအတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ် ဆောင်ရွက်လျက်ရှိပါသည်။

ရေဝပ်ဒေသများသည် အစားအစာ၊ ရေသယံဇာတ များ သန့်စင်ပေးခြင်း၊ ရေသံသရာလည်ပတ်ခြင်း၊ အလုပ် အကိုင် စီးပွားရေးအခွင့်အလမ်း ဖန်တီးပေးခြင်းနှင့် ရာသီဥတုဘေး မုန်တိုင်းဒဏ်တို့မှ အကာအကွယ်ပေးခြင်း စသဖြင့် လူတို့အတွက်အလွန်အရေးပါသည့် အကျိုး ကျေးဇူးများကို ထောက်ပံ့ပေးလျက်ရှိပါသည်။ ယင်း ဂေဟစနစ်ဝန်ဆောင်မှုများအပြင် ရေဝပ်ဒေသများသည် ရေလုပ်ငန်း၊ ငါးမွေးမြူရေး၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူ ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း စသည့် လူမှုစီးပွားရေး အကျိုးအမြတ် အများအပြားကို အဆက် မပြတ် ပံ့ပိုးပေးလျက်ရှိပါသည်။ ကမ္ဘာ့လူဦးရေ သန်း တစ်ထောင်၏ အလုပ်အကိုင်ရရှိမှုသည် ရေဝပ်ဒေသများ အပေါ်တွင် မူတည်နေရပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ ၄၇ ထရီလီယံတန်ဖိုး ထုတ်လုပ်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အခြေခံအစားအစာဖြစ်သည့် ဆန်စပါးကိုလည်း မြစ်ဝကျွန်းပေါ်ဒေသများတွင် အဓိက စိုက်ပျိုးကြပါသည်။ ပေါင်းစည်းလယ်ယာစနစ်အရ စပါးခင်းများတွင် ငါးမွေးခြင်းဖြင့် လယ်ယာစီးပွားတန်ဖိုး မြင့်တက်စေသည်။ ကမ္ဘာပေါ်ရှိ လူဦးရေ ခုနှစ်ပုံ တစ်ပုံသည် အဓိကအသားဓာတ်ရရှိအောင် ငါးကိုသာ အားထား စားသုံးကြပါသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ငါးဖမ်းနေသည့်မြင်ကွင်း။

ရေသည် လူသားတို့အတွက် မရှိမဖြစ်အရေးပါပြီး ရေဝပ်ဒေသရှိ စုံလင်လှသော ဇီဝမျိုးစုံမျိုးကွဲ အပင်၊ တိရစ္ဆာန်နှင့် ကောင်းကျိုးပြုသော ပိုးမွှားတို့သည် ရေထဲ တွင်ပါဝင်သော နုန်းအနည်များ၊ စွန့်ပစ်စွည်းများနှင့် ရောဂါ ပိုးမွှား အညစ်အကြေးများကို ဖယ်ရှားစစ်ထုတ်ပေးခြင်းဖြင့် ရေကို သန့်ရှင်းစေပါသည်။ ရေဝပ်ဒေသများသည် ရေကို စုပ်ယူ၍ သိုလှောင်ထိန်းထားနိုင်သည့် ရေအရင်းအမြစ် ဖြစ်ပြီး ရေကြီးရေလျှံခြင်းကို ကာကွယ်ပေးပါသည်။ ရေဝပ် ဒေသများသည် ရေသံသရာလည်ခြင်းကို ပိုမိုကောင်းမွန် စေသဖြင့် ရာသီဥတု သမမျှတစေသည်။ ဒီရေရောက်တော များနှင့် သန္တာကျောက်တန်းများသည် ကမ်းရိုးတန်းဒေသ အား မုန်တိုင်းဒဏ်မှလည်း ကာကွယ်ပေးသည်။ ကုန်းမြေ အခြေခံ သစ်ဆွေးမြေများသည် ကမ္ဘာ့ကာဗွန် စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို သိမ်းဆည်းသိုလှောင်ပေးထားပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်ဆက်စပ်နေသည့် သဘာဝ ဘေးအန္တရာယ်တားဆီးရေး၊ ဘေးဒဏ်လျော့နည်းသက်သာ စေရေး၊ ရာသီဥတုပြောင်းလဲမှုဒဏ် ကြံ့ကြံ့ခံနိုင်ခြင်း စသည် တို့သည် ရေဝပ်ဒေသများမှရရှိသည့် ဂေဟစနစ် ဝန်ဆောင်မှုများကို ထင်ဟပ်ပေါ်လွင်စေပါသည်။

မြန်မာနိုင်ငံသည် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် အဓိကမြစ်ကြောင်းများတစ်လျှောက် ရှိ မြစ်ဝှမ်းဒေသတို့တွင် ရေဝပ်ဒေသများ အများအပြား ပိုင်ဆိုင်သည့် နိုင်ငံတစ်ခုဖြစ်သည်။ သစ်တောဦးစီးဌာနနှင့် နော်ဝေပတ်ဝန်းကျင်ရေးရာ အေဂျင်စီတို့ပူးပေါင်း၍ မြန်မာ နိုင်ငံရှိ ရေဝပ်ဒေသများစာရင်းကို ကောက်ယူခဲ့ရာ ရေဝပ် ဒေသ အများအပြားဖော်ထုတ်နိုင်ခဲ့ပြီး ရမ်ဆာရေဝပ်ဒေသ အဖြစ် သတ်မှတ်ခံရရန် အလားအလာရှိသည့် ရေဝပ်ဒေသ စာရင်း ၉၉ ခုကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ယင်းတို့တွင် ကုန်းတွင်းသဘာဝရေဝပ်ဒေသ၊ ကမ်းရိုးတန်း နှင့် အဏ္ဏဝါသဘာဝရေဝပ်ဒေသနှင့် လူတို့ဖန်တီးပြုလုပ် ထားသည့် ရေဝပ်ဒေသများ ပါဝင်ပါသည်။

၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်မှာ **"ရေဝပ်ဒေသများနှင့် ဇီဝမျိုးစုံမျိုးကွဲ"** ဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲရေရှည်တည်တံ့စေရေး ရေဝပ်ဒေသများ ထိန်းသိမ်းရန် တိုက်တွန်းအားပေးထားပါသည်။ မြန်မာ နိုင်ငံရှိ ရမ်ဆာရေဝပ်ဒေသ ငါးခုနှင့် နုံ့သာကျွန်းနှင့် မေယု မြစ်ဝတို့အား ရှရှားနိုင်ငံမြောက်ဖျားစွန်းမှ သြစတြေးလျ နိုင်ငံတောင်ပိုင်းအထိ ပြောင်းရွှေ့ကျက်စားသည့် အရှေ့ အာရှ-သြစတြေးလျအာရှ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australasian Flyway Site Network) တွင် လုံခြုံရသည့် ရပ်နားရာနေရာအဖြစ် ထိန်းသိမ်းမှုမြှင့်တင်နိုင် ရေး အရှေ့အာရှ- သြစတြေးလျအာရှ ငှက်ပျံသန်းရာ လမ်းကြောင်း ကွန်ရက်နယ်မြေများအဖြစ်လည်း သတ်မှတ် ခြင်းခံထားရပြီး ဖြစ်ပါသည်။ အဆိုပါ ရေဝပ်ဒေသများသည် ဆောင်းခိုငှက်များ၊ ဘဲပို့ချပ်၊ ဒေသမျိုးရင်းငှက်များ၊ ငါးဖိန်းနှင့် ဧရာဝတီလင်းပိုင်တို့၏ ကျက်စားရာနေရာ ဖြစ်သည်။ ရှရှားနိုင်ငံ၊ ဆိုက်ဗေးရီးယားတွင် နေထိုင်ကျက် စားပြီး မျိုးသုဉ်းရန် လုံးဝအန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်အဖြစ် သတ်မှတ်ထားသည့် ရေညောင့်နှုတ်ဝိုင်းငှက် (Spoon–billed Sandpiper)သည် ဆောင်းရာသီ၌ မြန်မာနိုင်ငံအတွင်းရှိ မုတ္တမပင်လယ်ကွေ့အပါအဝင် မိန်းမလှကျွန်းနှင့် နုံ့သာကျွန်းများသို့ လာရောက်ကျက်စား လေ့ရှိပါသည်။ ယင်းငှက်ငယ်မျိုးစိတ်တို့သည် ကမ္ဘာပေါ်တွင် ကောင်ရေ ၄၀၀ ခန့်သာကျန်ရှိတော့ကာ ကမ္ဘာ့ကောင်ရေ၏ ၅၀ ရာခိုင်နှုန်းခန့် မြန်မာနိုင်ငံသို့ လာရောက်ဆောင်းခိုလေ့ ရှိကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

မုတ္တမပင်လယ်ကွေ့တွင် တွေ့ရှိရသည့် ရေညောင့်နှုတ်ဝိုင်းငှက်။

ယခုအခါ မြန်မာနိုင်ငံ ရေဝပ်ဒေသများ၏ ရေပြင် ဧရိယာနှင့် ရေအရည်အသွေးတို့အား နိုင်ငံခြားကျူးကျော် မျိုးစိတ်များ ဝင်ရောက်လာမှု၊ ညစ်ညမ်းမှု၊ ရေစီးရေလာ စနစ်ပိုမိုကောင်းမွန်ရန်လိုအပ်ခြင်းနှင့် မြေအသုံးချမှု ပြောင်းလဲခြင်းစသည့် အကြောင်းရင်းလေးခုက ဆိုးကျိုး သက်ရောက်စေပြီး ယင်းတို့သည် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရေဝပ်ဒေသများအပေါ် သက်ရောက်လာ သည့်အခါ ဇီဝမျိုးစုံမျိုးကွဲ စုံလင်မှုတန်ဖိုးကို လျော့ကျ စေသကဲ့သို့ အစားအစာ၊ ရေနှင့် အလုပ်အကိုင် အခွင့်



ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံရနိုင်သည့် ရေဝပ်ဒေသများ။

အလမ်းများ ထုတ်လုပ်နိုင်စွမ်းကို ထိခိုက်စေပါသည်။ နိဂုံးချုပ်အားဖြင့် ရေဝပ်ဒေသမှရရှိသော အစားအစာ၊ ရေနှင့် အလုပ်အကိုင် စသည့် လူမှုစီးပွားရေးအခွင့်အလမ်း များပေးစွမ်းနိုင်သော ဇီဝမျိုးစုံမျိုးကွဲများ ရေရှည် တည်တံ့နိုင်ရန် ရေဝပ်ဒေသများကို အားလုံးမှ ပိုင်းဝန်း ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျရောက်မည့် **"ကမ္ဘာ့ ရေဝပ်ဒေသများနေ့"**ကို ဂုဏ်ပြုသောအားဖြင့် ရေးသား ဖော်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ ရေဝပ်ဒေသများ၏ ရေပြင်ဧရိယာနှင့် ရေအရည်အသွေးတို့အား နိုင်ငံခြားကျူးကျော်မျိုးစိတ်များ ဝင်ရောက်လာမှု၊ ညစ်ညမ်းမှု၊ ရေစီးရေလာ စနစ်ပိုမိုကောင်းမွန်ရန် လိုအပ်ခြင်းနှင့် မြေအသုံးချမှု ပြောင်းလဲခြင်း စသည့် အကြောင်းရင်းလေးခုက ဆိုးကျိုးသက်ရောက်စေပြီး ယင်းတို့သည် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရေဝပ်ဒေသများအပေါ် သက်ရောက်လာသည့်အခါ ဇီဝမျိုးစုံမျိုးကွဲ စုံလင်မှုတန်ဖိုးကို လျော့ကျစေသကဲ့သို့ အစားအစာ၊ ရေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ထုတ်လုပ်နိုင်စွမ်းကို ထိခိုက်စေ

စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့် စီမံကိန်းဆောင်ရွက်ရန် ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေး လွှတ်တော်က သဘောတူအတည်ပြု

နေပြည်တော် ဇန်နဝါရီ ၃၁

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **နိုင်ငံတော်သမ္မတရုံးမှပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းတို့ကို** တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပိုလန်နိုင်ငံ အစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စ**နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် စီမံကိန်းမှထွက်ရှိမည့် ထုတ်ကုန်များအနက်မှ CNG ဓာတ်ငွေ့ တစ်ရက်လျှင် တန် ၃၀ အား Dispenser Unit ဖြင့် CNG သုံးယာဉ်များ အားလုံးသို့ တိုက်ရိုက်ရောင်းချခြင်းနှင့် အုတ်စက်ရုံ၊ အစားအသောက်လုပ်ငန်းများထုတ်လုပ်သည့် စက်ရုံများသို့ တိုက်ရိုက်ရောင်းချရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ Liquefied CO_2 တန် ၄၀ အား အချိုရည်စက်ရုံများနှင့် သား/ငါး၊ ဟင်းသီးဟင်းရွက် အအေးခန်းများသို့ တိုက်ရိုက်ရောင်းချရန် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးထားပြီးဖြစ်ပါကြောင်း၊ အလားတူ Refuse Derived Fuel (RDF) တန် ၁၈၀ အား ဘိလပ်မြေစက်ရုံများနှင့် ဘွိုင်လာသုံး စက်ရုံများသို့ တိုက်ရိုက်ရောင်းချရန် သက်ဆိုင်ရာစက်ရုံများနှင့် ဆွေးနွေးထားပြီးဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

တနင်္သာရီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း

အုတ်တွင်းမဲဆန္ဒနယ်မှ
ဒေါ်ချိုချို

လှိုင်းဘွဲမဲဆန္ဒနယ်မှ
ဦးခင်ချို

နှစ်ရှည်ချေးငွေဖြစ်၍ စီမံကိန်းမှရရှိသည့်ငွေများဖြင့် ကာမိစေရေး စီမံဆောင်ရွက်သွားမည်

ထို့ပြင် **နှစ်ရှည်ချေးငွေဖြစ်၍ မြန်မာကျပ်ငွေတန်ဖိုးကွာခြားလာမည့် အခြေအနေများကို ထည့်သွင်းတွက်ချက်လျာထားမှု**နှင့်စပ်လျဉ်း၍ နှစ်စဉ် ပြန်လည်ပေးဆပ်ရမည့် အတိုး/အရင်း စသည်တို့ကို စီမံကိန်းမှရရှိသည့်ငွေများဖြင့် ကာမိစေရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာငွေကြေး အတက်အကျအပေါ်မူတည်၍ ထုတ်ကုန်များ၏ ဈေးနှုန်းများကိုလည်း ဝယ်ယူသုံးစွဲသည့်ဌာနများနှင့် နှစ်အလိုက်သုံးသပ်မှုများကိုဆောင်ရွက်ခြင်းဖြင့် မြန်မာကျပ်ငွေတန်ဖိုးပြောင်းလဲမှုအပေါ် ကာကွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ **ယခုချေးငွေဖြင့်ပြုလုပ်မည့် ပြုပြင်သန့်စင်စက်သည် အမှိုက်တန်ချိန် ၁၀၀၀ သာ ချေဖျက်နိုင်မည်ဖြစ်ပြီး ကျန်ရှိသည့် တန်ချိန် ၅၀၀ စီမံခန့်ခွဲမှု**နှင့် စပ်လျဉ်း၍ အဆိုပါတန်ချိန် ၅၀၀ ခန့်အနက် တန်ချိန် ၁၂၀ ခန့်ကို ဂျာမနီနိုင်ငံ Right Person အဖွဲ့က ဥရောပနည်းပညာအသုံးပြု၍ BTO စနစ်ဖြင့် အမှိုက်မှ လျှပ်စစ်ထုတ်လုပ်ခြင်းကို Pilot Project အဖြစ်ဆောင်ရွက်ရန်နှင့် ကျန်အမှိုက် တန်ချိန် ၃၈၀ ခန့်ကို ကိုရီးယားနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သန့်စင်ချေဖျက်ခြင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း။

စီမံကိန်းကာလ သုံးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ခန့်မှန်းလများဖြင့် ဖော်ပြသင့်ခြင်း၊ စက်ရုံလည်ပတ်မှုအတွက် အာမခံသက်တမ်း၊ နှစ်ရှည်ပြင်ဆင်ထိန်းသိမ်းစရိတ် ဆောင်ရွက်ထားမှုအခြေအနေနှင့် ချေးငွေသက်တမ်း ၆၇ နှစ်အတွက် နှစ်စဉ်ဝင်ငွေများ မှန်မှန်ရရှိစေရန်နှင့်စပ်လျဉ်း၍ စီမံကိန်းကာလ သုံးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လအလိုက် အသေးစိတ်ရေးဆွဲနိုင်ရန် Loan Agreement ညှိနှိုင်းသည့်အခါ ထည့်သွင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းတွင်ပါဝင်သည့် စက်ပစ္စည်းကိရိယာများအားလုံး၏သက်တမ်းမှာ ပျမ်းမျှ နှစ် ၃၀ ခန့်ရှိပါကြောင်း၊ ယင်းကာလအတွင်း ထုတ်ကုန်များမှရရှိသည့် ခန့်မှန်းဝင်ငွေနှင့် ပြန်လည်ပေးဆပ်ရမည့် အတိုး၊ အရင်းများကို ပုံမှန်ပေးဆပ်နိုင်ရန် တွက်ချက်ထားပြီး ကျန်ရှိသည့် ချေးငွေသက်တမ်းအတွင်း ပုံမှန်ပြန်လည်ပေးဆပ်နိုင်ရန် စက်များကို ပြုပြင်ထိန်းသိမ်းခြင်း၊ လိုအပ်သည့်စက်အစိတ်အပိုင်းများ အစားထိုးလဲလှယ်ခြင်း၊ လစဉ်/ နှစ်စဉ် ပုံမှန်စစ်ဆေးခြင်းတို့ဖြင့် ကုန်ထုတ်လုပ်မှုကို ထိန်းသိမ်းဆောင်ရွက်သွားရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။**

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအတွက် စွန့်ပစ်အမှိုက် ပြုပြင်သန့်စင်သည့်စီမံကိန်းအတွက် ပိုလန်နိုင်ငံထံမှ သက်သာမှုရှိသော ချေးငွေ ယူရိုသန်း ၅၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၃၄ မဲ၊ ကန့်ကွက်မဲ ၁၂ မဲ၊ ကြားနေမဲ ၅စ်မဲဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၈ ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ပထမတွဲ(၁၆/၂၀၁၉)**အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များနှင့်စပ်လျဉ်း၍ အလေးအနက်ထားပြီး အချိန်တိုအတွင်း ထိထိမိမိ ပြန်လည်သုံးသပ်အကောင်အထည်ဖော်ကာ အရေးယူစရာရှိပါက ပြတ်ပြတ်သားသားအရေးယူရန် လိုအပ်နေသည်ကို ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအရ ငြင်းရန်မရနိုင်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယခုအစီရင်ခံစာကို ဆွေးနွေးမှတ်တမ်းတင်နေရုံဖြင့်မလုံလောက်ဘဲ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများကို လွှတ်တော်သို့ ပြန်လည်အစီရင်ခံတင်ပြရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုက ရာသင့်ရထိုက်သည့် ရင်ငွေများ ပြည့်ပြည့်ဝဝ ရရှိအောင် ဆောင်ရွက်ကြရန်၊ ပုံသေပိုင်ပစ္စည်းများကို စနစ်တကျသုံးစွဲကြရန်နှင့် ပိုလျှံငွေပြန်အပ်ရမှုအနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ချေးငွေထောက်ပံ့ငွေများ ထိထိရောက်ရောက် ပြည့်ပြည့်ဝဝ သုံးစွဲနိုင်အောင် ကြိုတင်စီမံဆောင်ရွက်ကြရန်နှင့် မသမာမှု၊ အလွဲသုံးစားမှု၊ လေလွင့်ပြန်းတီးမှုများ ကင်းဝေးပပျောက်လာစေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် ဌာနအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် စီမံကိန်းလုပ်ငန်းများသည် ပြည်သူ့အတွက် အကျိုးသက်ရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရေး၊ စာရင်းစစ်ချုပ်ရုံးအဆင့်ဆင့်တွင်ရှိသည့် စစ်ဆေးရေးဝန်ထမ်းများ၏ အရည်အသွေးအစဉ်မြင့်မားနေရေးနှင့် ဘက်လိုက်မှုမရှိ အဂတိကင်းစွာဖြင့် စစ်ဆေးဖော်ထုတ်နိုင်စေရေးတို့လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာပထမတွဲ(၁၆/၂၀၁၉)အပေါ် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၃၁

ကပ္ပလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာလီကွတ်ဝ်သွမ်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု ပိုမိုခိုင်မြဲစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာလီကွတ်ဝ်သွမ်အား လက်ခံတွေ့ဆုံစဉ်။

2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ မိမိနိုင်ငံတွင်တွေ့ရှိပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်သမ္မတရုံးမှ ဇန်နဝါရီ ၃၀ ရက်က ဖွဲ့စည်းခဲ့သည့် 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ဦးဆောင်၍ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ ကျင်းပသည်။

တက်ရောက်ဆွေးနွေး

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားလျက်ရှိသည့် 2019 Novel Coronavirus ကြောင့် အဆုတ်ရောင်ရောဂါမှာ ကူးစက်ပြန့်ပွားမှု အရှိန်အဟုန်မြင့်မားလာနေပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ ယနေ့သတင်းများအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သေဆုံးသူဦးရေမှာ ၂၁၃ ဦးရှိလာပြီဟု သိရပါကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ကူးစက်ပြန့်ပွားသူ ဝေဒနာရှင် အရေအတွက်မှာ ၉၈၀၀ နီးပါးရှိလာပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ယင်းရောဂါကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်နိုင်ရန်နှင့် ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်သွားရန်အတွက် ဗဟိုကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပြီး နိုင်ငံတော်သမ္မတရုံးမှလည်း ဇန်နဝါရီ ၃၀ ရက်တွင် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များအဖြစ် (၁၂)ရပ် သတ်မှတ်ထားပါကြောင်း၊ အဆိုပါဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေး မစတင်မီ ကနဦးလုပ်ငန်းညှိနှိုင်းအစည်းအဝေး သဘောမျိုးကျင်းပလိုရှိ၍ ယနေ့အစည်းအဝေးကို ခေါ်ယူခဲ့ရခြင်းဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးခေါ်ယူရခြင်း၏ ရည်ရွယ်ချက်မှာ ဗဟိုကော်မတီအတွက် ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန် (၁၂)ရပ်နှင့်ပတ်သက်၍ ဝန်ကြီးဌာန တစ်ခုချင်း၊ ဝန်ကြီးဌာနအချင်းချင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စိန်ခေါ်မှုများ၊ ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အစီအမံများအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းသွားစေလိုသည့် ရည်ရွယ်ချက်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောအခြေအနေအရ မြန်မာ- တရုတ်နယ်စပ်ဂိတ်များနှင့် လေဆိပ်များတွင် ဝင်/ထွက်သွားလာသူများကို ကျန်းမာရေးစစ်ဆေးမှုများ ပိုမိုထိရောက်စွာ ပြုလုပ်သွားရေး၊ ပြည်သူလူထုအား ရောဂါကူးစက်ပြန့်ပွားမှုနှင့်ပတ်သက်၍ အသိပညာပေးရန်၊ နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုထံ ထုတ်ပြန်သွားရန်၊ သတင်းမှားများ ပျံ့နှံ့မှုမရှိစေရန်အတွက် တန်ပြန်ဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်သွားရန်၊ ဝူဟန်မြို့သို့ရောက်ရှိနေကြသည့်မြန်မာကျောင်းသား ကျောင်းသူများအပါအဝင် နိုင်ငံသားများအား ပြန်လည်ခေါ်ယူရေးအစရှိသည်တို့နှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

နေပြည်တော် (ခုတင် ၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြော

နေပြည်တော် ဇန်နဝါရီ ၃၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် ဖြစ်ပွားလျက်ရှိသော 2019 Novel Coronavirus (2019-nCoV) အဆုတ်ရောင်ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) အစည်းအဝေးခန်းမဆောင်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် (ခုတင် ၁၀၀၀) ပြည်သူ့ဆေးရုံကြီး အုပ်ချုပ်မှုဆောင်မှ တာဝန်ရှိသူများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ ပထမလက်ထောက်ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကျွမ်းကျင်သူ ဒေါက်တာပပ၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေး (ဆေးရုံအုပ်ကြီး-ပူးတွဲတာဝန်)၊ ပါမောက္ခ ဒေါက်တာတင့်တင့်ကြည် (ဆေးပညာ)၊ ပါမောက္ခ ဒေါက်တာကျော်ကျော်ဦး(ဆေးပညာ)၊ အထူးကုဆရာဝန်ကြီး ဒေါက်တာခိုင်ဝင်းထွန်း(အဏုဇီဝ)တို့က 2019 Novel Coronavirus အကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ နေပြည်တော် (ခုတင် ၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် လူနာများရောက်ရှိလာပါက ကုသပေးမည့်အစီအစဉ်များ၊ လူနာများကို သီးခြားလူနာခန်းတွင် ထားရှိနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကျန်းမာရေးပညာပေးသတင်းအချက်အလက်များ၊ ဗီဒီယိုဖိုင်များကို Scan ဖတ်၍ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုနိုင်မည့် QR Code များကို လူနာဆောင်အသီးသီးတွင် ထားရှိရန်ဆောင်ရွက်ထားရှိမှုများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီး ဒေါက်တာခိုင်ဝင်းထွန်း(အဏုဇီဝ)က ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများကို (Personal Protective Equipment) ဝတ်ဆင်နည်း၊ ချွတ်နည်းများကို အသေးစိတ်သင်ကြားပေးပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပထမနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ပထမနှစ် ဘီဒီအက်စ် (၁၂/၂၀၁၉) သင်တန်းကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်ဌာနမှူးများက ဆုရကျောင်းသား ကျောင်းသူ ၈၂ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန့်ဇော်**

တန်းတူညီမျှ . . . အခွင့်အရေးရ
ငြိမ်းချမ်းသာယာ . . . ပြည်ထောင်စုမှာ၊
တန်းတူညီမျှ . . . တာဝန်ယူကြ
လုံခြုံခိုင်မာ . . . ပြည်ထောင်စုမှာ။

2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၀)ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနခွဲ ကျင်းပသည်။

အရေးပေါ်အခြေအနေကြေညာ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ဌာနချုပ်တွင် ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့သည့် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော Emergency Committee အစည်းအဝေးမှ အကြံပြုချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က သဘောတူပြီး 2019-nCoV ကူးစက်ရောဂါဖြစ်ပွားမှုကို "အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency of International Concern)" အဖြစ် ကြေညာလိုက်ပြီဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဖွဲ့ဝင်နိုင်ငံများကို ရောဂါရှိသူထံမှ အခြားသူများထံ ကူးစက်ပြန့်ပွားမှုမရှိစေရေးလုပ်ငန်းများ အလေးထားရန် အကြံပြုထားပါကြောင်း၊ အဆိုပါကြေညာချက်တွင်ပါရှိသည့် ကမ္ဘာ့နိုင်ငံများမှ လိုက်နာဆောင်ရွက်ကြရမည့် အကြံပြုချက်များသည် မြန်မာနိုင်ငံအနေဖြင့် လတ်တလောဆောင်ရွက်လျက်ရှိသော အချက်များ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ဖြစ်ပွားနေသော အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနှုန်းသည် နေ့စဉ်ဆက်လက်မြင့်မားနေသည်ကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို အထူးဂရုပြု၍ အားထုတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ရောဂါဖြစ်ပွားသောနိုင်ငံများမှ ခရီးသည်များ ပြည်တွင်းသို့ဝင်ရောက်လာခြင်း နည်းပါးသွားသည်နှင့်အမျှ မိမိတို့နိုင်ငံတွင် အဆိုပါရောဂါကူးစက်ဖြစ်ပွားနိုင်ခြေမှာလည်း နည်းပါးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ပိုမိုအလေးထားဆောင်ရွက်ခြင်း (Active Surveillance)နှင့် ဖြစ်ပွားသူတွေ့ရှိရပါက ၎င်းရောဂါရှိသူနှင့် ထိတွေ့ခဲ့သူများ ရှာဖွေခြင်း (Contact Tracing)ကို ပိုမိုအားထည့်၍လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရန်နှင့် အစီရင်ခံခြင်း၊ သတင်းပို့ခြင်းများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ဝင်ရောက်လာပါက စောစီးစွာသိရှိနိုင်ရေး၊ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆေးရုံ/ဆေးခန်းများတွင် ဆောင်ရွက်ထားရှိရုံသာမက နီးနွယ်ဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် 2019 Novel Coronavirus (2019-nCoV) ရောဂါပိုးကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီဖွဲ့စည်းပြီး စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အထူးကိစ္စရပ်အနေဖြင့်

ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်းကို အထူးကိစ္စရပ်အနေဖြင့် ဘက်ပေါင်းစုံမှ မဟာဗျူဟာများဖြင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှတစ်ဆင့် အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကိုဆက်သွယ်၍ သံသယလူနာစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ခြင်း၊ သတင်းပို့ခြင်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(မြန်မာနိုင်ငံရုံးခွဲ)ကို ဆက်သွယ်၍ ဆက်လက်လိုအပ်နိုင်မည့် နှာခေါင်းစည်း (surgical mask)၊ N95 နှာခေါင်းစည်း၊ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ (personal protective equipment)၊ ရောဂါပိုးစစ်ဆေးဖော်ထုတ်ရန် ဓာတ်ခွဲပစ္စည်း(primer၊ probe နှင့် PCR kit) များအမြန်ဆုံးရရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က နယ်စပ်ဖြတ်ကျော်သွားလာမှုများကို ကျန်းမာရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မည့်အစီအစဉ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ ပညာသင်ကြားလျက်ရှိကြသော မြန်မာကျောင်းသားကျောင်းသူများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အထူးလေယာဉ် စေလွှတ်ခေါ်ယူသွားရန်အတွက် လေယာဉ်အမှုထမ်းအဖွဲ့၊ ကျန်းမာရေးအဖွဲ့နှင့် သယ်ယူပို့ဆောင်ရေး စသည်တို့အတွက် ကြိုတင်ပြင်ဆင်ထားမှုများ၊ ကျောင်းသား ကျောင်းသူများရောက်ရှိလာပါက လိုအပ်သည်များဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုများကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် Video conferencing နှင့် Teleconferencing ပြုလုပ်၍ သတင်းပေးပို့ဖလှယ်ခြင်း၊ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခြင်းများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ e-Health ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ ထုတ်ပြန်ချက်နှင့် သတင်းအချက်အလက်များ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ၊ လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများရရှိမှု၊ ခွဲဝေဖြန့်ဖြူးထားမှုများ စသည်တို့အပါအဝင် နောက်ဆုံးသတင်းအချက်အလက်များကို ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ကြသည်။

ပူးပေါင်းဆောင်ရွက်ညှိနှိုင်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုဖြစ်ပွားနေသည့် 2019 Novel Coronavirus (2019-nCoV) ရောဂါပိုးကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်ထိန်းချုပ်ရာတွင် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျချိန်ကိုက်ပူးပေါင်းဆောင်ရွက်ညှိနှိုင်းခြင်း၊ ဆောင်ရွက်ပြီးစီးမှုကို သုံးသပ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

❖ ကျောပုံးမှ

ကျန်းမာရေးစစ်ဆေးပေးရန်နှင့် လိုအပ်ပါက သီးခြားထားရှိဆေးကုသမှုပေးနိုင်ရန်အတွက် အဆိုပါလေယာဉ်ပေါ်သို့ ရောဂါကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်၍ တက်ရောက်စစ်ဆေးခဲ့သည်။

ယင်းလေယာဉ်ပေါ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အသက် ၅၆ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ဖျားခြင်း၊ နှာချေခြင်း လက္ခဏာများရှိနေကြောင်း တွေ့ရှိပြီး အဆိုပါခရီးသည်သည် ကွမ်ကျိုးမြို့တွင် နေထိုင်သူဖြစ်ကာ ကွမ်ကျိုးမြို့မှ မြန်မာနိုင်ငံသို့လိုက်ပါလာခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့သို့ ခရီးသွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် 2019-nCoV Infection ဖြစ်ပွားသည်ဟု အတည်ပြုသောလူနာ (သို့မဟုတ်) သံသယလူနာများဖြင့် အနီးကပ်ထိတွေ့ခဲ့သည့်ရာဇဝင်မရှိကြောင်း သိရသည်။

အဆိုပါလူနာအား သီးခြားထားရှိကုသမှုပေးနိုင်ရန်အတွက် ဝေဘာဂီ အထူးကုဆေးရုံကြီး(ရန်ကုန်)သို့ သတ်မှတ်ထားသော လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ခဲ့သည်။ ဆေးရုံတွင် အထူးကုဆရာဝန်ကြီးများက လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကာ လူနာ၏လက်ရှိအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပြီး သီးခြားခန်း (Isolation Room)တွင်ထားရှိ၍ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသည်။

အဆိုပါလူနာသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော 2019-nCoV Infection ရောဂါသံသယ (သို့မဟုတ်) အတည်ပြုလူနာသတ်မှတ်ချက်များနှင့် မကိုက်ညီသော်လည်း ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း လက္ခဏာများရှိနေပြီး ၎င်းနေထိုင်သည့် ကွမ်ကျိုးမြို့သည် ဟူနန်ပြည်နယ်တွင် တည်ရှိပြီး ရောဂါကူးစက်ဖြစ်ပွားနေသည့် ဟူပေပြည်နယ်နှင့်နီးကပ်နေသဖြင့် စောင့်ကြပ်ကြည့်ရှုရန်နှင့် မြန်မာနိုင်ငံအတွင်းသို့ ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေးအတွက် လူနာအား သီးခြားထားရှိ၍ ကုသမှုပေးနေခြင်းဖြစ်သည်။

အဆိုပါလူနာလိုက်ပါလာသည့် China Southern Airline လေယာဉ် ခရီးစဉ်အမှတ် CZ 3066 ပေါ်တွင် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားနှစ်ဦး အပါအဝင် စုစုပေါင်းခရီးသည် ၇၉ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦး လိုက်ပါလာခဲ့သည်။

လေယာဉ်ဖြင့်လိုက်ပါလာသူ မြန်မာနိုင်ငံသား အမျိုးသားနှစ်ဦးတွင် 2019-nCoV Infection ရောဂါသံသယဖြစ်ဖွယ်လက္ခဏာများ တစ်စုံတစ်ရာ တွေ့ရှိရခြင်းမရှိသော်လည်း ၎င်းတို့အား ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ဆောင်ရွက်လျက်ရှိသည်။

ဓာတ်ခွဲစစ်ဆေးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား ခရီးသည်ထံမှ ဓာတ်ခွဲနမူနာများရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှတစ်ဆင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ညှိနှိုင်းဓာတ်ခွဲစစ်ဆေးရန် စီစဉ်ထားရှိပြီးဖြစ်သည်။ အဆိုပါလေယာဉ်ပေါ်တွင်လိုက်ပါလာသော ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအား ခွဲခြားထားရှိ၍ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်(Quarantine)ကို ရက်သတ္တ နှစ်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးဆွေးနွေးခဲ့ရာ ၎င်းတို့သဘောဆန္ဒအရ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မှုမရှိဘဲ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

✻ မြန်မာနိုင်ငံမှ

အားလုံးကို အသင်းအနေနဲ့ စာထုတ်ပြီး အသိပေးထားတယ်။ စိတ်ဝင်စားသူတွေ အနေနဲ့ ဒီအခွင့်အရေးကို လက်လွတ်မခံဘဲ အသင်းကို ဆက်သွယ်ကြပါ'' ဟု ၎င်းက ပြောသည်။

အဆိုပါဝယ်ယူမှုတွင် တစ်လလျှင် တန်ချိန်တစ်ထောင်ခန့်ဖြင့် ကာလကန့်သတ်ချက်မထားဘဲ ဝယ်ယူမည်ဟု ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အကျိုးများနိုင်

''မြန်မာနိုင်ငံက ထွက်ကုန်တွေကို တရုတ်ကိုပဲ အဓိကအားထားပြီး တင်ပို့နေရတယ်။ သူတို့ကလည်း မြန်မာနိုင်ငံက ပစ္စည်းဆိုရင် တရားဝင်တင်ပို့ခွင့်မပြုပေမယ့် စျေးနည်းနည်းနဲ့တင်ပို့ရင်တော့ ဝယ်ယူကြတယ်။ ဒါကြောင့် အခု ဂရိနိုင်ငံက တရားဝင်ကမ်းလှမ်းတာကို လက်မလွှတ်ဘဲ အဆင်ပြေအောင် တင်ပို့ကြဖို့ လိုတယ်။ ဒါမှ စျေးကွက်အသစ်လည်း ရမယ်။ ရေရှည်လုပ်သွားမယ်ဆိုရင် အကျိုးများနိုင်မယ်လို့ ထင်တယ်'' ဟု သကြားစက်ပိုင်ရှင်တစ်ဦးက ပြောသည်။

များပြားစွာ ကျန်ရှိနေ

၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် Re-export သကြားများကို ပြည်တွင်းသို့တင်သွင်းခွင့်ပြုခဲ့ရာ လုပ်ငန်းရှင်များက အရေအတွက်အများအပြား တင်သွင်းခဲ့ခြင်း၊ ပြည်တွင်းစားသောက်ကုန် လုပ်ငန်းများကလည်း ၎င်းတို့အသုံးပြုသောပမာဏထက် ပိုမိုကာ သကြားများကို တင်သွင်းခဲ့ခြင်းနှင့် တရုတ်နိုင်ငံကလည်း သကြားဝယ်ယူမှုကို လုံးဝရပ်နားလိုက်ခြင်းကြောင့် ပြည်တွင်း၌ သကြားအရေအတွက် များပြားစွာကျန်ရှိနေသည့်အချိန်တွင် ယခုကဲ့သို့ ဝယ်ယူမှုရှိလာခြင်းသည် စျေးကွက်အတွက် အကျိုးရှိနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

■ ဗြိတိန်နိုင်ငံမှ

အဆိုပါသင်္ဘောကြီးနှင့်အတူ ကမ္ဘာလှည့် ခရီးသည် ၅၃၀ နှင့် သင်္ဘော၀နထမ်း ၃၆၃ ဦး ခန့်လိုက်ပါလာခဲ့ကြပြီး ဆိပ်ကမ်းကျန်းမာရေးတာဝန်ခံဆရာဝန်ကြီးနှင့် အဖွဲ့ကလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်ထွက်ခွာမည်

အပျော်စီးသင်္ဘောပေါ်တွင် လိုက်ပါလာသည့် ကမ္ဘာလှည့်ခရီးသည်များသည် ရန်ကုန်၊ ပဲခူး၊ ဒဂေ၊ သန်လျင်၊ ကျောက်တန်းနှင့် ပုဂံသို့ သွားရောက်လည်ပတ်ရန်ရှိပြီး ခရီးသည်များအားလုံးသည် ဖေဖော်ဝါရီ ၁ ရက် ညနေ ၆ နာရီတွင် သီလဝါဆိပ်ကမ်းမှ သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဟု သိရသည်။

သတင်းစဉ်

အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ဒီဇိုင်းရေးဆွဲပြီးဖြစ်၍ စီးပွားရေးကဏ္ဍများ ပိုမိုအားကောင်းစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

အမျိုးသားပို့ကုန် မဟာဗျူဟာ(National Export Strategy-NES) ၂၀၂၀-၂၀၂၅ ဒီဇိုင်းရေးဆွဲပြီးဖြစ်၍ စီးပွားရေးကဏ္ဍများ ပိုမိုအားကောင်းစေရန် အသေးစိတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း (NES-2020-2025)အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES)၂၀၂၀-၂၀၂၅ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက "အမျိုးသားပို့ကုန် မဟာဗျူဟာ၂၀၂၀-၂၀၂၅ ကို အောင်မြင်စွာဒီဇိုင်းရေးဆွဲပြီး အသေးစိတ်အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ လက်ရှိအရှိန်ရနေတဲ့ ပို့ကုန်လုပ်ငန်းတွေပေါ်မှာလည်း အခြေခံမယ်။ နောက် မြန်မာနိုင်ငံရဲ့ အနာဂတ်ကာလမှာ တိုးတက်လာမယ့် ပို့ကုန်အသစ်တွေပေါ်မှာလည်း ရည်ရွယ်ပြီး ထည့်သွင်းရေးဆွဲခဲ့ပါတယ်"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားပို့ကုန် မဟာဗျူဟာက ၂၀၁၅ ကနေ ၂၀၁၉ အထိ ပထမငါးနှစ် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်၍ ဦးစားပေးကဏ္ဍ၊ အထောက်အကူပြုကဏ္ဍတွေကို သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ထိုကိသင့်သည့် အောင်မြင်မှုလည်း ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၀-၂၀၂၅ နောက်ထပ်ငါးနှစ်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ရေးဆွဲခဲ့ကြောင်း၊ ရေးဆွဲရာတွင် ပြီးခဲ့သည့်ငါးနှစ်တာကာလက တွေ့ရှိရသည့် အတွေ့အကြုံများကို အခြေခံ၍ ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ရေးဆွဲရာတွင် သက်ဆိုင်သည့် stakeholders များနှင့် အပြန်အလှန်ဆွေးနွေးပြီး ဆောင်ရွက်ခဲ့ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြတမ်းအတွင်းဝန် ဦးအောင်စိုးက "အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို ဆောင်ရွက်ရာတွင် ကဏ္ဍများတိုးချဲ့ခဲ့ပြီး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် ကဏ္ဍများအပါအဝင် လက်ရှိကဏ္ဍများမှာ စက်မှုနှင့် လျှပ်စစ်ပစ္စည်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ လယ်ယာထွက်ကုန်ပစ္စည်းကို အခြေခံသည့် စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍတို့ ပါဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။

တီထွင်ဆန်းသစ်

ပို့ကုန်မြှင့်တင်ရေးအတွက် အထောက်အကူပြုကဏ္ဍများအဖြစ် စီမံခန့်ခွဲမှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု ကဏ္ဍ၊ ကုန်သွယ်မှု သတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ကဏ္ဍများကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

"မူလကတည်းက ရွေးချယ်ထားတဲ့ကဏ္ဍတွေကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားပါမယ်။ အဲဒါတွေက ဆန်စပါးကဏ္ဍ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၊ ရော်ဘာလုပ်ငန်းကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ ရရှိနိုင်ရေးကဏ္ဍတို့ဖြစ်ပါတယ်"ဟု အမြတမ်းအတွင်းဝန် ဦးအောင်စိုးကပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍ၊ လက်မှုအနုပညာပစ္စည်းကဏ္ဍ သုံးခုကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည့်ကဏ္ဍများအဖြစ်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC)က ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကာ အီးယူ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် စီမံကိန်းတွင် ထောပတ်သီး၊ နာနတ်သီး၊ ကျွဲကောသီး၊ ကြက်သွန်ဖြူတို့ကို ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်သွားရန် ပူးတွဲဆောင်ရွက်လျက်ရှိကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

ရှင်းလင်းပြောကြား

သတင်းစာရှင်းလင်းပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြတမ်းအတွင်းဝန် ဦးအောင်စိုး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေး တို့က ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ပသို့ တင်ပို့ရောင်းချသော အဝတ်အထည်များ ထုတ်လုပ်ရောင်းချသည့် လှယဉ်မိုးကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ခေါ်ယဉ်ယဉ်မိုးက အမျိုးသားပို့ကုန်မဟာဗျူဟာ၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) ၂၀၂၀-၂၀၂၅ ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုအသင်းချုပ် (UMFCCI)နှင့် ပူးပေါင်းကာ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ICT)၏ နည်းပညာအကူအညီဖြင့် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ကာ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးတို့အတွက် နိုင်ငံတော်ပို့ကုန် မဟာဗျူဟာကို ၂၀၁၃ ခုနှစ်မှ စတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန-ITC တို့ပူးပေါင်း၍ နည်းပညာဆိုင်ရာ အကူအညီများကို အခြေခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သတင်း - ရဲခေါင်ညွှန့်
ဓာတ်ပုံ - ဖိုးထောင်

ဝူဟန်မြို့ရှိ မြန်မာကျောင်းသား ကျောင်းသူ ၆၃ ဦးအား ပြန်လည်ခေါ်ယူနိုင်ရေး အထူးလေယာဉ်စေလွှတ်ခေါ်ယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ

သူရဇော်

နေပြည်တော် ဇန်နဝါရီ ၃၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ ပညာသင်ကြားလျက်ရှိကြသည့် မြန်မာကျောင်းသား ကျောင်းသူ ၆၃ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အထူးလေယာဉ်စေလွှတ်ခေါ်ယူသွားရန် မြန်မာအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရ၏ စီစဉ်ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

မေး။ ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှာ ဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားနေချိန်မှာ ဝူဟန်မြို့ကို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေကို မြန်မာနိုင်ငံအစိုးရအနေနဲ့ ကူညီစောင့်ရှောက်ပေးနေမှုအခြေအနေကို သိချင်ပါတယ်။

ဖြေ။ ။ ဝူဟန်မြို့မှာရောက်ရှိနေတဲ့ မြန်မာကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၃ ဦးရှိတယ်လို့ ပေကျင်းမြို့ မြန်မာသံရုံးက သတင်းပေးပို့မှုအရ သိရှိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားချိန်ကစတင်ပြီး လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးဖို့ မြန်မာအစိုးရအနေနဲ့ ပေကျင်းမြို့ မြန်မာသံရုံးကို ညွှန်ကြားခဲ့ပါတယ်။ သံရုံးနဲ့ ကျောင်းသားတွေအကြား အဆက်မပြတ် ဆက်သွယ်မှုလည်း ရှိနေပါတယ်။ တရုတ်အစိုးရအနေနဲ့ ကျောင်းသားတွေကို အစားအသောက်ဝေငှပေးတာတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို သက်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ပေကျင်းမြို့ မြန်မာသံရုံးကလည်း ဖြစ်ပေါ်တိုးတက်မှုတွေကို အချိန်နဲ့တစ်ပြေးညီ နိုင်ငံခြားရေးဝန်ကြီးဌာနကို အစီရင်ခံတင်ပြသလို သတင်းထုတ်ပြန်ချက်တွေကိုလည်း အသိပေးထုတ်ပြန်ခဲ့ပါတယ်။ အခုဆိုရင် ဝူဟန်မှာရှိတဲ့ အမေရိကန်၊ဂျပန်နဲ့ စင်ကာပူနိုင်ငံတို့က နိုင်ငံခြားသားတွေကို အထူးလေယာဉ်(Chartered Flight)နဲ့ ပြန်လည်ခေါ်ယူနိုင်ဖို့ တရုတ်နိုင်ငံအစိုးရက ဇန်နဝါရီ ၂၉ ရက်က စတင်ပြီး စိစစ်ခွင့်ပြုနေပြီ ဖြစ်ပါတယ်။

အမြတမ်းအတွင်းဝန် ဦးစိုးဟန်

တရုတ်အစိုးရက စတင်ခွင့်ပြုခဲ့တဲ့ ဇန်နဝါရီ ၂၉ ရက်မှာပဲ မြန်မာကျောင်းသား ကျောင်းသူ ၆၃ ဦးကို မြန်မာနိုင်ငံကို အထူးလေယာဉ်နဲ့ ပြန်လည်ခေါ်ယူနိုင်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနက တင်ပြခဲ့ရာမှာ နိုင်ငံတော်အကြီးအကဲတွေက ချက်ချင်းခွင့်ပြုချက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကျောင်းသားတွေကို အမြန်ဆုံးခေါ်ယူနိုင်ဖို့ တရုတ်အစိုးရနဲ့ နှစ်နိုင်ငံအကြား လေယာဉ်ဆင်းသက်ခွင့်နဲ့ ပြန်လည်ခေါ်ယူနိုင်ဖို့ ညှိနှိုင်းနေပြီ ဖြစ်ပါတယ်။

မေး။ ။ အထူးလေယာဉ်နဲ့ပြန်လည်ခေါ်ယူဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားလဲဆိုတာကို သိချင်ပါတယ် ခင်ဗျာ။

ဖြေ။ ။ အထူးလေယာဉ်နဲ့ သွားရောက်ခေါ်ယူတဲ့အခါမှာ လည်း လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်နိုင်ဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ရှိသူ သုံးဦး လေယာဉ်နဲ့အတူ လိုက်ပါသွားမှာ ဖြစ်ပါတယ်။ ပြန်ရောက်တဲ့အခါမှာလည်း အဲဒီကျောင်းသားကျောင်းသူတွေကို မန္တလေးမှာရှိတဲ့ ကန်တော်နဒီဆေးရုံမှာ သီးခြားခွဲထားပြီး ရက်သတ္တနှစ်ပတ်ခန့် လိုအပ်တဲ့ ကျန်းမာရေးစောင့်ကြည့်မှုအစီအမံတွေ စနစ်တကျ ဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြိုတင်စီမံဆောင်ရွက်ထားရှိတယ်လို့ သိရှိရပါတယ်။

ဒါ့အပြင် ဝူဟန်ဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာနိုင်မယ့် အကျိုးဆက်တွေကို ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပူးတွဲဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက အဆင့်မြင့်ကိုယ်စားလှယ်တွေ ပါဝင်တဲ့ **"2019 Novel Coronavirus (2019-nCoV)ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးဗဟိုကော်မတီ"**ကို ဇန်နဝါရီ ၃၀ ရက်က ဖွဲ့စည်းပေးခဲ့ပါတယ်။ ဗဟိုကော်မတီရဲ့ ပထမအကြိမ် အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေး ကနဦးညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက်မှာကျင်းပခဲ့ပြီး ဗိုင်းရပ်စ်မပြန့်ပွားရေး ကြိုတင်ကာကွယ်ရေး နည်းလမ်းတွေအပါအဝင် လိုအပ်မယ့်လုပ်ငန်းစဉ်တွေကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

မေး။ ။ ဝူဟန်မြို့ရောက် မြန်မာနိုင်ငံသားတွေကို ချန်းရှမြို့ကနေတစ်ဆင့် ပြန်လည်ခေါ်ယူသွားမယ့် အစီအစဉ်ကို သိချင်ပါတယ်။

ဖြေ။ ။ ရောဂါစတင်ဖြစ်ပွားစဉ်မှာ ဝူဟန်မှာရှိတဲ့ ကျောင်းသားတွေကို ဝူဟန်မြို့တည်ရှိတဲ့ ဟူပေပြည်နယ်ကနေ အနီးစပ်ဆုံး ချန်းရှမြို့ကို မော်တော်ယာဉ်နဲ့ တစ်ဆင့် ပို့ဆောင်ပြီး အဆိုပါမြို့ကနေတစ်ဆင့် မြန်မာနိုင်ငံကို လေယာဉ်နဲ့ ပို့ဆောင်ဖို့ စီစဉ်ထားခဲ့ပါတယ်။

ဒါပေမယ့် တရုတ်နိုင်ငံ သက်ဆိုင်ရာပြည်နယ်ကနေ ထုတ်ပြန်ထားတဲ့ ဒေသန္တရ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်တဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် ကန့်သတ်ချက်တွေရှိပြီး တရုတ်အစိုးရကလည်း ခွင့်ပြုပေးဖို့ အခက်အခဲရှိတယ်လို့ သိရပါတယ်။ ခွင့်ပြုမယ်ဆိုရင်လည်း ကျောင်းသားတွေကို လက်ခံတဲ့ပြည်နယ်မှာ အနည်းဆုံး ၁၄ ရက်ထားပြီး ကျန်းမာရေးစောင့်ကြည့်မှုတွေခံယူပြီးမှ ခွင့်ပြုပေးနိုင်မယ့်အခြေအနေမှာ ရှိပါတယ်။

ဒါကြောင့် အခြားနိုင်ငံတွေက ဆောင်ရွက်နေတဲ့ အတိုင်း မြန်မာနိုင်ငံကနေ အထူးလေယာဉ်နဲ့ ဝူဟန်မြို့ကို သွားရောက်ခေါ်ယူပေးတာက ပိုပြီးထိရောက်မြန်ဆန်တဲ့ နည်းလမ်းဖြစ်လို့ အဲဒီနည်းလမ်းနဲ့ အမြန်ဆုံးခေါ်ဆောင်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ဆုံးအခြေအနေက အထူးလေယာဉ်နဲ့ တစ်ရက်၊ နှစ်ရက်အတွင်း ဝူဟန်မြို့ကို သွားရောက်ခေါ်ဆောင်ခွင့်ရဖို့ တရုတ်နိုင်ငံဘက်ကို ဆက်လက်မေတ္တာရပ်ခံထားပါတယ်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံ့လွန်တော်မူ

နေပြည်တော် ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ (၁၅)ရပ်ကွက်၊ သဒ္ဓမ္မဇောတိကာရာမပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဓမ္မာနုဓမ္မမဟာဒွါရနိုကာယ ဒုတိယဂဏာဓိပတိဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၂) နှစ်၊ သိက္ခာတော်(၆၂)ဝါအရ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ (၂၉- ၁-၂၀၂၀)၊ ဗုဒ္ဓဟူးနေ့၊ ည(၇:၃၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံ့လွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

ဓမ္မာနုဓမ္မမဟာဒွါရနိုကာယ ဒုတိယဂဏာဓိပတိ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ သဒ္ဓမ္မဇောတိကာရာမပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျှာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကျွဲတဲအုပ်စု၊ လေးပမောကျေးရွာ၊ ခမည်းတော် ဦးမှန်(၁) ဦးထွန်းအေး၊ မယ်တော် ဒေါ်စောတင်တို့မှ ၁၂၉၉ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျှာသည် ၁၂၁၂ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်နေ့တွင် မြန်အောင်မြို့နယ် ကွမ်းခြံကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တကောဏ္ဍညကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၉ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်နေ့တွင် လက်ပံတန်းမြို့နယ်၊ ပျဉ်းကတိုးကုန်းကျောင်း၊ ခဏ္ဍသိမ်၌ ကွမ်းခြံကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တကောဏ္ဍညကို ဥပဇ္ဈာယ်ပြုလျက် ဦးဘခိုင်၊ ဒေါ်ပန်းမယ် သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် မြန်အောင်မြို့နယ် ကွမ်းခြံကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည၊ ဘဒ္ဒန္တနာယက၊ ဟသ်ာတမြို့၊ လယ်တီကျောင်းဆရာတော် ဘဒ္ဒန္တကဝိသေဋ္ဌ၊ ဘဒ္ဒန္တခမာဝုဓ၊ ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒရံသီ၊ ဘဒ္ဒန္တပုညိန္ဒ၊ ဘဒ္ဒန္တအဂ္ဂဓမ္မာလင်္ကာရ၊ ဘဒ္ဒန္တဉာဏသာဂရ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ အလယ်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တမာယိန္ဒ၊ ဘဒ္ဒန္တ ပညိန္ဒ စသော ဆရာတော်များထံတွင် ပရိယတ္တိ စာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၄၂ ခုနှစ်မှ ၁၃၅၆ ခုနှစ်အထိ ရပ်/ကျေး သံဃနာယကအဖွဲ့ဝင်၊ ၁၃၅၆ ခုနှစ်မှ ၁၃၆၂ ခုနှစ်အထိ မြို့နယ်ဝိနည်းဓိရိ၊ ၁၃၆၂ ခုနှစ်မှ ၁၃၇၁ ခုနှစ်အထိ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ၁၃၇၁ ခုနှစ်မှ ၁၃၇၉ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပထမပြန်စာမေးပွဲ စာစစ်အဖွဲ့ဝင်၊ ကြီးကြပ်ရေးအဖွဲ့ဝင်၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယသာသနပါလ စာမေးပွဲကြီး၏ အကျိုးတော်ဆောင်အဖြစ် ၁၃၄၁ ခုနှစ်မှ ယနေ့ အထိ၊ ၁၃၈၀ ပြည့်နှစ်မှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ၊ ဒုတိယဂဏာဓိပတိ၊ ဂဏာရက္ခိတအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် ဆောင်ရွက်တော်မူခြင်း၊ ဂန္ထဓုရာဝဟဂုဏ်၊ ဂဏာစရိယဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ ပိဋကတ္တယ ဆေးကဂုဏ်၊ သံဃဂဏာဝိရောဓနဂုဏ်၊ လဒ္ဓီပေသလသိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၁၃၅၉ (၁၉၉၈)ခုနှစ်တွင် နိုင်ငံတော်အစိုးရက မဟာဂန္ဓဝါဓက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၈၁ (၂၀၂၀) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံပျံ့လွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၂) နှစ်၊ သိက္ခာတော်(၆၂)ဝါအရ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ (၂၉-၁-၂၀၂၀)၊ ဗုဒ္ဓဟူးနေ့၊ ည(၇:၃၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံ့လွန်တော်မူခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူအခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မန္တလေးဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများနှင့် ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ အမျိုးသားလူအခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင်၊ ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော အဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်မှ ၃၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနလက်အောက်ရှိ မန္တလေးဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများ ဖြစ်သော ၂၄ မိုင်၊ ထုံးဘိုး(မ)၊ ထုံးဘိုး(ကျား ၁၊၂) နှင့် ဘုရားငါးဆူတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်အတွင်း မိတ္ထီလာမြို့ရှိ ခရိုင်၊ မြို့နယ်တရားရုံး အချုပ်ခန်း၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီး အချုပ်ခန်း၊ မြို့မရဲစခန်း အချုပ်ခန်းနှင့် နယ်မြေရဲစခန်း အချုပ်ခန်းတို့ကို လည်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်၊ အကျဉ်းစခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တစ်ဦးချင်းတွေ့ဆုံလိုသော အကျဉ်းသား၊ အကျဉ်းသူများနှင့် တွေ့ဆုံကာ လူ့အခွင့်အရေး ဖောက်ဖျက်မှုခံရခြင်း ရှိ မရှိ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများ ရရှိမှု ရှိ မရှိတို့နှင့်စပ်လျဉ်း၍ မေးမြန်းမှတ်တမ်းတင်ခဲ့ကြပြီး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သိရသည်။ **သတင်းစဉ်**

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့နယ် ကျေးရွာများ၌ မြေပြင်ကွင်းဆင်း သတင်းရယူ

မောင်တော ဇန်နဝါရီ ၃၁

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ ညောင်ချောင်းကျေးရွာနှင့် ပဒင်းကျေးရွာတို့သို့ သွားရောက်ကာ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာတွင်နေထိုင်သူများနှင့်တွေ့ဆုံကာ သိရှိလိုသည်များ မေးမြန်းသတင်းရယူခြင်း၊ ကျေးရွာအတွင်း လှည့်လည်သတင်းရယူခြင်း ဆောင်ရွက်ကြသည်။

ပြန်လည်ရောက်ရှိ

မွန်းလွဲပိုင်းတွင် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မြန်မာ အမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

၃၅ ကြိမ်ရှိပြီဖြစ်

သတင်းမီဒီယာအဖွဲ့တွင် Frontier Myanmar၊ Black Night Media၊ Al Jazeera English၊ BBC၊ RFA၊ MRTV နှင့် MITV သတင်းဌာနတို့မှ သတင်းသမားများပါရှိပြီး သတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ သွားရောက်သတင်းရယူမှုအနေဖြင့် ၃၅ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

ဟန်လင်းနိုင်(သတင်းစဉ်)

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သတင်းစာရှင်းလင်းခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို မွန်ပြည်သစ်ပါတီ၏ ခေါင်းဆောင်များ လာရောက်တွေ့ဆုံခဲ့ပါကြောင်း၊ မွန်ပြည်သစ်ပါတီအနေဖြင့် ပါတီညီလာခံလုပ်ဆောင်ပြီးနောက် ခေါင်းဆောင်မှုအပြောင်းအလဲများဖြစ်ပေါ်ခဲ့ပြီး ခေါင်းဆောင်အပြောင်းအလဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ၎င်းတို့၏ Commitment ကို လာရောက်တင်ပြပြောကြားခြင်း ဖြစ်ပါကြောင်း။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ်။

မော်တော်ယာဉ်တင်သွင်းခွင့် ဆိုင်းငံ့

ဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့်နှင့် ပတ်သက်၍ မူလရည်ရွယ်ချက်မှာ အငြိမ်းစားသွားမည့် နိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်သွားခါနီးဝန်ထမ်းများကို ရည်ရွယ်၍ စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း ယခုအခါတွင် မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍ ဆိုင်းငံ့ထားရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ အကြီးအကဲများအနေဖြင့် ပြန်လည်သုံးသပ်ဆောင်ရွက်ရန် ရှိပါကြောင်း။

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE)၏အပြီးသတ်အစီရင်ခံစာကို ဇန်နဝါရီ ၂၀ ရက်တွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် ယင်းအစီရင်ခံစာအပြည့်အစုံကို ပြည်ထောင်စုရှေ့နေချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ကို ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးအနေဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် ကြေညာချက်များ ထုတ်ပြန်ထားပါကြောင်း၊ ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါကြောင်း၊ အစီရင်ခံစာအကျဉ်းချုပ်ကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ခဲ့ပါကြောင်း၊ တစ်ဆက်တည်းမှာပင် စစ်ဥပဒေချုပ်ရုံးမှ တပ်မတော်အနေဖြင့် စုံစမ်းစစ်ဆေးမှုဆောင်ရွက်သွားမည့် အကြောင်းကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်နှင့် တရားစွဲဆိုမှုများပြုလုပ်ရန် ကြေညာချက် ထုတ်ပြန်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ICOE အစီရင်ခံစာအပေါ်အခြေခံ၍ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

အဖွဲ့၏လုပ်ငန်းတာဝန်များမှာ အစီရင်ခံစာပါ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်ကာလများတွင် ARSA အဖွဲ့ဝင်များနှင့် ၎င်းတို့နှင့်အညီ တရားစွဲဆိုရေးဆောင်ရွက်ရန်၊ အစီရင်ခံစာအရ ရာဇဝတ်မှုကျူးလွန်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲဆိုရေး၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အတွင်း အရပ်သားများ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကိုလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲဆိုရေး ဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လူမှုအသိုင်းအဝိုင်းအားလုံးက ဒေသခံများအတွက် တရားစွဲဆိုခွင့်တိုင်တန်းမှုများကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများ အပါအဝင် ဖြေရှင်းဆောင်ရွက်ရန် သင့်လျော်သည့် နည်းလမ်းများရရှိရေး မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေမည့် အကူးအပြောင်းကာလ တရားမျှတမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်ရေးနှင့် နိုင်ငံတော်သမ္မတက အစီရင်ခံစာနှင့်စပ်လျဉ်း၍ အခြားပေးအပ်သည့် တာဝန်များထမ်းဆောင်ရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ICOE အစီရင်ခံစာနောက်ဆက်တွဲ ဖြစ်စဉ်ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ အပြည့်အစုံကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ခဲ့ပါကြောင်း။

စစ်ဆေးမှုများပြုလုပ်ခဲ့

ကိုရိုနာဗိုင်းရပ်စ်ကို ဇန်နဝါရီ ၇ ရက်တွင် တရုတ်နိုင်ငံက စတင်အတည်ပြုခဲ့ပါကြောင်း၊ ထိုသို့အတည်ပြုပြီးနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လေဆိပ်များ၊ ဆိုက်ရောက်နေရာများနှင့် နယ်စပ်ဂိတ်များတွင် Screen Test စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ဗိုလ်တထောင်ဟိုတယ်တွင် တည်းခိုနေသည့် တရုတ်နိုင်ငံသား ၁၉ ဦး အနက် ဝူဟန်မြို့သို့ရောက်ခဲ့သူတစ်ဦးမှာ ဖျားနာသည့်အတွက် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့ပြီး စစ်ဆေးမှုများပြုလုပ်ခဲ့ပါကြောင်း၊ ယင်းမှာရိုးရိုးဖျားနာခြင်းသာဖြစ်သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ လွယ်ကျယ်မြို့၌ နေထိုင်နေသူတစ်ဦးမှာ ဇန်နဝါရီ ၁၁ ရက်တွင် ဝူဟန်မြို့မှ ပြန်လည်ရောက်ရှိနေကြောင်း သတင်းရရှိသည့်အတွက် ဇန်နဝါရီ ၂၆ ရက်တွင် သွားရောက်စစ်ဆေးရာ ဖျားနာမှုမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်း၊ သို့သော်လည်း အိမ်အပြင်သို့ ၂ ပတ်တိတိ မထွက်ဘဲနေရန် စောင့်ကြည့်နေပါကြောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် မူဆယ်မြို့ မြန်မာ–တရုတ် ဝင်ပေါက်၊ ထွက်ပေါက်တွင် ရွှေလီမှ မူဆယ်သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသမီးတစ်ဦးအား စစ်ဆေးရာတွင် အပူချိန်လွန်ကဲနေသည့်အတွက် ဆေးရုံသို့ ပို့ဆောင်စစ်ဆေးရာ ကိုရိုနာဗိုင်းရပ်စ်မရှိဘဲ ရိုးရိုးဖျားနာခြင်းဖြစ်ပါကြောင်း၊ နောက်ဖြစ်စဉ်တစ်ခုမှာ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့မှ ပြန်လည်ရောက်ရှိလာပြီး ပုဗ္ဗသီရိဆေးရုံ၌ ဆေးဝါးကုသနေသူအား စစ်ဆေးရာရိုးရိုးအဖျားဖြစ်သည်ဟု သိရပါကြောင်း၊ မိတ္ထီလာမြို့နယ် ပြင်သာကျေးရွာ၌ နေထိုင်သူတစ်ဦးမှာ တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်ပြီး ဇန်နဝါရီ ၁ ရက်တွင် ပြန်လည်ရောက်ရှိလာကာ ချောင်းဆိုးဖျားနာသည့်အတွက် မိတ္ထီလာဆေးရုံ၌ ဓာတ်မှန်ရိုက်စစ်ဆေးရာ အဆုတ်တွင်အနာတွေ့ရှိပြီး ကိုရိုနာဗိုင်းရပ်စ်သံသယရှိသည့်အတွက် သီးသန့်အခန်းတွင် ထားရှိကုသနေစဉ် ဆိုင်ကယ်တက္ကစီဖြင့် ထွက်ပြေးသွားပါကြောင်း၊ ယခုအခါပြန်လည်ခေါ်ယူပြီး မိတ္ထီလာဆေးရုံအထူးကြပ်မတ်ဆောင်၌ ကုသလျက်ရှိပါကြောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် "၂၀၁၉ Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ"ကို ဖွဲ့စည်းခဲ့ပါကြောင်း။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ရောက်ရှိနေသော မြန်မာကျောင်းသား ကျောင်းသူ ၆၃ ဦးကို ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်းသား ကျောင်းသူများကို အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ရန် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်ထုတ်ပြန်ထားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့သို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်လည်ခေါ်ဆောင်ပြီး မန္တလေးလေဆိပ်သို့ ဆိုက်ရောက်မည် ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူ ၆၃ ဦးကို မန္တလေးမြို့ရှိ ကန်တော်နဒီဆေးရုံတွင် ထားရှိစောင့်ကြည့်သွားရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ၂၄ နာရီ စောင့်ကြည့်ပြီး ၁၄ ရက် ထားရှိမည်ဖြစ်ပါကြောင်း၊ သယ်ဆောင်လာသည့် လေယာဉ်ကို မန္တလေးမြို့တွင် ပိုးသတ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မေးမြန်း

ထို့နောက် သတင်းမီဒီယာများက ICJ ကြားဖြတ်အမိန့်နှင့် ပတ်သက်သည့်ကိစ္စများ၊ ICOE အစီရင်ခံစာနှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးအနေဖြင့် တပ်မတော်သို့ ညွှန်ကြားထားမှုအခြေအနေ၊ လက်ရှိအစိုးရလက်ထက်၌ ဗိုလ်ရှုသဘင်အခမ်းအနားကျင်းပရန် အစီအစဉ် ရှိ/ မရှိ၊ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ နယ်စပ်ဂိတ်များပိတ်ထားမှု ရှိ/ မရှိ၊ ဝူဟန်မြို့ရှိ မြန်မာကျောင်းသား ကျောင်းသူများ ခေါ်ယူမှုအခြေအနေ၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တွေ့ဆုံရန် အစီအစဉ် ရှိ/မရှိ၊ ဗစ်တိုးရီးယားကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ်တွင် အစိုးရ၏ငြိမ်းချမ်းရေး မျှော်မှန်းချက်အခြေအနေ၊ တရားခံပြေးများနှင့်ပတ်သက်၍ ဖမ်းဆီးရမ်းရေးဆောင်ရွက်နေမှုအခြေအနေ၊ ဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့် ဆိုင်းငံ့ထားရှိမှုအခြေအနေ၊ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ရှိ/မရှိကို အတည်ပြုနိုင်ခြင်းရှိ/မရှိအခြေအနေ၊ လွတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ပြန်လည်လွတ်မြောက်လာရန်အတွက် အစိုးရအနေဖြင့် ဆောင်ရွက်ခဲ့မှုအခြေအနေ အပါအဝင် အခြားသိရှိလိုသည့် အချက်အလက်များကို မေးမြန်းကြသည်။

မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ဦးဇော်ဌေးက ICJ မှ Provisional Measures ချမှတ်ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ချက် ထုတ်ပြန်ထားပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်တွင် ဆောင်ရွက်ထားမှုများကို ထုတ်ပြန်ထားပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်နောက်ဆုံးအပိုဒ်တွင် ICJ ၏ Provisional Measures သည် မိမိတို့နိုင်ငံအား တရားစီရင်ခွင့်ရှိခြင်း မရှိခြင်းကို ယင်းအပိုဒ်တွင် ဖော်ပြထားပါကြောင်း၊ ထို့အတွက် သဘောထားကို တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ဖြစ်စဉ်ကို ပြန်ကြည့်လျှင် **စာမျက်နှာ ၁၉ သို့** ❖

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြေညာ

ဝူဟန် ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ ကူးစက်မှုပျံ့နှံ့နေပြီး အဆိုပါရောဂါကြောင့် တရုတ်နိုင်ငံ၌ သေဆုံးသူဦးရေ ၂၁၃ ဦးအထိ မြင့်တက်လာကာ လူ ၁၀၀၀၀ နီးပါး ရောဂါကူးစက်ခံနေရပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယင်းရောဂါကူးစက်ပျံ့နှံ့မှုကို နိုင်ငံတကာအရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ယမန်နေ့က ကြေညာလိုက်သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက်ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ်၏ ခြိမ်းခြောက်မှုကို အစဝိုင်းကလျှော့တွက်ခဲ့သော်လည်း ရောဂါကူးစက်ပျံ့နှံ့လာမှုနှင့် ပတ်သက်၍ ဂျီနီဗာမြို့တွင် အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီးနောက် ရောဂါကူးစက်ပျံ့နှံ့မှုအန္တရာယ်မြင့်တက်လာသည့်အတွက် နိုင်ငံတကာကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ပြန်လည်ကြေညာခဲ့ခြင်းဖြစ်သည်။

"ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့နိုင်ငံအနှံ့ ကူးစက်ပျံ့နှံ့နေပါတယ်။ အများပြည်သူ ကျန်းမာရေးအတွက် စိုးရိမ်စရာကောင်းတဲ့အခြေအနေကို ရောက်ရှိနေပါတယ်။ နိုင်ငံတကာအရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာထားပါတယ်။ စိုးရိမ်စရာအကောင်းဆုံးကတော့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားနည်းတဲ့ နိုင်ငံတွေကို ကိုရိုနာဗိုင်းရပ်စ်ပိုးရောက်ရှိသွားမှာ စိုးရိမ်စရာပါပဲ" ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်အာဒါနွမ်ဂီဘရေးယားစ်က ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။

"ကူးစက်ပျံ့နှံ့မှုဟန့်တားနိုင်ဖို့ ကျွန်တော်တို့အားလုံး အတူတကွလုပ်ဆောင်ဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ထပ်မံပြောကြားသည်။

ကြာသပတေးနေ့အထိ ရောဂါပိုးကူးစက်ခံရသော နိုင်ငံနှင့် ဒေသများမှာ သြစတြေးလျ၊ ကနေဒါ၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ကမ္ဘောဒီးယား၊ မကာအို၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ဝေ)၊ ထိုင်း၊ သီရိလင်္ကာ၊ ယူအေအီး၊ အမေရိကန်ပြည်ထောင်စု၊ ဗီယက်နမ်၊ ဗြိတိန်နှင့် တရုတ်နိုင်ငံအပါအဝင် ၂၃ နိုင်ငံ ရှိသွားပြီဖြစ်ကြောင်း သတင်းများ အရ သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရွေးကောက်ပွဲနီးကပ်လာသဖြင့် လုံခြုံရေးတိုးမြှင့်ချထား

ဒါကာ ဇန်နဝါရီ ၃၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖေဖော်ဝါရီ ၁ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို မြို့တော်ဒါကာတွင် တပ်စွဲထားသည်။

အထက်ပါ ရွေးကောက်ပွဲတွင် လျှပ်စစ်မဲပေးစက်များဖြင့် မဲပေးသွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့၏ တပ်ခွဲ ၆၅ ခုကို ဒါကာမြို့၏ အချက်အချာကျသော နေရာများတွင်ချထားပြီး ၎င်းတပ်ဖွဲ့ဝင်များအနေဖြင့် ဖေဖော်ဝါရီ ၂ ရက်အထိ ဒါကာမြို့ရှိ လမ်းများပေါ်တွင် ကင်းလှည့်သွားမည်ဟု အထက်ပါတပ်ဖွဲ့မှ ပြောခွင့်ရသူ ရှာရီဖု အစ္စလာမ်က ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပရန်ရှိသော မြို့တော်ဝန်နေရာ ရွေးကောက်ပွဲနှင့် အုပ်ချုပ်ရေးမှူးများ ရွေးကောက်ပွဲများတွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့မှ တပ်ခွဲ ၁၀ ခုခန့်ကို လည်း လုံခြုံရေးအတွက် အရန်အင်အားအဖြစ် အသင့်ထားရှိသွားမည်ဖြစ်သည်။ ထို့အပြင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့အပါအဝင် ရဲအရာရှိ ၅၀၀၀၀ ခန့်ကိုလည်း လုံခြုံရေးအတွက် ချထားမည်ဟု သိရသည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲသည် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ လူကြိုက်များမှုကို စမ်းသပ်မည့်ပွဲတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ မဲဆွယ်စည်းရုံးမှုများအား နိုင်ငံအနှံ့တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တာဝန်ချထားရန် ရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာဦးဆောင်သော အဝါမီလီပါတီသည် ရွေးကောက်ပွဲတွင် လျှပ်စစ်မဲပေးစက် အသုံးပြုခြင်းကို ဆန့်ကျင်သော ဝန်ကြီးချုပ်ဟောင်း ခါလေတာဇီရာ ဦးဆောင်သော ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ် မီဇာ ဖီကောအစ္စလာမ်အလန်ဂျာက ရွေးကောက်ပွဲတွင် လျှပ်စစ်မဲပေးစက်များ အသုံးပြုပြီး ပြည်သူများ၏မဲများကို လုယူရန် ကြံစည်နေကြောင်း ပြောကြားခဲ့သည်။

အဝါမီလီပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ် အိုဘေဒဲကွာဒါက ရွေးကောက်ပွဲတွင် လျှပ်စစ်မဲပေးစက် အသုံးပြုခြင်းသည် ခေတ်သစ်နည်းပညာကိုယုံကြည်ပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ဒစ်ဂျစ်တယ်စနစ် ထွန်းကားစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အတိုက်အခံပါတီကြီးက ကန့်ကွက်မှုများရှိသော်လည်း ရွေးကောက်ပွဲကော်မရှင်ကမူ ရွေးကောက်ပွဲတွင် လျှပ်စစ်မဲပေးစက်များ အသုံးပြုပြီးမဲပေးရန်သာ ဆုံးဖြတ်ထားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

ဘက်စုံသုံး ဒရုန်းလေယာဉ် အစ္စရေးထုတ်ဖော်ပြသ

ဂျေရုဆလင် ဇန်နဝါရီ ၃၁

ဘက်စုံသုံး ခရီးဝေးပျံသန်းနိုင်သည့် မောင်းသူမဲ့ဒရုန်းယာဉ်သစ်အား အောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း အစ္စရေးနိုင်ငံပိုင် အာကာသနည်းပညာစက်မှုလုပ်ငန်း(အိုင်အေအိုင်)က သတင်းထုတ်ပြန်ခဲ့သည်။

ဟီရွန် အမ်ကေ-၂ ဟု အမည်ပေးထားသည့် မောင်းသူမဲ့ဒရုန်းလေယာဉ်သစ်သည် ဟီရွန်မောင်းသူမဲ့လေယာဉ်အမျိုးအစားများထဲ၌ နောက်ဆုံးပေါ် ပုံစံသစ်ဖြစ်ပြီး အစ္စရေးနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ အခြားသော နိုင်ငံနှစ်ဆယ်ကျော်၌ အသုံးပြုနေကြောင်း သိရသည်။ ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ထားသော ဟီရွန်မက်စ်-၂ သည် မဟာဗျူဟာမြောက်နှင့် လေကြောင်းဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ရန် ဖန်တီးထားသည့် မောင်းသူမဲ့ဒရုန်းယာဉ်ဖြစ်သည်။

ဟီရွန်မက်စ်-၂ မောင်းသူမဲ့လေယာဉ်သည် အမြင့်ပေ ၃၅၀၀၀ အထိ ပျံသန်းနိုင်ပြီး တစ်နာရီလျှင် ၂၅၉ ကီလိုမီတာအထိ အမြန်ဆုံးမောင်းနှင်နိုင်သည်။ နည်းပညာပိုင်းအား အဆင့်မြှင့်တင်လိုက်ခြင်းကြောင့် မောင်းသူမဲ့လေယာဉ်၏ ကိုယ်ထည်မှာ ပိုမိုခိုင်ခံ့ကျယ်ပြန့်ကြောင်းနှင့် ဝန်အလေးချိန်ထပ်မံတိုးမြှင့်မှုမရှိခြင်းကြောင့် လျင်မြန်မှုနှင့် ထိန်းချုပ်မှုအပိုင်း၌ ပိုမိုလွယ်ကူစေကြောင်း သိရသည်။ ယင်းမောင်းသူမဲ့လေယာဉ်သည် လေထုတွင်း၌ ၄၅ နာရီကြာ တစ်ဆက်တည်း ပျံသန်းနိုင်စွမ်းရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း

တောင်ကိုရီးယား သားရေစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား

ဆိုးလ် ဇန်နဝါရီ ၃၁

တောင်ကိုရီးယားနိုင်ငံရှိ သားရေစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

အကြောင်းရင်းမသိရှိရသေးသည့် ပေါက်ကွဲမှုတစ်ခုကြောင့် ဖြစ်ပေါ်ခဲ့သည့် အဆိုပါမီးလောင်မှုသည် တောင်ကိုရီးယားနိုင်ငံ၏မြို့တော် ဆိုးလ်မြို့မှ မြောက်ဘက် ကီလိုမီတာ ၃၀ အကွာ ယန်ဂျူးမြို့ရှိ သားရေစက်ရုံတစ်ရုံ၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

လူနှစ်ဦးသေဆုံးသည်ဟု အတည်ပြုနိုင်ခဲ့ပြီး ဒဏ်ရာများရရှိခဲ့သည့် အခြားလူ ရှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ထားသည်ဟု ဆိုသည်။ အဆိုပါမီးကို ၂၅ မိနစ်ခန့်အကြာတွင် ငြိမ်းသတ်နိုင်ခဲ့သည်။ ယင်းမီးလောင်မှုသည် သားရေစက်ရုံရှိ ဘိုင်လာခန်းမှ ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်သည်ဟု ယုံကြည်ရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ဇော်လင်း

ဩစတြေးလျတောမီး မြို့တော် ကင်ဘာရာအနီးသို့ ရောက်ရှိ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားရ

ကန်ဘာရာ ဇန်နဝါရီ ၃၁

ဩစတြေးလျနိုင်ငံအတွင်း တောမီးလောင်ကျွမ်းမှုသည် မြို့တော်ကင်ဘာရာနှင့် အနီးဝန်းကျင်ဒေသများသို့ နီးကပ်လောင်ကျွမ်းလာသည့်အတွက် ဩစတြေးလျအာဏာပိုင်များက အရေးပေါ်အခြေအနေတစ်ရပ် ယနေ့ကြေညာခဲ့သည်။

နိုင်ငံ၏ တောင်ပိုင်းရှိ အဆိုပါတောမီးကြောင့် ကင်ဘာရာမြို့၏ မြေဟက်တာပေါင်း ၁၈၅၀၀ ခန့် လောင်ကျွမ်းခဲ့ပြီးဖြစ်သည်။ အဆိုပါတောမီးသည် ၁၇ နှစ်အတွင်း မြို့တော်ကင်ဘာရာအတွက် အရေးပေါ်အခြေအနေ ပထမဆုံးကြေညာရသည့် တောမီးအဖြစ် မှတ်တမ်းတင်ခဲ့သည်။

တောမီးကြောင့် လာမည့်ရက်များတွင် ဒေသခံပြည်သူများအနေဖြင့် အပူချိန်ပြင်းထန်မှုကို ခံစားရမည်ဖြစ်သည်ဟု အာဏာပိုင်များက ဆိုသည်။

တောမီးလောင်ကျွမ်းမှု နီးကပ်လာသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် သတိပေးချက်များကို အဆက်မပြတ် စောင့်ကြည့်ရန်နှင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်အတွက် အဆင်သင့်အနေအထားတွင်ရှိနေရန် အာဏာပိုင်များက သတိပေးထားသည်။

ယခုအချိန်အထိ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၃၃ ဦးရှိပြီး မြေဟက်တာ ၁၀ သန်းကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကိုးကား-အင်နှစ်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃၁
ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းက ရွှေကူမြို့နယ် စီင်းကျေးရွာ ဗန်းမော်-ကသာကားလမ်းတွင် ထွန်းထွန်းမင်းမောင်းနှင်ပြီး စိုးမင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၃၈၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ ရွှေကူမြို့နယ် စီသော်ကျေးရွာနေ မခင်ဖြူထိမှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ပိုင်းက မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်

များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် လဂွမ်းအိမ်လမ်းပေါ်တွင် ဆန်းအောင် (၁) အဖိုးကြီးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၅ ပြားကို လည်းကောင်း၊ ထို့အတူ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၆ နာရီက မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ငွေဆင်အိမ်ရာဝင်းအနီးလမ်းတွင် ရဲရင့်မိုး(၁)နွေဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မဘိမ်း-မိုးမိတ်သွားလမ်း မြစ်ဆုံကူးတို့ဆိပ်အနီးတွင် Royal Saloon Crown အမျိုးအစားယာဉ်မှာ ရှာဖွေရေးနေရာသို့မရောက်မီ လမ်းဘေးခွဲ ရပ်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၈၃ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ပြို့နယ်အချို့၌ မီးလောင်မှုဖြစ်ပွား

မန္တလေး
မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၃ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြားရှိ ဘော်ဒါဆောင်နောက်ကျောဘက် ဆေးလိပ်မီးစွန့်ပစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် အဲကွန်းအောက်ဒိုးတစ်လုံးနှင့် ထိုင်ခုံအတိုအစများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဘော်ဒါဆောင်အနီးတွင် ဓာတ်ဆီဆိုင်ရှိသည့်အတွက် မီးငြိမ်းသတ်ယာဉ် ၃၀ ကျော်ဖြင့် မီးလောင်မှုအဆင့် Level-2 သတ်မှတ်ပြီး မီးငြိမ်းသတ်ခဲ့ကြောင်းနှင့် ဘော်ဒါဆောင်တာဝန်ခံကို နယ်မြေခံအမှတ်(၆)ရဲစခန်းတွင် အမှုဖွင့်အရေးယူရန် ဆောင်ရွက်နေကြောင်း သိရသည်။ **တင်ဇာလှိုင်**

ကျိုက်မရော
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အောင်သုခရပ်ကွက်၌ ယနေ့နံနက် ၃ နာရီက လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန် ၁၀ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၄ နာရီတွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ အဆိုပါနေအိမ်တွင် လူနေထိုင်ခြင်းမရှိကြောင်းနှင့် မီးလောင်မှုအကြောင်းရင်းအား မီးသတ်ဦးစီးဌာနက စုံစမ်းလျက်ရှိကြောင်း မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းတင်ထိမှ သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

ဖားကန့်
ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဇန်နဝါရီ ၃၀ ရက် ညဘိုင်းက နေအိမ်တွင် သွယ်တန်းထားသည့် လျှပ်စစ်ဆားဗစ်ကြိုး ဝိုင်ယာရှော့ဖြစ်ပွားကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် ည ၇ နာရီ မိနစ် ၄၀ က ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်အတွင်း မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဖားကန့်မြို့နယ်မြေမီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးချမ်းငြိမ်းသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးငြိမ်းသတ်ယာဉ် တစ်စီးနှင့် ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၇ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ စစ်ဆေးရာ အိမ်ရှင် ဦးလဗျလဂျာ နေထိုင်သည့် နေအိမ်မှသွယ်တန်းထားသော လျှပ်စစ်ဆားဗစ်ကြိုး ဝိုင်ယာရှော့ဖြစ်ပြီး နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးလဗျလဂျာအား ဖားကန့်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

မိုဃ်းကျ(မြစ်ကြီးနား)

သထုံမြို့နယ်၌ ၂၂ဘီးယာဉ်အား နောက်မှဝင်တိုက်၍ ယာဉ်မောင်းသေဆုံး

သထုံ ဇန်နဝါရီ ၃၁
မွန်ပြည်နယ် သထုံမြို့ ပေါ်တော်မူကျေးရွာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီး၌ ယနေ့ နံနက် ၅ နာရီခွဲခန့်က ၂၂ ဘီးယာဉ်အား နောက်မှဝင်တိုက်သဖြင့် ယာဉ်မောင်းသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ-မော်လမြိုင်သို့ယာဉ်မောင်းချစ်ထက်နိုင် တန်(၄၀၀) ဘိလပ်မြေစက်ရုံ မြိုင်ကလေး ဘားအံမြို့နေသူ မောင်းနှင်လာသော ၂၂ ဘီးယာဉ်မှာ စက်ချို့ယွင်းသဖြင့် လမ်းဘေးတွင် အချက်ပြမီးပြ၍ ရပ်တန့်ပြုပြင်နေစဉ် လားရာတူ နောက်မှ ယာဉ်မောင်း ဦးမြင့်သန်း (၆)ရပ်ကွက် ကော့ကရိတ်မြို့နေသူ မောင်းနှင်ပြီး ယာဉ်အကူ ကျော်မိုးလွင် (၇)ရပ်ကွက် ကော့ကရိတ်မြို့နေသူ လိုက်ပါလာသော ခြောက်ဘီးယာဉ်မှ ဝင်ရောက်တိုက်မိပြီး ခြောက်ဘီးယာဉ်မောင်း မြင့်သန်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်းဦးမြင့်သန်းအား သထုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

တရားမဝင် ပိတောက်သစ်ခွဲသားများ သိမ်းဆည်းရမိ

ထီးလင်း ဇန်နဝါရီ ၃၁
ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျင်းဘိနယ်၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၃ နာရီခန့်တွင် တရားမဝင် ပိတောက်သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ထီးလင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းပါနှစ်ဦး၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသိန်းဝင်းပါ သစ်တောဝန်ထမ်း နှစ်ဦး၊ ကျင်းကျေးရွာအုပ်ချုပ်ရေးမှူးပါ အဖွဲ့ဝင် ငါးဦး၊ ကျင်းနယ်မြေရဲစခန်းမှ ရဲအုပ် ထန်းမနှားနှင့်တပ်ဖွဲ့ဝင် နှစ်ဦးပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ထီးလင်း-ကျင်း-ပေါက် ကားလမ်း၊ ကျင်းကျေးရွာ အဝင် နေရာ၌ Canter ယာဉ်ပေါ်တွင် ပြစ်မှုကျူးလွန်သူ နှစ်ဦးနှင့်အတူ တရားမဝင် ပိတောက်သစ်ခွဲသား ၃၄ ချောင်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူနှစ်ဦးအား မြို့နယ်သစ်တောဦးစီးဌာနက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **၄ဖေ၅**

ရွှေပြည်သာမြို့နယ်၌ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

ရွှေပြည်သာ ဇန်နဝါရီ ၃၁
ရန်ကုန်တိုင်းဒေသကြီး မှုခင်းပြခန်းယာဉ်သည် ဇန်နဝါရီ ၃၀ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက် စက်မှုဇုန်(၁) စက်မှု(၁၀) လမ်းရှိ အတိုင်းထက်အလွန်အထည်ချုပ်စက်ရုံသို့ ရောက်ရှိပြီး ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှုး ရဲမှူး စိုးမိုးလွင်၊ မြို့မစခန်းမှူး ဒုရဲမှူး တင်မောင်လွင်၊ နယ်ထိန်းအရာရှိ ရဲအုပ် ကျော်စွာအောင်၊ လူကုန်တား တပ်ဖွဲ့စု(၆)မှ ဒုရဲအုပ်ဇော်ဦး၊ မူးယစ်တပ်ဖွဲ့စု(၄၀)မှ ရဲတပ်ကြပ်နေမင်းတို့က မှုခင်းနှင့်ပတ်သက်သည့်အကြောင်းအရာများ၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ အလုပ်ပြန်ချိန် လုယက်မှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမခံရစေရေးနှင့် မူးယစ်ဆေးဝါးသုံးခြင်းကြောင့် ရရှိနိုင်သည့်ဆိုးကျိုးများကို အသိပညာပေးဟောပြောခဲ့ရာ စက်ရုံမန်နေဂျာ ဦးဘိုဘိုနိုင်နှင့် စက်ရုံဝန်ထမ်း ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)

သုံးခွမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၍ ကျောင်းသားတစ်ဦးသေဆုံး

ရန်ကုန် ဇန်နဝါရီ ၃၁
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန် ကျေးရွာတွင် ယနေ့ နံနက် ၉ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် ဒုတိယတန်းကျောင်းသားတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သုံးခွမှ သန်လျင်သို့ စည်သူလင်းရန်ကြီးအောင်ကျေးရွာနေသူသည် ဆိုင်ကယ်ဖြင့် ၎င်းရှေ့မှ တူဖြစ်သူ မောင်ကျော်မင်းဦးနှင့် နောက်မှ ဖခင်ဖြစ်သူဦးအောင်ကြည်ဟေမဇလာကျေးရွာနေသူတို့အား တင်ဆောင်မောင်းနှင်လာစဉ် သိုက်တူးကန် ကျေးရွာအနီး အရောက်တွင် ရှေ့မှ လားရာတူ မောင်းနှင်နေသော ယာဉ်တစ်စီးအား ကျော်တက်ရာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ မျက်နှာချင်းဆိုင်ဘက်မှ ဦးဝင်းအောင် ခရမ်းမြို့နယ်နေသူ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်အား တိုက်မိပြီး မောင်ကျော်မင်းဦးမှာ ရရှိဒဏ်ရာများဖြင့် သုံးခွဆေးရုံသို့ ပို့ဆောင်ရာ သေဆုံးသွားကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ စည်သူလင်းအား သုံးခွမြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

ဝက်လက်- လှတောကားလမ်း၌ ယာဉ်တိုက်မှုဖြစ်

ဝက်လက် ဇန်နဝါရီ ၃၁
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဝက်လက်-လှတောကားလမ်းတွင် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်က ဝက်လက် - လှတောလမ်းအတိုင်း ယာဉ်မောင်းကျော်နိုင်ထွန်း (၁) ရန်နိုင်ဦး (၁) ဘိုဘို အမှတ် (၃) ရပ်ကွက် ဝက်လက်မြို့နေ မောင်းနှင်လာသော ယာဉ်နှင့် ယာဉ်မောင်း မိုးဟိန်း အမှတ်(၁) ရပ်ကွက် ဝက်လက်မြို့နေ မောင်းနှင်လာသော ယာဉ်တို့ ပင်းဇင်းကျေးရွာအနောက်ဘက် မိုင်တိုင်အမှတ် 3 KM အရောက်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးအား ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

ရွှေလုပ်ကွက်ကျင်းဟောင်း၌ အမျိုးသားတစ်ဦး ကျင်းပိသေဆုံး

ဗန်းမောက် ဇန်နဝါရီ ၃၁
ဗန်းမောက်မြို့နယ် ပန်းတောကျေးရွာအုပ်စု ပေကုန်းကျေးရွာအနီး မကျည်းပင်လျှိုအတွင်း ရွှေလုပ်ကွက်ကျင်းဟောင်း၌ ယနေ့ နံနက် ၉ နာရီခန့်က အမျိုးသားတစ်ဦး ကျင်းပိသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မံထုံရဲကင်းစခန်းမှူး ဒုရဲအုပ်ယဉ်ထွေးသည် သက်သေများနှင့်အတူ ကျင်းပိသေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မောင်နော်ဆန်းအောင် မိုးဟောက်အုပ်စု မိုးမိတ်မြို့နေသူဖြစ်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် ဆက်လက်စုံစမ်းနေကြောင်း သိရသည်။

အေးမြသက်ထား

ရှေ့နေနှင့် "အချစ်နှင့်အမုန်း"

ဦးဟန်ညွှန့် (ဥပဒေ)

နိဒါန်း

"ဆရာ"
"ဗျာ"
"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
"ရှေ့နေနှင့် "အချစ်နှင့်အမုန်း" ပါတဲ့"
" ကဗျာဆန်လိုက်တာနော် ဆရာ"
"အေးဗျာ၊ စာရေးဆရာကြီး ဒဂုန် တာရာရေးတဲ့ နာမည်ကျော် ကဗျာတစ်ပုဒ်ပါပဲ"
"အကျိုးအကြောင်း ရှင်းပြပါဦးဆရာ "
"အေးဗျာ . . . ခံစားကြည့်ကြပါစို့"

အချစ်နှင့်အမုန်း

ပျိုးသောသစ်ပင်
ရှင်သန်သောအခါ မြေမှာပေါက်လာ
ဖူးညှာသီးဆင့် အပွင့်ခိုင်တွဲ
ကြဲသောမျိုးကို ခူးရမြဲ ။
အမုန်းပင်ကို
စိုက်လိုမူကား ဝန်တိုင်ဖြူစူ
မကြည်ဖြူစတမ်း၊ ဆိုးသွမ်းရက်စက်
ညှဉ်းပန်းလေရာ၊ လိမ်ညာဖုံးဝှက်
လုယက်သတ်ဖြတ်၊ သူ့အားရွံ့ရှာ
မေတ္တာကင်းပ၊ မဲ့ကြ၊ ရွံ့ကြ၊ ကဲ့ရဲ့ကြ
ရန်သူကဝိုင်း၊ တစ္ဆေသရဲ့ပြိုင်း
တောရိုင်းကန္တာရ ခြောက်သွေ့လှသည်
သူ့သာ အထီးကျန်။
အချစ်ပင်ပျိုး
စိုက်ပျိုးသူကား၊ သနားကြင်နာ
ညှာတာသည်းခံ၊ စံလျှင်ဝေမျှ
ခံစရာရှိက၊ ရှေ့မှသူရပ်
မားမားမတ်သည်၊ အများပြည်သူ
လူတကာက မြတ်နိုးခံရ
မေတ္တာခံရ၊ ရန်သူမရှိ
လိုလားသူသာ၊ ဝန်းရံကာလျက်
နှစ်သက်ခင်မင် လွတ်လပ်ပျော်ရွှင်
စည်ပင်ဝပြော၊ လှပလန်းဆန်း
ငြိမ်းချမ်းသာသာ အေးမြမြဲ။
အမုန်းပင်မျိုး
သည်အမျိုးလျှင်၊ အချစ်ပင်မပေါက်
မုန်းညောင့်ညွှန့်ကြ၊ သူ့ဘဝ၏
ဓမ္မတရား၊ သင်ကြားခဲ့သည်
သင်ဘယ်သစ်ပင် စိုက်မည်နည်း
(၁၉၈၁၊ အောက်တိုဘာ၊ ရှုမဝမဂ္ဂဇင်း)

အလွတ်နီးပါး

ဆရာကြီး ဒဂုန်တာရာ ရေးခဲ့သော ထင်ရှားသည့် ကဗျာတစ်ပုဒ် ဖြစ်ပါပေသည်။ အချစ်နှင့် အမုန်း၏ ကွာခြားမှုကို ကွက်ကွက်ကွင်းကွင်း အလင်းပြခဲ့ခြင်းလည်း ဖြစ်ပါသည်။ ကျွန်တော် ကြိုက်လွန်း၍ အလွတ်နီးပါး ရခဲ့သော ကဗျာတစ်ပုဒ်လည်း ဖြစ်ပါသည်။

ဆရာကြီး ဒဂုန်တာရာက–

"ကျွန်တော်သည် ပန်းပွင့်ချိန်ကို မျှော်မှန်းတွေးခေါ်ကာ အထက်ပါကဗျာကို ရေးဖွဲ့မိခြင်း ဖြစ်သည်။ လူသားတို့၏ မျှော်မှန်းချက်၊ လူသားတို့၏ ချစ်ခြင်းမေတ္တာတရားကို ကိုယ်စားပြုမည်ဆိုလျှင် ပန်းပွင့်ချိန် မျှော်မှန်းချက်သည် အားကောင်းသည်ဟု ဆိုနိုင်မည်ထင်သည်။ အချစ်ပန်းပွင့်ချိန်တွင် ကမ္ဘာကြီးသည် အေးချမ်းသာယာ အနုပညာတို့ လွတ်လပ်စွာ ဖူးပွင့်ဝေဆာမည် ဖြစ်ပေသည်" စသည်ဖြင့် ၁၉၈၇ ခုနှစ် ဧပြီလ စံပယ်ဖြူ မဂ္ဂဇင်းတွင် အချစ်နှင့်အမုန်း ကဗျာအကြောင်း ရှင်းလင်းတင်ပြ ရေးသားခဲ့သေးသည်။

ရန်သူမရှိ၊ မိတ်ဆွေသာရှိ

"ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ" ဟူသော စကားရပ်မှာ ထင်ရှားလှသည်။ ဆရာကြီး ဒဂုန်တာရာ၏ လက်သုံးစကားလည်းဖြစ်၍ လူတိုင်း၏ရင်မှာ စွဲခဲ့သည်။ ကျွန်တော်တို့နှလုံးသားထဲမှာ အမြဲကိန်းဝပ်ခဲ့သောစကား၊ ချစ်ကြည်ရေးစကား၊ ငြိမ်းချမ်းစကား၊ အမြဲကြိုဆိုအပ်သော မေတ္တာတရား----------။

ဆရာကြီး ဒဂုန်တာရာကလည်း အထက်ပါ စကားရပ်ကို ၁၉၃၀ ပြည့်နှစ်ကျော်ကျော်လောက်က မိမိကိုယ်ကို မဲဇာ သို့ပို့ခြင်းကဗျာတွင် ရရှိခဲ့ကြောင်း၊ ဘဝအတွေ့အကြုံ၊ သမိုင်းခေတ်အတွေ့အကြုံကို ဖြတ်သန်းရင်းရရှိခဲ့သော အတွေးအခေါ်ဖြစ်ကြောင်း ထုတ်ဖော်ရေးသားခဲ့ဖူးလေသည်။

ပြည်တွင်းစစ်

ကျွန်တော်တို့၏ မြန်မာနိုင်ငံတော်သစ်သည် ၁၉၄၀ ပြည့်နှစ်ကစ၍ ပြည်တွင်းစစ်နှင့် ကြုံတွေ့ခဲ့ရကြောင်း၊ နေ့စဉ်ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိပါးသောအဖြစ်အပျက်များ သိရှိဖတ်ရှုခဲ့ရကြောင်း၊ သည်တော့ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး စသည်ဖြင့် ငြိမ်းချမ်းရေးကို စိတ်ဝင်စားခဲ့ပါကြောင်း၊ ယင်းသို့သော သမိုင်းအတွေ့အကြုံများမှ ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ ဟူသော အတွေးအခေါ်ကို ရရှိခဲ့ကြောင်း၊ အမုန်းပင် စိုက်ပျိုး၍ အချစ်ပန်းမပွင့်ဟူသော အတွေးအခေါ်ကို ရရှိခဲ့ကြောင်း၊ အချစ်ပင်စိုက်မှ အချစ်ပန်းပွင့်မည်သာ ဖြစ်ကြောင်း ... ဆရာကြီးဒဂုန်တာရာက တင်ပြခဲ့ဖူး၍ ကျွန်တော်မှတ်သားမိနေပါသည်။

ရန်သူဆိုသော စကားလုံး

ရန်သူဆိုသောစကားလုံးသည် စစ်ပွဲများတွင်သာ သုံးသင့်သည်။ အရပ်သားချင်း လောကတွင် မသုံးသင့်ဟု ထင်ပေသည်။ မိမိက ရန်သူဟူ၍ သဘောမထား။ သို့သော် မိမိကို ရန်လိုလျှင်ကတော့ မတတ်နိုင်။ ထို့ကြောင့် ကျွန်တော်က ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိဟု တွေးမိခြင်းဖြစ်သည်။ အယူအဆ မည်ကဲ့သို့ပင် ကွဲပြားခြားနားစေကာမူ တစ်ဖက်နှင့်တစ်ဖက် တစ်ယောက်နှင့်တစ်ယောက် နားလည်လျှင် ရန်ဖြစ်စရာ အကြောင်း ရှိမည်မထင်ဟုလည်း ဆရာကြီး ဒဂုန်တာရာက ရေးခဲ့ပေသေးသည်။

(ဒဂုန်တာရာ၏ နိုင်ငံရေးယဉ်ကျေးမှု၊ စာ-၃၄၊ ၂၀၁၀၊ ဇွန်လ၊ တိုးမြစ်စာအုပ်တိုက်)

ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးအကြောင်း သိချင်၊ လေ့လာချင်၍ စာအုပ်များစွာ ရှာဖွေဖတ်ရှုခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွေ့အကြုံ ကြွယ်ဝသော ပုဂ္ဂိုလ်ကြီးအချို့နှင့်လည်း ကျွန်တော် တွေ့ဆုံ၊ ဗဟုသုတရယူဖူးပါသည်။

ငြိမ်းချမ်းရေးညီလာခံများသို့လည်း ရှေ့နေတစ်ဦး အဖြစ် တာဝန်အရရော၊ သာမန် စိတ်ဝင်စားသူ အနေဖြင့်ပါ ကျွန်တော်တက်ရောက်လေ့လာခဲ့ဖူးပေသည်။ ဘယ်တော့ ဖြစ်ကြောင်း ... ဆရာကြီးဒဂုန်တာရာက တင်ပြခဲ့ဖူး၍ ကျွန်တော်မှတ်သားမိနေပါသည်။



ဖြစ်မည်လဲ၊ ဘယ်တော့ ငြိမ်းချမ်းရေးရမှာလဲဟူသော အားမလိုအားမရ ဝေဒနာကိုသာ ရခဲ့လေသည်။ ပြည်သူ အပေါင်း၏ မျှော်တလင့်လင့် ဇာတ်လမ်းများ (မပြီးသေးသော ပန်းချီကားပမာ) ဖြစ်ခဲ့ရလေသည်။ ပြည်သူတို့ကို ကျော်ခိုင်း၍ သွားလေပြီဟူသော ပေါက်ခေါင်းသတင်း ထောက်ကြီး ဦးအုန်းရှိန်၏ ဓာတ်ပုံကိုလည်း မျက်စိထဲတွင် ပြန်လည်မြင်ယောင်မိလေသည်။

သမိုင်းသုတေသီ ဒေါက်တာစိန်မြင့်

သမိုင်းသုတေသီ ဒေါက်တာစိန်မြင့် ပြုစုသော " မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးရင်းဖြင့် ငြိမ်းချမ်းရေး"(၁၉၆၃-၁၉၈၈) စာအုပ်၊ စာ ၁၇၅ တွင်-

"လက်နက်ကိုင်အင်အားစုများလည်း လက်နက်အပ်ရေးကို လုံးလုံးစိတ်မဝင်စားသဖြင့် လက်နက်ကိုင်လျက် ငြိမ်းချမ်းရေးကိုသာ တည်ဆောက်လိုပေသည်။ ထိုသို့ဖြင့် ငြိမ်းချမ်းရေးတမ်းတမှု မျှော်လင့်ချက်များသည် ပျောက်ကွယ်လျက် ပျောက်ဆုံးသွားလျက်သာ ရှိနေခဲ့ရပြီ။ တွေ့ဆုံဆွေးနွေးရေးသည်လည်း ပျောက်ကွယ်ခဲ့ရ၊ ပျက်ပြားခဲ့ရ ပေတော့သည်။ ပြည်တွင်းစစ်သည်လည်း မရပ်မနားဆက်လက်ဖြစ်ပွားခဲ့လေတော့သည် " ဟူ၍ သမိုင်းမှတ်တမ်းတင် သံဝေဂရေးသားခဲ့ဖူးချက်ကို ကျွန်တော် အမြဲသတိရ၊ သတိထားနေမိသည်။ သမိုင်းသံဝေဂဟူ၍ပင် ကျွန်တော် တွေးထင်နေမိလေသည်။

နိဂုံး

(၁) သင်ဘယ်သစ်ပင်စိုက်မည်နည်း . . . တဲ့။
(၂) အမုန်းပင်လား။
(၃) အချစ်ပင်လား။
(၄) ဝေခွဲပိုင်းခြားချိန်တန်ပါပြီ ... ။

အယူအဆ မည်ကဲ့သို့ပင်ကွဲပြားခြားနားစေကာမူ တစ်ဖက်နှင့်တစ်ဖက် တစ်ယောက်နှင့်တစ်ယောက် နားလည်လျှင် ရန်ဖြစ်စရာအကြောင်းရှိမည်မထင်

မန်းချောင်းရေလှောင်တမံမှ နွေစပါးနှင့် သီးနှံများ စိုက်ပျိုးနိုင်ရေး ရေလုံလောက်စွာ ပေးဝေမည်

မကွေး ဇန်နဝါရီ ၃၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံမှ မန်းချောင်းတမံဆည်ရေသောက်ဧရိယာအတွင်း နွေစပါး၊ နွေသီးနှံစိုက်ပျိုးရန်နှင့် ရေပေးဝေရန် ဆောင်ရွက်လျက်ရှိသည်။

မန်းချောင်းရေလှောင်တမံ ရေသောက်ဧရိယာတွင် နွေစပါး ဧက ၁၅၆၀၊ နွေနှမ်း ၁၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး မန်းချောင်းရေလှောင်တမံမှတစ်ဆင့် မင်းဘူး(စကု)မြို့နယ် အိုင်းမရေလွှဲဆည်သို့ ရေကူပေးဝေကာ အိုင်းမဆည်ရေသောက် ဧရိယာအတွင်း နွေနှမ်း ဧက ၁၇၀၀၀ စိုက်ပျိုးရန် လျာထားကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ(မြို့ပြ) ဦးမြတ်ဇော်သိန်းထံမှ သိရသည်။

မန်းချောင်းရေလှောင်တမံမှ နွေစပါးစိုက် ဧရိယာများအတွက် ဖေဖော်ဝါရီ ၁၅ ရက်တွင် လည်းကောင်း၊ အိုင်းမရေလွှဲဆည်နှင့် ရင်းရှည် ရေလှောင်တမံတို့မှ နွေနှမ်းစိုက်ဧရိယာများ အတွက် မတ် ၁ ရက်တွင် လည်းကောင်း ရေစတင်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး
(ငဖဲ)

၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

၅။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က)အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန်အလို့ငှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ၊ အလုပ်သမားရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာဝန်ကြီးဌာနများ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်စားပြု ဝန်ကြီးများ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များ၊ ပြင်ပမှ ပညာရှင်များနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့်အမျိုးသားကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။"

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသော အမျိုးသားကော်မတီ၏ သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သက်တမ်း အတိုင်းဖြစ်ပြီး ယင်းသက်တမ်းအတွင်း လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ အစားထိုးခန့်အပ်နိုင်သည်။"

၆။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၄ ကိုပယ်ဖျက်ရမည်။

၇။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ(က)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(က)အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကို တာဝန်ခံရမည်။"

(ခ) ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(င) အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်သော်လည်းကောင်း၊ ကဏ္ဍအလိုက်သော်လည်းကောင်း၊ လုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီး သတ်မှတ်သင့်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားများအပေါ် အကြံပြုချက်ကို တစ်နှစ်တစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။"

(ဂ) ပုဒ်မခွဲ(စ)နှင့်(ဆ)တို့ကိုပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဇ) နိုင်ငံတော်၏ စီးပွားရေးနှင့် ငွေရေးကြေးရေးအခြေအနေ အရပ်ရပ်ကို စဉ်ဆက်မပြတ်သုံးသပ်ပြီး အနည်းဆုံး အခကြေးငွေ ပြန်လည်သတ်မှတ်သင့်သည့်အခါတိုင်း ပြည်ထောင် စုအစိုးရအဖွဲ့သို့ တင်ပြရမည်။"

၈။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ အခန်း(၄) ခေါင်းစဉ်ကို ပယ်ဖျက်ရမည်။

၉။ ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ အမျိုးသားကော်မတီသည် ဤဥပဒေပါအနည်းဆုံးအခကြေးငွေ ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည့် လုပ်ငန်းအမျိုးအစားကဏ္ဍအလိုက် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။ ထို့အပြင် အဆိုပါလုပ်ငန်းများကို ပြောင်းလဲလာသောအခြေအနေနှင့်အညီ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။"

၁၀။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၇ တွင်-

(က) ပုဒ်မခွဲ(က)(ဂ)(ဆ)နှင့်(ဇ)တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဃ) ငွေကြေးဖောင်းပွမှုနှုန်းနှင့် စားသုံးသူ ဈေးဆန္ဒနှုန်း၊"

၁၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၈ နှင့် ၉ တို့ကို ပယ်ဖျက်ရမည်။

၁၂။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၀ တွင်-

(က) ပုဒ်မ ၁၀ ၏ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အမျိုးသားကော်မတီ၏ တင်ပြချက်အပေါ်စိစစ်ပြီး အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက အနည်းဆုံးအခကြေးငွေ သတ်မှတ်မည့် အဆိုပြုအမိန့်ကြော်ငြာစာကို အများပြည်သူ သိရှိစေရန်နှင့် အကြံပြုချက်များ၊ ကန့်ကွက်လိုပါက ကန့်ကွက်ချက်များပေးပို့နိုင်ရန် ရက်ပေါင်း ၆၀ ကြာတင်၍ နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာများတွင် ထုတ်ပြန် ကြော်ငြာရမည်။"

(ခ) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) အကြံပြုချက်များ၊ ကန့်ကွက်ချက်များရှိပါက အမျိုးသားကော်မတီနှင့် ပြန်လည်ညှိနှိုင်းပြီး အနည်းဆုံးအခကြေးငွေနှုန်းထားကို သတ်မှတ်အတည်ပြုရမည်။"

၁၃။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၁ ကိုပယ်ဖျက်ရမည်။

၁၄။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၂ တွင်-

(က) ပုဒ်မခွဲ(ခ)၊(ဃ)၊(င)တို့ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) တည်ဆဲအခကြေးငွေပေးချေရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဖြတ်တောက်ခြင်းမှအပ အခြားမည်သည့်အကြောင်းကြောင့်မျှ အလုပ်သမားတစ်ဦး ရခွင့်ရထိုက်ရှိသော အနည်းဆုံးအခကြေးငွေကို ဖြတ်တောက်နုတ်ယူခြင်းမရှိစေရ။"

၁၅။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၃ တွင်-

(က) ပုဒ်မခွဲ(က)တွင်ပါရှိသော "သက်ဆိုင်ရာအလုပ်သမားများ" ဆိုသည့် စကားရပ်၏ နောက်တွင် "နားလည်နိုင်သောဘာသာ စကားဖြင့်"ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ(ဂ)နှင့်(စ)တို့ကို ပယ်ဖျက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

ရွှေနေများကောင်စီနှင့် ရွှေနေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

၂၆။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူသည် ပုဒ်မ ၂၁ ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ရွှေနေအလုပ် သင်ကြားခွင့်ပြုရန် မိမိရွှေနေအလုပ် သင်ကြားမည့် နယ်မြေရှိဒေသဆိုင်ရာ ရွှေနေများကောင်စီသို့ ပုဒ်မ ၂၂ ပါ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားပြီး ခွင့်ပြုချက်ရယူရမည်။

အခန်း (၈)

အထက်တန်းရွှေနေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်း

၂၇။ (၁) ပုဒ်မ ၂၁ ပါ အရည်အချင်းများနှင့် လိုအပ်ချက်များ ပြည့်စုံသော အလုပ်သင်ရွှေနေသည် -

(က) ရွှေနေအလုပ်သင်ကြားမှု တစ်နှစ်ပြည့်မြောက်သည့်အခါ သင်ကြားပေးသည့် တရားလွှတ်တော်ရွှေနေ၏ ရွှေနေအလုပ်သင်ကြားမှုပြီးဆုံးကြောင်း ထောက်ခံချက်နှင့်အတူ အမှုလိုက်နေ့စဉ်မှတ်တမ်းပူးတွဲ၍ အထက်တန်းရွှေနေအဖြစ် သက်သေခံမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဒေသဆိုင်ရာရွှေနေများ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေအရ သတ်မှတ်ထားသော အခွန်တံဆိပ်ခေါင်းပူးတွဲ၍ တင်ပြရမည်။

(၂) အစိုးရရှေ့နေဖြင့်ဆောင်ရွက်နေသည့် ဥပဒေအရာရှိအဆင့် ၄ များသည် အထက်တန်းရွှေနေအဖြစ် သက်သေခံမှတ်ပုံတင်လက်မှတ် မရရှိသေးပါက အထက်တန်းရွှေနေအဖြစ် သက်သေခံမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ပြည်ထောင်စုရွှေနေချုပ်ရုံး သို့မဟုတ် သက်ဆိုင်ရာဥပဒေချုပ်ရုံးမှတစ်ဆင့် ဒေသဆိုင်ရာ ရွှေနေများကောင်စီသို့ လျှောက်ထားရမည်။

(၃) ဤဥပဒေမပြဋ္ဌာန်းမီက အထက်တန်းရွှေနေအဖြစ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသူများသည် ဤဥပဒေနှင့်အညီ အထက်တန်းရွှေနေအဖြစ် မှတ်ပုံတင် သက်သေခံလက်မှတ်ထုတ်ပေးရန် ဒေသဆိုင်ရာရွှေနေများကောင်စီသို့ လျှောက်ထားနိုင်သည်။

၂၈။ ဒေသဆိုင်ရာ ရွှေနေများကောင်စီသည် -

(က) ပုဒ်မ ၂၆ နှင့် ၂၇ တို့အရ လျှောက်ထားချက်နှင့် တင်ပြချက်တို့ကို စိစစ်ပြီး အထက်တန်း ရွှေနေအဖြစ် ဝင်ခွင့်ပြုရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ထိုသို့ ခွင့်ပြုပါက အထက်တန်းရွှေနေများ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းပြီး အထက်တန်းရွှေနေအဖြစ် သက်သေခံမှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ထားသော အခွန်တံဆိပ်ခေါင်းဖြင့် ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးရာတွင် လက်တွေ့ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုမည့် အထက်တန်းရွှေနေအား ပြက္ခဒိန်နှစ်တစ်နှစ်အတွက် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် မှတ်ချက်ပြုပြီး လက်တွေ့ အမှုလိုက်ပါဆောင်ရွက်ခြင်း မပြုသည့် ပြည်သူ့ဝန်ထမ်းအား အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် ခွင့်မပြုသည့် အပြင် ၎င်းတို့၏ အထက်တန်းရွှေနေ သက်သေခံမှတ်ပုံတင်လက်မှတ်များကို အသစ်လဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ပြုကြောင်း မှတ်ချက်ရေးသားရမည်။

၂၉။ ပုဒ်မ ၂၆ နှင့် ၂၈ တို့ပါ ပြဋ္ဌာန်းချက်အရ ပြည်သူ့ဝန်ထမ်းက အထက်တန်းရွှေနေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် ၎င်းအား ဝင်ခွင့်ပြုသည့် သက်သေခံမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အစိုးရရှေ့နေ သို့မဟုတ် ဥပဒေအရာရှိနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၀။ အထက်တန်းရွှေနေအဖြစ် သက်သေခံ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) သတ်မှတ်ပေးသည့် ပြက္ခဒိန်နှစ် တစ်နှစ်ပြည့်ပြီးနောက် ဆက်လက်၍ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုလုပ်လိုသည့်အခါ ထိုတစ်နှစ်မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ အထက်တန်းရွှေနေ သက်သေခံမှတ်ပုံတင်လက်မှတ်အသစ် လဲလှယ်ထုတ်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာရွှေနေများ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အထက်တန်းရွှေနေ သက်သေခံမှတ်ပုံတင်လက်မှတ်အသစ် လဲလှယ်ထုတ်ပေးရန် လျှောက်ထားရာတွင် အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်း မပြုပါက သတ်မှတ်ထားသည့် ရက်လွန်ကြေး ပေးသွင်းရမည်။

၃၁။ ဒေသဆိုင်ရာ ရွှေနေများကောင်စီသည် ပုဒ်မ ၃၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်တံဆိပ်ခေါင်းဖြင့် အထက်တန်းရွှေနေ သက်သေခံ မှတ်ပုံတင်လက်မှတ်အသစ် လဲလှယ်ထုတ်ပေးရမည်။

၃၂။ အထက်တန်းရွှေနေတစ်ဦးဦးသည် သက်တမ်းရှိ အထက်တန်းရွှေနေ သက်သေခံ မှတ်ပုံတင်လက်မှတ်ရရှိမှသာ သက်ဆိုင်ရာ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့်ရုံးတွင် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည်။

၃၃။ အထက်တန်းရွှေနေတစ်ဦးဦးသည် မိမိအား အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် ခွင့်ပြုထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှအပ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသို့ပြောင်းရွှေ့ပြီး အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရန် အကြောင်းပေါ်ပေါက်ပါက အထက်တန်းရွှေနေမှတ်ပုံတင်စာရင်း လွှဲပြောင်းပေးရန် မိမိအား မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် ဒေသဆိုင်ရာ ရွှေနေများကောင်စီသို့ တင်ပြရမည်။

(ဆက်လက်ဖော်ပြပါမည်)

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရေးအစည်းအဝေး ကျင်းပ

ပဲခူး ဧနီနဝါရီ ၃၁

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဧနီနဝါရီ ၂၉ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားသည်။ ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက ဆွေးနွေးပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ကိုရိုနာဗိုင်းရပ်စ်ရောဂါ စတင်ဖြစ်ပွားမှုနှင့် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လည်းကောင်း၊ ပဲခူးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်က ဆေးရုံအတွင်း အရေးပေါ်ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှုများကို လည်းကောင်း၊ ခရိုင် အုပ်ချုပ်ရေးမှူးဦးရဲထွဋ်က ရောဂါပိုးကြိုတင်ကာကွယ်ခြင်းနှင့် ပတ်သက်၍ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများကို လည်းကောင်း၊ ဒေါက်တာဒေါ်ရီရီက ပြည်ပနိုင်ငံခြားသားများ ဝင်ရောက်နေထိုင်မှုအပေါ် စောင့်ကြည့်စစ်ဆေးသွားရမည့် အခြေအနေများကို လည်းကောင်း၊ ပဲခူးမြို့ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးဟိန်းထက်က ပဲခူးစက်မှုဇုန်အတွင်း နိုင်ငံခြားသားဝင်ရောက်မှုနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

တင်စိုး(ပဲခူး)

တရုတ်နိုင်ငံ မန်စီမြို့၌ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမား ၁၁၆ ဦး မူဆယ်မြို့နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်

မူဆယ် ဧနီနဝါရီ ၃၁

တရုတ်နိုင်ငံတွင် ဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် မန်စီမြို့ ဖက်ဗာနာဆိုင်းသစ်ခွလုံးစက်ရုံတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမား အမျိုးသား ၅၇ ဦးနှင့် အမျိုးသမီး ၅၉ ဦး စုစုပေါင်း၁၁၆ ဦးကို တရုတ်ကောင်စစ်ဝန်ချုပ်ရုံး၏ ကူညီမှုဖြင့် ဧနီနဝါရီ ၂၉ ရက် ည ၇ နာရီတွင် မူဆယ်မြို့ နယ်စပ်ဂိတ်(နန်းတော်ဂိတ်)သို့ ပြန်လည်ရောက်ရှိကြပြီဖြစ်သည်။

မူဆယ်မြို့သို့ ရောက်ရှိလာသည့် မြန်မာအလုပ်သမားများကို မူဆယ်ခရိုင် ဆေးရုံအုပ်ဒေါက်တာမျိုးဇော်၊ မူဆယ်မြို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် မူဆယ်မြို့ ပရဟိတအဖွဲ့များက ကျန်းမာရေးစစ်ဆေးချက်များ စစ်ဆေးခြင်း၊ ဂူဟန်မြို့သို့ သွားရောက်လည်ပတ်ခြင်းများရှိ-မရှိ၊ ရောဂါကူးစက်ခံရသူများနှင့်ပတ်သက်မှု ရှိ-မရှိတို့ကို စစ်ဆေးသည်။

"မနေ့ညက မူဆယ်မြို့ကို ဝင်ရောက်လာတဲ့ မြန်မာအလုပ်သမားတွေကို ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ကူးစက်ခံထားရခြင်းရှိ-မရှိ၊ သူတို့ရဲ့ ကျန်းမာရေးအခြေအနေတွေကို သက်ဆိုင်ရာတာဝန်ရှိသူများနဲ့ ပရဟိတ အသင်းတွေ ပူးပေါင်းပြီးတော့ လိုအပ်တဲ့ ကျန်းမာရေးစစ်ဆေးချက်တွေကို သေချာစွာ ဆောင်ရွက်ကြပါတယ်၊ စစ်ဆေးချက်အရ ဖျားနာခြင်းတွေလုံးဝမရှိတဲ့အတွက် သူတို့ရဲ့ ညအိပ်ရန်နေရာများကို အဆင်ပြေအောင် ကျွန်တော်တို့က လိုအပ်တဲ့ ကူညီမှုတွေစီစဉ်ဆောင်ရွက်ပေးပါတယ်"ဟု မူဆယ်မြို့ လူမှုကရုဏာအသင်းဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မူဆယ်မြို့ ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့တို့ ပူးပေါင်း၍ မူဆယ်မြို့ နယ်စပ်ဂိတ်များ၊ ကားကြီးကွင်းများ၊ အခြေခံကျောင်းများတွင် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကားကြီးကွင်းရှိ ခရီးသည်များကို ဆပ်ပြာများဖြင့် လက်တွေ့လက်ဆေးစေခြင်းများနှင့် နှာခေါင်းစည်းများကို ပြည်သူလူထုထံ အခမဲ့ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)

ရေလေလွင့်ဆုံးရှုံးမှုလျှော့ချနိုင်ရေး သင်ကြား

ရန်ကုန် ဧနီနဝါရီ ၃၁

ရန်ကုန်မြို့၏ ရေလေလွင့်ဆုံးရှုံးမှုလျှော့ချနိုင်ရေးအတွက် ရေလေလွင့်ဆုံးရှုံးမှုစီမံခန့်ခွဲရေး သင်တန်းကျောင်း(Training Center for Non-Revenue Water Management) ကို ဖွင့်လှစ်၍ ရေလေလွင့်ဆုံးရှုံးမှုစီမံခန့်ခွဲရေးဆိုင်ရာဘာသာရပ်များသင်ကြားပေးလျက်ရှိသည်။ "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ရန်ကုန်မြို့ မြို့ပြအခြေခံအဆောက်အဦးတွေ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ရန်ကုန်မြို့တော်ရေပေးဝေရေးကဏ္ဍရဲ့ အဆင့်အတန်းကို မြှင့်တင်သွားဖို့နဲ့ အိမ်သုံး၊ စက်ရုံသုံးစတဲ့ ရေသုံးစွဲမှုအမျိုးအစားအလိုက် ရေလိုအပ်ချက်ပေါ်မူတည်ပြီး မြို့တော်ရဲ့ ရေပေးဝေရေးဝန်ဆောင်မှုများကို လျင်မြန်စွာတိုးတက်စေဖို့ ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက ဧနီနဝါရီ ၂၇ ရက်တွင် ကျင်းပခဲ့သော အဆိုပါ သင်တန်းကျောင်းဖွင့်ပွဲတွင် ပြောကြားသည်။

ရေလေလွင့်ဆုံးရှုံးမှုစီမံခန့်ခွဲရေးသင်တန်းကျောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ စီမံခန့်ခွဲကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် ရေစက်လမ်းနှင့် ဂန္ဓမာလမ်းကြားရှိ ရေကူးရေတွန်းစက်ရုံဝင်းအတွင်းစတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

သင်တန်းကျောင်းတွင် ရေလေလွင့်ဆုံးရှုံးမှုလျှော့နည်းစေရေးအတွက် အသံလှိုင်းစနစ်ဖြင့် ပိုက်ပေါက်ရှာဖွေနည်း၊ ပိုက်ဖောက်စက်ဖြင့် ပိုက်ဖောက်နည်း၊ Ductile Iron ပိုက်ဆက်နည်း၊ အမျိုးအစားမတူသောပိုက်များဆက်နည်း၊ ပိုက်လိုင်းအတွင်းကင်မရာထည့်၍ စစ်ဆေးနည်း၊ Valve ဖြင့် ရေလည်ပတ်မှုကို စနစ်တကျထိန်းချုပ်နည်း၊ ရေဖိအားတိုင်းတာနည်း၊ ရေယိုစိမ့်မှုပြုပြင်နည်း၊ ရေပမာဏတိုင်းတာစစ်ဆေးနည်း၊ ရေသိုလှောင်ကန်နှင့် အိမ်သွယ်ပိုက်များဆက်သွယ်နည်း၊ ရေဓါတာတပ်ဆင်နည်းဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

ရေလေလွင့်ဆုံးရှုံးမှုစီမံခန့်ခွဲမှုဆိုင်ရာအသိပညာများ၊ နည်းစနစ်များတိုးပွားလာစေရန်၊ ယိုစိမ့်ပေါက်များစူးစမ်းရှာဖွေသည့် နည်းစနစ်များ စနစ်တကျ တတ်မြောက်စေရန်၊ အိမ်ရေဆက်သွယ်ခြင်းနည်းပညာများကို မှန်ကန်စွာ အသုံးချတတ်စေရန်နှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများရှိရေပေးဝေရေးအဖွဲ့အစည်းများသို့ နည်းပညာများဖြန့်ဝေသွားရန်အတွက် ရေလေလွင့်ဆုံးရှုံးမှု စီမံခန့်ခွဲရေးသင်တန်းကျောင်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ကိုထက်

ရှေလင်းသုခ အခမဲ့ဆေးခန်း သုံးနှစ်ပြည့်အခမ်းအနား ကျင်းပ

နတ်တလင်း ဧနီနဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ ရှေလင်းသုခအခမဲ့ဆေးခန်း သုံးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဧနီနဝါရီ ၂၆ ရက် နံနက် ၉ နာရီက မြို့လည်ကျောင်းပရိယတ္တိစာသင်တိုက် ဓမ္မစာရီကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေလင်းသုခအခမဲ့ဆေးခန်းဥက္ကဋ္ဌ ဦးရှေလှိုင်က အခမဲ့ဆေးကုခန်း၏ သုံးနှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှေလင်းသုခဆေးခန်းမှ သုံးနှစ်တာကာလအတွင်း ကျန်းမာရေးစောင့်ရှောက်ကုသမှုအနေဖြင့် လူနာပေါင်း ၆၃၀၀ ကျော်အား ဆေးကုသပေးသည့်အပြင်ဆေးဝါးများကိုလည်း အခမဲ့ပေးအပ်လျှုဒါန်းခဲ့ကြောင်း သိရသည်။

တင်ဝင်းဇော် (မင်းသားကြီး)

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်ရဲစခန်းမှူး ရဲအုပ်အောင်သိန်းသည် စိဆွဲကျေးရွာ၌ ဧနီနဝါရီ ၂၈ ရက်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအတွက်အသိပညာပေးဟောပြောစဉ်။ စစ်ကြည်(စလင်း)

သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြ

မြို့သစ် ဧနီနဝါရီ ၃၁

မကွေးခရိုင် မြို့သစ်မြို့တွင် ခရိုင်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြို့သစ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ဧနီနဝါရီ ၃၀ ရက်က ကလေးသူငယ်သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးသရုပ်ပြပွဲကို ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေကအမှာစကားပြောကြားပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ရီက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်စိုးနှင့် တပ်ဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများအား မီးဖြစ်မိသတ်ခြင်း၊ အရေးပေါ်ဆေးဝါးကုသခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့ကယ်ဆယ်ပြသခြင်း စသောသရုပ်ပြဆောင်ရွက်ခြင်းများကို အဖွဲ့ခွဲကာ လက်တွေ့သရုပ်ပြသခဲ့ကြသည်။

ထို့နောက် မြို့သစ်မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေလင်းကျော်က သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများအပေါ် သုံးသပ်ဆွေးနွေးသည်။

အခမ်းအနားသို့ မြို့သစ်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

သတင်းစုံကဏ္ဍ

ပြင်ဦးလွင်မြို့နယ် အားကစားကွင်းသစ်ဖွင့်ပွဲ ကျင်းပ

ပြင်ဦးလွင်

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အားကစားကွင်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်မွန်းလွဲ ၂ နာရီခွဲက ပြင်ဦးလွင်မြို့နယ် သုမင်္ဂလာရပ်ကွက်ကြီး (၂) ရှိ အဆိုပါအားကစားကွင်းသစ်၌ ကျင်းပသည်။

တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် လွတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ၏ အကအလှဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေးကြည့်ရှုခဲ့ကြသည်။

တင်မောင် (မန်းကိုယ်ပွား)

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

အရာတော်

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ညောင်ပင်ကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အသစ်တည်ဆောက်ပြီးစီးခဲ့သည့် မြစ်ပယ်တစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါကျောင်းဆောင်သစ်အား မြစိမ်းရောင်စီမံကိန်းအတိုးရငွေမှ ငွေကျပ် ၉၅ သိန်း၊ ကျေးရွာနေပြည်သူများ၏စုပေါင်းထည့်ဝင်ငွေမှငွေကျပ် ၁၃၇ သိန်း စုစုပေါင်းငွေကျပ် ၂၃၂ သိန်းဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်ကျောင်းဆောင်အဖြစ် တည်ဆောက်ကာ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

မြို့ပြအမွေအနှစ်တစ်ခုဖြစ်သော ချင်းချောင်းနန်းတော် ပြုပြင်ထိန်းသိမ်းရန် လေ့လာ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့တွင် ထူးခြားသောအဆောက်အဦ တစ်ခုဖြစ်သည့် ချင်းချောင်းနန်းတော်အား ပြုပြင်ထိန်းသိမ်းမှုအတွက် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)က ကနဦးဆန်းစစ်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါချင်းချောင်းနန်းတော်စံအိမ်ကို ၁၉၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၁၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုအဆောက်အဦကို ဥရောပလက်ရာနှင့် တရုတ်ဗိသုကာလက်ရာတို့ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ရာ အတွင်းပိုင်းတွင်ရှိသော လက်ရာများကို တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုလက်ရာများပမာ ပြင်ဆင်ထားရှိပြီး လေ့ကားနှင့် အခန်းဖွဲ့စည်းထားပုံမှာ ဥရောပပုံစံဖြင့် တည်ဆောက်ထားသောကြောင့် ထူးခြားသော အဆောက်အဦအဖြစ် နိုင်ငံခြားသားများ စိတ်ဝင်စားခြင်းဖြစ်သည်။

"ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နဲ့ အခြားအဖွဲ့အစည်း ပူးပေါင်းဆောင်ရွက်ဖို့ ရှိပါတယ်။ ဥရောပဟန်နဲ့ တရုတ်ဗိသုကာလက်ရာ ပေါင်းစပ်ထားတဲ့လက်ရာဖြစ်တာကြောင့် ရန်ကုန်မြို့အတွက် ဂုဏ်ယူဖွယ်ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်တဲ့အပြင် နိုင်ငံခြားခရီးသွားတွေ စိတ်ဝင်စားတဲ့နေရာတစ်ခုအဖြစ် တွေ့မြင်ရမှာပါ" ဟု ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချင်းချောင်းနန်းတော် အဆောက်အဦအား ယဉ်ကျေးမှုဝန်ကြီးဌာန၏ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)နှင့်အတူ ဖွင့်လှစ်ထားရှိပြီး ပြုပြင်မွမ်းမံပြီးပါက ဥရောပနှင့် တရုတ်ဗိသုကာလက်ရာယဉ်ကျေးမှုပေါင်းစပ်ထားမှုကို ရန်ကုန်မြို့တွင် ရှားပါးသောလက်ရာတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်ရာ အဆောက်အအုံအတွင်းပိုင်းတွင် ပြုပြင်ရမည့်နေရာများကို ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကနဦးစစ်ဆေးလေ့လာခဲ့ခြင်းဖြစ်ရာ ပြုပြင်ထိန်းသိမ်းမှုအတွက် ဆက်လက်ဆန်းစစ်မှုများကို လုပ်ဆောင်ရဖွယ်ရှိကြောင်း သိရသည်။

သစ္စာ

လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

ရန်ကုန် ဇန်နဝါရီ ၃၁

အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် လုံခြုံရေး ရဲတပ်ဖွဲ့ခွဲများမှ (၅၅) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းမှုကို ဇန်နဝါရီ ၃၀ ရက်က အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူး ယာယီရဲမှူးချုပ် ဝင်းမင်းသိန်း၏ ကြီးကြပ်မှုဖြင့် စုပေါင်းသွေးလှူဒါန်းမှုကို ဆောင်ရွက်ခဲ့သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနခွဲ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးသန်းဝင်း၊ အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရဲထွန်းနိုင်၊ အမှတ်(၆)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ပြည့်စုံ၊ အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး အောင်မျိုးသန့်တို့ဦးစီးခြင်း အမှတ်(၃/၅/၆/၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှတပ်ဖွဲ့ဝင် ၂၇၇ ဦး၊ မိသားစုဝင် တစ်ဦးတို့က လည်းကောင်း၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး လင်းဦး၊ အမှတ်(၅)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး စိုးထွန်းအောင်၊ အမှတ်(၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မင်းဝင်းစိုးတို့ဦးစီးခြင်း အမှတ်(၈/၉)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှတပ်ဖွဲ့ဝင် ခုနှစ်ဦးတို့က လည်းကောင်း၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှတပ်ရေးအရာရှိ ဒုရဲမှူး စန်းယုနိုင်ဦးစီးခြင်း တပ်ဖွဲ့ဝင် ၂၅ ဦး၊ မိသားစုဝင် ၁၀ ဦးတို့က လည်းကောင်း၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူးမြင့်ဝင်းဦးစီးခြင်း တပ်ဖွဲ့ဝင် ၈၅ ဦး၊ မိသားစုဝင် ၁၁ ဦးတို့က လည်းကောင်း စုစုပေါင်း တပ်ဖွဲ့ဝင်၊ မိသားစု ၄၇၉ ဦးတို့သည် တစ်နေ့တည်း တစ်ပြိုင်တည်း စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်းနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ လစဉ် စုပေါင်းသွေးလှူဒါန်းခဲ့ရာ ယခု (၅၅) ကြိမ်မြောက်အထိ တပ်ဖွဲ့ဝင်၊ မိသားစု စုစုပေါင်း ၁၉၆၉၄ ဦး လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်မောင်

မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးသို့ စုပေါင်းသွေးလှူ

မန္တလေး ဇန်နဝါရီ ၃၁

မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ မြန်မာဘဏ္ဍာရေးရရှိလီမိတက် Myanmar Care ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်၏ (၂၈)ကြိမ်မြောက်သွေးလှူဒါန်းပွဲကို မန္တလေးမြို့ အဆိုပါဆေးရုံတွင် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

"မြန်မာဘဏ္ဍာရေးရှိလီမိတက် Myanmar Care ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်ဖြင့် သွေးလှူဒါန်းပွဲ ကျင်းပလာတာ (၂၈)ကြိမ်မြောက် ရှိပါပြီ သွေးအိတ်စုစုပေါင်း ၂၅၀၀၀ ခန့် လှူဒါန်းနိုင်ခဲ့ပါတယ်" ဟု မြန်မာဘဏ္ဍာရေးရှိ လီမိတက် Myanmar Care ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်မှ မန်နေဂျာ ကိုစံက ပြောကြားသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) ရောဂါဗေဒဌာနမှ ဒေါက်တာမြင့်မြင့်ရီက "ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ တစ်လကိုသွေးအိတ်ပေါင်း ၆၀၀ နှင့် ၇၀၀ ကြားမှာ အသုံးပြုနေရပါတယ်၊ ပရဟိတ အသင်းများက လာရောက်သွေးလှူဒါန်းမှုများရှိသလို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနဲ့လည်း ချိတ်ဆက်ဆောင်ရွက်တာတွေရှိပါတယ်" ဟု ပြောကြားသည်။

သန်းဇော်မင်း(ပြန်/ဆက်)

မဲရေတွက်ခြင်း လက်တွေ့သရုပ်ပြသ

ကျောက်မဲ ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ရွှေကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ ရွှေကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၂၉ ရက်က ငွေပုဂံခန်းမဆောင်၌ ဖွင့်လှစ်ပို့ချလျက်ရှိရာ ခရိုင် ရွှေကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်က မဲရေတွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ လက်တွေ့သရုပ်ပြသခဲ့သည်။

စိုင်း (သီပေါ)

ထွက်ရှိချိန်စောပြီး အထွက်နှုန်းနည်းပါးသဖြင့် စတော်ဘယ်ရီသီးများ အဖွင့်ဈေးကောင်း

ပြင်ဦးလွင် ဇန်နဝါရီ ၃၁

ယခုနှစ် စတော်ဘယ်ရီသီးထွက်ပေါ်သည့်ရာသီတွင် ထွက်ရှိချိန်စောသည့်အပြင် အထွက်နှုန်းမှာလည်း နည်းပါးသည့်အတွက် တစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်းအထိ အဖွင့်ဈေးကောင်းမွန်ခဲ့ကြောင်း ပြင်ဦးလွင်မြို့ရှိ စတော် ဘယ်ရီစိုက်တောင်သူများက ပြော ကြားသည်။

ပြင်ဦးလွင်မြို့နယ်မှ စတော်ဘယ်ရီသီးကို နှစ်စဉ် ဇန်နဝါရီလတွင် ပုံမှန်ထွက်ပေါ်လေ့ရှိသော်လည်း ယခုနှစ် ဒီဇင်ဘာလအတွင်း၌ ထွက်ပေါ်လာသည့်အပြင် အဆိုပါလအတွင်း ရွာသွန်းခဲ့သည့် မိုးကြောင့် အသီးအပွင့်များ ထိခိုက်ကာ အထွက်နှုန်းလည်းကျဆင်းခဲ့သဖြင့် ပေါ်ဦးပေါ်ဖျားတွင် ဈေးကောင်းရရှိခဲ့ခြင်း ဖြစ်သည်။

''ထွက်ချိန်ကလည်းစောတဲ့အပြင် ရာသီဥတုကြောင့် အထွက်နှုန်းကလည်း နည်းတဲ့အတွက် အရင်နှစ်တွေက တစ်ပိဿာကို ကျပ် ၆၀၀၀ နှုန်းပဲ အဖွင့်ဈေးရခဲ့တဲ့ စတော်ဘယ်ရီသီးက ဒီနှစ်မှာ ရန်ကုန် နဲ့ မန္တလေးဒိုင်တွေက တစ်ပိဿာကို ကျပ် ၈၀၀၀ နှုန်းအထိ ဈေးပေးဝယ်ယူခဲ့ကြပါတယ်''ဟု ပြင်ဦးလွင်မြို့နယ် ပင်လိန်သပြေရေကျေးရွာမှ စတော်ဘယ်ရီစိုက်ပျိုးသူ ကိုဖိုးသားက ပြောကြားသည်။

စတော်ဘယ်ရီသီးကို စတင်ထွက်ရှိချိန်မှ ဧပြီလကုန်အထိ ရူးဆွတ် ယူနိုင်ပြီး တစ်ဧကလျှင် ပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိနိုင်သော်လည်း ရာသီဥတုပေါ်မူတည်၍ အထွက်နှုန်းလည်း ပြောင်းလဲသွားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်သို့ အဓိကတင်ပို့သည့် ဖရဲနှင့် သခွားမွှေးစျေးနှုန်း ထက်ဝက်မကကျဆင်း

ရန်ကုန် ဇန်နဝါရီ ၃၁

ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်သို့ အဓိကတင်ပို့သည့် ဖရဲနှင့် သခွားမွှေး အနည်းငယ်သာ အရောင်းအဝယ်ရှိပြီး စျေးနှုန်းမှာလည်း ထက်ဝက်မက ကျဆင်းနေကြောင်း မြန်မာနိုင်ငံ ဖရဲနှင့် သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဗဟိုဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောကြားသည်။

"အရင် ဒီချိန်ဆို အစီးရေ ၇၀၀ လောက် ပို့နေရတာ၊ အခုက ၂၀၀၊ ၃၀၀ လောက်သွားတာတောင် မကုန်ဘူးဖြစ်နေတယ်။ အရင်တုန်းက ၉ လ၊ ၁၀ လပိုင်းတုန်းကဆို သီရိမင်္ဂလာဈေးမှာ တစ်နေ့ကို ကား ၁၀ စီးလောက်ကုန်တယ်၊ အခု တစ်စီးလောက်ပဲကုန်တယ်၊ တည်းကုန်းဈေးသစ်မှာလည်း ရောင်းနေကြတာပဲ၊ အရင်က ၄၊ ၅၊ ၆ စီး ၇ စီးလောက်ကုန်ရင် အခု တစ်စီးတောင် မကုန်ချင်ဘူး၊ စိမ်းစားဥ၊ ဆီးသီး၊ လိမ္မော်သီးတို့လို ရာသီကုန်တွေက ပေါများနေတဲ့ အခါကျတော့ ဖရဲ၊ သခွားက စားသုံးမှု အနည်းဆုံးကာလဖြစ်တယ်၊ တောင်သူတွေအတွက် စိုးရိမ်စရာကောင်းပါတယ်" ဟု ဦးနိုင်ဝင်းက ပြောကြားသည်။

ထို့ကြောင့် ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ၏ အခက်အခဲများကို ကူညီရန် ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများဗဟိုအသင်းရှိ တာဝန်ရှိသူများကို ခေါ်ယူတွေ့ဆုံခဲ့ပြီး မြေပဒေသာကျွန်းနှင့် ဖေဖော်ဝါရီလတွင်ကျင်းပမည့် သွေးချင်းတို့ရဲ့ပွဲတော်၌ လာရောက်ရောင်းချလိုပါက စီစဉ်ပေးမည်ဖြစ်ပြီး ရေရှည်အတွက် လည်း ကူညီဆောင်ရွက်ပေးရန် စီစဉ်ပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဖရဲနှင့် သခွားမွှေးများကို တရုတ်ပို့ကုန်အဖြစ် ရည်ရွယ်စိုက်ပျိုးထားပြီး မေလကုန်အထိ သီးနှံများထွက်ရှိမည်ဖြစ်ကာ တစ်နှစ်လျှင် ဖရဲတန်ချိန် ရှစ်သိန်းကျော်နှင့် သခွားမွှေးတန်ချိန် ၁၅၀၀၀၀ ကျော် တင်ပို့လျက်ရှိကြောင်း၊ လက်ရှိ ဖရဲတန်ချိန် နှစ်သိန်း၀နှင်းကျင်နှင့် သခွားမွှေးတန်ချိန် အနည်းငယ်သာ တင်ပို့ရသေးကြောင်း သိရသည်။

ငြိမ်းငြိမ်း

(၇၂) ကြိမ်မြောက် တိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန် အောင်စာရင်း

ယမန်နေ့မှ အဆက်

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်
ဥဘတောဝိဘင်္ဂရေ (၆၀)ပါးအဆက်

၁၄။ ပလ္လင်အမှတ်(၁၃၆) အရှင်နန္ဒဝံသ(မြစ်သား)၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၁၃၇) အရှင်ကောဝိဒါလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၁၃၉) အရှင်ဇေဝန၊ အသက်(၂၇)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၁၄၁) အရှင်ဆန္ဒာဓိကာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၅)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၁၄၂) အရှင်သြသဓလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၄)ဝါ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)

၁၉။ ပလ္လင်အမှတ်(၁၄၃) အရှင်တေဇိန္ဒာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ(၄)ဝါ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

၂၀။ ပလ္လင်အမှတ်(၁၄၄) အရှင်အဂ္ဂညာဏလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ်(၁၄၅) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ်(၁၄၆) အရှင်ဥတ္တမာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ်(၁၅၀) အရှင်ကုသလ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၂)ဝါ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ်(၁၅၆) အရှင်ဂုဏာဝံသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလမဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ်(၁၅၇) အရှင်စန္ဒာသိရီ၊ အသက် (၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ်(၁၅၉) အရှင်ဝါသေဋ္ဌ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ ပိဋကဝရာရာမ်မြန်မာကျောင်းတိုက်၊ နောင်ဟီယမ်ရပ်ကွက် ဖနပ်နိုခုံမြို့၊ ချွန်ပူရီခရိုင်၊ ထိုင်းနိုင်ငံ

၂၇။ ပလ္လင်အမှတ် (၁၆၁) အရှင်တိလောက၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ် (၁၆၆) အရှင်ကုသလာနန္ဒာလင်္ကာရ၊ အသက် (၂၉) နှစ်၊ သိက္ခာ (၉) ဝါ တိပိဋကကမ္ဘောဇကျောင်းတိုက်၊ နားရိုးရွာ၊ နောင်ချိုမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၂၉။ ပလ္လင်အမှတ် (၁၆၉) အရှင်ခေမိန္ဒ ၊ အသက်(၂၈) နှစ်၊ သိက္ခာ (၈) ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၁၇၁) အရှင်ဝိမလာလင်္ကာရ (ရွှေဘို)၊ အသက် (၂၈) နှစ်၊ သိက္ခာ (၈) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၇၃) အရှင်ဣန္ဒဝံသ ၊ အသက်(၂၇) နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

❖ **စာမျက်နှာ ၁၂ မှ**

ဂမ်ဘီယာနိုင်ငံက (၆)ချက် တောင်းဆိုပါကြောင်း၊ ICJ က (၄)ချက် ချမှတ်ထားပါကြောင်း၊ ချမှတ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် စကားပိုင်းကို ထုတ်လွှင့်ထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် Genocide လုံးဝမရှိပါကြောင်း၊ မရှိသည့်အတွက် ယင်းအမှုကို စီရင်ရာတွင် မြန်မာနိုင်ငံက နိုင်ကိုနိုင်မည်ဆိုသည်ကို ပြောထားပြီးဖြစ်ပါကြောင်း၊ Provisional Measures နှင့်ပတ်သက်ပြီး မည်သို့တုံ့ပြန်မည်ကို ပြောကြားရန်မရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာရှေ့နေများ ၄ားထားပြီး တိုင်ပင်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ICJ သို့ သွားရောက်ရှင်းလင်းရာတွင် Genocide မရှိကြောင်းကို ပြောကြားထားပြီး ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ လိုက်နာမည်ဟု လက်မှတ်ရေးထိုးထားသည့် Article 2 နှင့် 3 ကို ပြန်ချမှတ်ခြင်းဖြစ်ပါကြောင်း၊ ကွန်ဗင်းရှင်းက အချက်များ ပြန်လည်ထည့်သွင်းခြင်းဖြစ်ပြီး ဂမ်ဘီယာနိုင်ငံ၏ တောင်းဆိုချက်များကို ထည့်သွင်းခြင်းမဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံက လိုက်နာမည်ဟု လက်မှတ်ရေးထိုးထားသည့် အချက်များကို လိုက်နာရန် ပြန်ပြောခြင်းသာဖြစ်ပါကြောင်း။

ICOE အစီရင်ခံစာနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များကို နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားပါကြောင်း၊ ဗိုလ်ရှုသဘင်ကျင်းပရန်ကိစ္စမှာ အကြီးအကဲများ စဉ်းစားဆုံးဖြတ်ကြမည်ဖြစ်ပါကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်မှုမရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် စစ်ဆေးမှုဆောင်ရွက်နေပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာ နေရာများတွင်လည်း ဝင်ရောက်လာမှုမရှိစေရန် ဆက်သွယ်ပြောကြားထားပြီးဖြစ်ပါကြောင်း၊ ဂူဟာန်မြို့ရှိ မြန်မာကျောင်းသား ကျောင်းသူများကို ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်လည်ခေါ်ယူပြီး မန္တလေးမြို့ သီးသန့်ဆေးရုံ၌ စစ်ဆေးစောင့်ကြည့်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားခံပြေးများဖမ်းဆီးနိုင်ရေးနှင့်စပ်လျဉ်း၍ မိသင့်မိထိုက်သူများ ဖမ်းဆီးနိုင်ရေးအတွက် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ပြည်တွင်း၌ ရှိ/မရှိ အတည်ပြုနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ လွတ်တော်ကိုယ်စားလှယ် ဦးဥေတင်း ပြန်လည်လွတ်မြောက်ရေးအတွက် AA အဖွဲ့အပေါ် လွှမ်းမိုးမှုရှိသည့်အဖွဲ့အစည်းများနှင့် နိုင်ငံများကို ပြောကြားခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဦးဇော်ဌေးက မေးခွန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

သတင်းစဉ်

သွားနှင့်ခံတွင်းဆိုင်ရာ စစ်ဆေးကုသပေး

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၅) ရပ်ကွက်ရှိ ဝိဇ္ဇောဒယဘုန်းတော်ကြီးသင်ပညာရေး (မူလွန်)ကျောင်း၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ဒေါက်တာခင်အေးသန့်၊ ဒေါက်တာတေဇလင်း၊ ဒေါက်တာဝေဖြိုးလင်းတို့ ဦးဆောင်သည့် အလုပ်သင် ဆရာဝန်များ ပါဝင်သောအဖွဲ့သည် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့်အား သွားနှင့်ခံတွင်းဆိုင်ရာ စစ်ဆေးကုသပေးခြင်း၊ သွားနုတ်ပေးခြင်းနှင့် သွားဖာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် သွားနှင့် ခံတွင်းဆိုင်ရာ အကြောင်း၊ သွားတိုက်နည်းစနစ်မှန်ကန်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း အသိပညာပေးဟောပြောပြီး သွားတိုက်ဆေး၊ သွားပွတ်တံနှင့် ဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ သဃီန်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ အကြိမ်(၁၂၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် ညနေ ၄ နာရီက စေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည်။

အကြိမ်(၁၂၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ဇာတ်သဘင်၊ အငြိမ့်ပွဲ၊ ကလေးများအကြိုက် ချားရဟတ်များနှင့် ဈေးဆိုင်ခန်းမျိုးစုံတို့ဖြင့် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ကြည်

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ပူတာအို ဇန်နဝါရီ ၃၁

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ယခုရက်ပိုင်းအတွင်း နေ့စဉ်လေယာဉ်ဆိုက်ရောက်ချိန်များ၌ ပူတာအိုလေဆိပ်၌ Guideline များအတိုင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

"ပူတာအိုခရိုင်မှာ Syndromic Surveillance အနေနဲ့ ပူတာအိုလေဆိပ်မှာ Fever Surveillance နဲ့ ကျန်းမာရေးအသိပညာပေး စစ်ဆေးခြင်းတွေ ဆောင်ရွက်ပါတယ်။ အဲဒီအပြင် ကျန်းမာရေးဌာနလက်အောက်မှာရှိတဲ့ ပြင်ပလူနာဌာန၊ အထူးကုပြင်ပလူနာဌာနနဲ့ ဆေးခန်းတွေမှာလည်း ရောဂါရဲ့ သဘောသဘာဝနဲ့ ဆောင်ရွက်ရမယ့် Guideline တွေ ဖြန့်ဝေပြီးတော့ အရေးပေါ်အခြေအနေဖြစ်လာရင် ချက်ချင်းဆောင်ရွက်နိုင်ဖို့ အသင့်အနေအထားပြင်ဆင်ထားပါတယ်။ လေးရက်တာစစ်ဆေးချက်အရတော့ သံသယလူနာမတွေ့ရှိသေးပါဘူး "ဟု ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန့်ဇင်ထွန်းက ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူအဝင်၊ အထွက်များသော ပူတာအိုလေဆိပ်၌ လေယာဉ်ဆိုက်ရောက်ချိန်တိုင်းတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများပူးပေါင်းမှုဖြင့် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းအထိ စစ်ဆေးခဲ့ရာ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါသံသယရှိသည့် လူနာမတွေ့ရှိသေးကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

ရန်ကုန်မြို့၌ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ ဖွင့်လှစ်ရန် စီစဉ်

ရန်ကုန် ဇန်နဝါရီ ၃၁

ဒူးခေါင်းစတီးအစားထိုးခွဲစိတ်ကုသမှုခံယူကြမည့် ဝေဒနာရှင်များ ကုန်ကျစရိတ် သက်သာစွာကုသနိုင်စေရန်အတွက် အိန္ဒိယနိုင်ငံအခြေစိုက် Shalby အထွေထွေရောဂါကုဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုစင်တာကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်၌ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားပြီဖြစ်ကြောင်း 4R Consultancy Yangon Myanmar ၏ မန်နေဂျင်းဒါရိုက်တာ Ravindra Jain က ပြောကြားသည်။

"ကျန်းမာရေးစောင့်ရှောက်မှုစင်တာမှာ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေကို တိုင်ပင်ဆွေးနွေးလို့ ရသလို shalby ဆေးရုံကြီးမှာ ဆေးကုသမှုခံယူကြမယ့် ဆေးရုံတက်လူနာတွေအပါအဝင် မိသားစုဝင်တွေ နေထိုင်စားသောက်မှုအလုံးစုံအဆင်ပြေစေဖို့အတွက် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ အစားအစာတွေအတွက် မြန်မာအစားအစာတွေရရှိဖို့ စီစဉ်ပေးထားမှာဖြစ်ပြီး ဆေးကုသမှုစရိတ်အတွက်ကတော့ အခြားနိုင်ငံများဖြစ်တဲ့ ထိုင်း၊ စင်ကာပူ နိုင်ငံတို့မှာ ကုသမယ့် ဝန်ဆောင်ခနှုန်းထားရဲ့ ထက်ဝက်လောက်ကို သက်သာစေမှာ ဖြစ်ပါတယ်"ဟု မန်နေဂျင်း ဒါရိုက်တာ Ravindra Jain က ပြောကြားသည်။

အဆိုပါ Shalby အထွေထွေရောဂါကုဆေးရုံကြီး၏ နံပါတ်တစ်ကုသမှုမှာ အလုံးစုံသောအရိုးအဆစ်များအား အစားထိုးကုသခြင်း၊ ပြန်လည်ပြုပြင်ခြင်းများ (Total joint replacement and reconstructive surgery)ဖြစ်ပြီး ခွဲစိတ်အောင်မြင်မှုပေါင်း တစ်သိန်းကျော် ရှိနေပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၌ ခုတင် ၂၀၀၀ ဆံ့ Shalby ဆေးရုံပေါင်း ၁၁ ရုံရှိကြောင်းနှင့် နိုင်ငံအတွင်းရှိ မြို့ပေါင်းရှစ်မြို့၌ အရည်အချင်းပြည့်မီသည့် ဆရာဝန် ၅၀၀ ကျော်အား မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ

ပေါ်တူဂီတောင်ပံကစားသမား ပိုဒန့်စ်ကို ဝုလ်ဗက်အသင်း ခေါ်ယူ

ဝုလ်ဗက်အသင်းဟာ အိုလံပီယာကို့စ်အသင်းမှ ပေါ်တူဂီတောင်ပံကစားသမား ဒန်နီယယ်ပိုဒန့်စ်ကို ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ဝုလ်ဗက်အသင်းဟာ တောင်ပံကစားသမား ဒန်နီယယ်ပိုဒန့်စ်ကို ပြောင်းရွှေ့ကြေး ပေါင် ၁၆ ဒသမ ၆ သန်းနဲ့ လေးနှစ်ခွဲ သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ တောင်ပံကစားသမား ပိုဒန့်စ်ဟာ အသက်အရွယ်တိုင်းမှာ ပေါ်တူဂီအသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်လာခဲ့တာဖြစ်ပြီး ဝုလ်ဗက်အသင်းက ခေါ်ယူခဲ့တဲ့ ကိုးဦးမြောက် ပေါ်တူဂီကစားသမားလည်းဖြစ်ပါတယ်။

တောင်ပံကစားသမား ပိုဒန့်စ်ဟာ စက်တင်ဘာလအတွင်းက အိုလံပီယာကို့စ်အသင်းနဲ့ စပါးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ချန်ပီယံလီဂ်ပွဲစဉ်မှာ အိုလံပီယာကို့စ်အသင်းနဲ့အတူ ပါဝင်လာခဲ့တာလည်းဖြစ်ပါတယ်။ ဝုလ်ဗက်အသင်းဟာ လက်ရှိပရီမီယာလီဂ်အမှတ်ပေးဇယားမှာ အဆင့်လေးနေရာက ချယ်လ်ဆီးအသင်းနဲ့ ခြောက်မှတ်အကွာ အဆင့်ခုနစ်နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြေယ် – ရေးသားသည်

ရော်ဂျာဖက်ဒဲရာကို အနိုင်ရပြီး ဂျိုကိုဗစ် သြစတြေးလျအိုးပင်း နောက်ဆုံးဗိုလ်လုပွဲ တက်လှမ်း

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ရော်ဂျာဖက်ဒဲရာကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ ဖက်ဒဲရာကို ၇-၆(၇-၁)၊ ၆-၄၊ ၆-၃နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂျိုကိုဗစ်အနေနဲ့ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှာ (၁၇)ကြိမ်မြောက် ဂရန်းဆလမ်းချန်ပီယံဆုကို ရယူနိုင်ဖို့ မျှော်လင့်ထားတာလည်းဖြစ်ပါတယ်။ သြစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂ ရက်မှာ ကျင်းပမှာဖြစ်ပြီး ဂျိုကိုဗစ်အနေနဲ့ အခြားဆီမီးဖိုင်နယ်ပွဲစဉ်ကနေ ဗိုလ်လုပွဲတက်လာမယ့် ဒိုမီနစ်သီယမ် သို့မဟုတ် အက်လက်ဇန်းဒါးဗီရက်ဇ်နဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ဆွစ်ဇာလန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာဟာ အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကို အကြိမ် ၂၀ အထိ ကိုင်မြောက်အောင်ပွဲခံနိုင်ခဲ့သူဖြစ်ပြီး ဂျိုကိုဗစ်ကတော့ အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကို ၁၆ ကြိမ်သာ ဆွတ်ခူးထားနိုင်ခဲ့သေးတာဖြစ်ပါတယ်။ ဒါပေမယ့် အသက်အရွယ်အရ ဖက်ဒဲရာက ၃၈ နှစ်၊ ဂျိုကိုဗစ်က ၃၂ နှစ်ဖြစ်တာမို့ ရော်ဂျာဖက်ဒဲရာရဲ့ အမျိုးသားတစ်ဦးချင်းစံချိန်ကို ဂျိုကိုဗစ်အနေနဲ့ လိုက်မီဖို့ရှိနေတာ ဖြစ်ပါတယ်။ ဂျိုကိုဗစ်ဟာ သြစတြေးလျအိုးပင်း တင်းနစ်ဆုဖလားကို ခုနစ်ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တာကြောင့် အခုတစ်ကြိမ်ဟာ သူ့အတွက် ရှစ်ကြိမ်မြောက် သြစတြေးလျအိုးပင်းတင်းနစ်ဖလား ဖြစ်လာဖို့လည်း ရေပန်းစားနေတာဖြစ်ပါတယ်။

ဘန်လေအသင်းက ဘရစ္စတိုးစီးတီးကွင်းလယ်လူ ဘရောင်းဟေးလ်ကို ခေါ်ယူ

ဘန်လေအသင်းဟာ ဘရစ္စတိုးစီးတီးအသင်းရဲ့ ကွင်းလယ်ကစားသမား ဘရောင်းဟေးလ်ကို ပြောင်းရွှေ့ကြေး ပေါင်ကိုးသန်းနဲ့ လေးနှစ်ခွဲ သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။

မန်ယူလူငယ်အသင်းရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဘရောင်းဟေးလ်ဟာ သူ့ရဲ့ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ပရက်စ်တန်အသင်းနဲ့အတူ စတင်ခဲ့တာလည်း ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဘရောင်းဟေးလ်ဟာ ဘရစ္စတိုးစီးတီးအသင်းတွင် ဘောလုံးသုံးရာ သီခွဲကြာ ဖြတ်သန်းခဲ့ရာမှာ ပွဲပေါင်း ၁၆၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘန်လေအသင်းနဲ့ ဘရစ္စတိုးစီးတီးအသင်းတို့ဟာ အပြန်အလှန်ကစားသမားခေါ်ယူမှု အနေနဲ့ ဘန်လေအသင်းက ဘရစ္စတိုးစီးတီးကွင်းလယ်ကစားသမား ဘရောင်းဟေးလ်ကို ခေါ်ယူခဲ့ပြီး ဘရစ္စတိုးစီးတီးအသင်းကလည်း ဘန်လေအသင်းတိုက်စစ်မှူး နာကီဝဲလ်ကို ပြောင်းရွှေ့ကြေး ပေါင်ငါးသန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

အနုပညာ

စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်လာတဲ့ တေလာဆွစ်

ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ ချစ်သူဖြစ်တဲ့ မင်းသားဂျိုးအော်ဝင်နန်နဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ လတ်တလော ပေါ်ထွက်လာခဲ့ပါတယ်။ တေလာဆွစ်ကို သူ့ရဲ့မှတ်တမ်းရုပ်ရှင်မှာ စိန်လက်စွပ်ဝတ်ဆင်ထားတာကို တွေ့ခဲ့ရတာကြောင့် ယခုလိုသတင်းတွေ ပေါ်ထွက်လာခဲ့ရတာဖြစ်တယ်လို့ ကော့စမိုပိုလီတန်ဒေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ရဲ့ မှတ်တမ်းရုပ်ရှင် Miss America ကို လတ်တလော ထုတ်လွှင့်ခဲ့ရာမှာ တေလာဆွစ်ဟာ ကြီးမားတဲ့စိန်လက်စွက်ကို လက်သူကြွယ်မှာ ဝတ်ဆင်ထားတာ တွေ့ရပါတယ်။ တေလာဆွစ်ဟာ ဗြိတိန်မင်းသား ဂျိုးအော်ဝင်နန်နဲ့ ချစ်သူတွေအဖြစ် အချိန်အတော်ကြာ လက်တွဲခဲ့သူဖြစ်ပြီး သူတို့နှစ်ဦး ချစ်သူသက်တမ်းတစ်လျှောက် အများရှေ့ တွဲသွားတွဲလာ အတော်နည်းခဲ့ပါတယ်။ သူတို့နှစ်ဦးရဲ့အကြောင်းကိုလည်း ပြောကြားခဲတဲ့ တေလာဆွစ်ဟာ စေ့စပ်တာကိုလည်း တိတ်တဆိတ် လုပ်ဆောင်ခဲ့တာဖြစ်နိုင်ကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

တရုတ်မှာ ရိုက်ကူးမယ့်အစီအစဉ်ကို ဖျက်သိမ်းခဲ့တဲ့ လီဆာ

ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့် တစ်ဦးဖြစ်သူ လီဆာက သူ့အနေနဲ့ တရုတ်ကို "Youth With You" အစီအစဉ်အတွက် ရိုက်ကူးရေး သွားရောက်တော့မှာမဟုတ်ကြောင်း လတ်တလောမှာ လီဆာရဲ့ ဖျော်ဖြေရေးအေဂျင်စီက ထုတ်ပြန်ကြေညာခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၁ ရက်မှာ ဝိုင်ဂျီအင်တာတိန်းမန့်က အမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဆာဟာ တရုတ်ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Youth With You" အတွက် တရုတ်နိုင်ငံကို သွားရောက်ရိုက်ကူးတော့မှာ မဟုတ်ကြောင်း ကြေညာခဲ့တာပါ။ လီဆာဟာ အဆိုပါရုပ်သံအစီအစဉ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့အောက်တိုဘာလအတွင်း ထုတ်ပြန်ပြောကြားခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဖြစ်ပွားနေခြင်းကြောင့် ရိုက်ကူးရေးအစီအစဉ်တွေ ဖျက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်

အော်စကာဆုပေးပွဲမှာ ဘီလီအဲလစ်ရှ် ပါဝင်ဖျော်ဖြေမည်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဘီလီအဲလစ်ရှ်ဟာ မကြာသေးမီက ကျင်းပပြီးစီးသွားတဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ ဂရမ်မီဆုပေးပွဲမှာ စံချိန်သစ်တွေ တင်နိုင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့အောင်မြင်မှုတွေနဲ့အတူ မကြာမီကျင်းပသွားမယ့် ဟောလိဝုဒ်ရဲ့ အကယ်ဒမီဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အော်စကာဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း ဘီလီအဲလစ်ရှ်က သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာပါ။ ဘီလီအဲလစ်ရှ်ဟာ (၆၂)ကြိမ်မြောက် အော်စကာဆုပေးပွဲမှာ ဆုလျာထားစာရင်းထဲမပါဝင်တဲ့ တေးသီချင်းကို ဖျော်ဖြေမယ့် တေးသံရှင်တွေထဲကတစ်ဦး ဖြစ်ပါတယ်။

ဘီလီအဲလစ်ရှ်ဟာ မကြာသေးမီက ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ရဲ့ ဇာတ်ဝင်တေးကို သီဆိုသွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီး ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ် "No Time To Die" ရဲ့ ဇာတ်ဝင်တေးကို ယခုနှစ်ရဲ့ အော်စကာဆုပေးပွဲမှာ သီဆိုနိုင်ဖွယ်ရှိကြောင်းလည်း သိရပါတယ်။

တစ်ရက်တည်းမှာ ကြည့်ရှုသူ သန်း ၁၀၀ ကျော်ခဲ့တဲ့ BTS ရဲ့ Black Swan

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ အစီအစဉ်တင်ဆက်သူ ဂျိမ်းစ်ကော်ဒန်ရဲ့ "The Late Late Show with James Corden" အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Black Swan"ကို ပထမဆုံးအကြိမ် ဖျော်ဖြေခဲ့ပါတယ်။ ဒီတိုက်ရိုက်ဖျော်ဖြေတင်ဆက်မှု ဗီဒီယိုဟာ ယူကျူပေါ်မှာ စတင်ထုတ်လွှင့်ခဲ့ပြီး တစ်ရက်ခန့်အကြာမှာ ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ကျော် ရရှိခဲ့ကြောင်း ကိုရီးယားဘိုးဒေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဧရိယာ)
ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၄.၁.၂၀၂၀ ရက်၊ ရန်ကုန်မြို့၊ Wyndham Grand Yangon Hotelတွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဧရိယာ)၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ မိတ်ဆုံစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်တိုင်းဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ တိုင်းအတွင်းရေးမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူဦးစီးဌာနမှ ဌာနဆိုင်ရာအရာရှိများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ဧရိယာနယ်မြေအသီးသီးမှ တက်ရောက်လာကြသော ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဧရိယာ)မှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဟိုတယ်သင်တန်းကျောင်းများ၊ ဟိုတယ်နှင့်ဆက်စပ်လျက်ရှိသောအဖွဲ့အစည်းများ၊ ရန်ကုန်ဧရိယာအသင်းဝင်ဟိုတယ်လုပ်ငန်းရှင်များ၊ နှစ်ပတ်လည်ညစာစားပွဲ ဖြစ်မြောက်ရေးအတွက် Gold Sponsors အဖြစ် ကူညီပံ့ပိုးပေးပါသော Myanmar Figure Business Co., Ltd., Hanvico Myanmar Co., Ltd., Octagon International Services Co., Ltd. (Shwe Taung Group), Aung Thitsa Oo General Insurance Co.,Ltd., BiGi Hotel Supplier, HTOO Hospitality, Ahtar Oo Co.,Ltd., Myanmar Uniform Co., Ltd., Dream Catcher Home Living Co., Ltd., Southern Myanmar Co.,Ltd., Melbourne Co.,Ltd., Snow Village Myanmar Co., Ltd., Natray Co.Ltd., Sweety Home Industry Co., Ltd. နှင့် Partner Sponsor အဖြစ် ကူညီပံ့ပိုးပေးပါသော Myanmar Brewery Co., Ltd. တို့အားလည်းကောင်း၊ Wyndham Grand Yangon Hotelမှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး ကြီးပွားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဧရိယာ)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)အရ လူပုဂ္ဂိုလ်ဆိုင်ရာအမြင့်ဆုံးသာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ဖြစ်သည့် "**အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ**" ဘွဲ့ကို မြန်မာနိုင်ငံပထဝီဝင်အသင်း၏ ဂုဏ်ထူးဆောင်နာယက တော်ဝင်မိသားစုကုမ္ဗဏီဥက္ကဋ္ဌ **ဦးကိုကိုထွေး** (လူမှုထူးချွန် ပထမဆင့်) အား ဂုဏ်ပြုချီးမြှင့်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံနှင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံပထဝီဝင်အသင်း (GAM)

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
လျှပ်စစ်လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ နိုင်ငံပန်းထမ်း အဌားအိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၁၁/ဝ.၄) ကေဗီ၊ (၄၀၀) ကေဗီအေဓာတ်အားခွဲရုံ(၅)ရုံ၊ (၁၁/ဝ.၄)ကေဗီ၊ (၂၀၀)ကေဗီအေ ဓာတ်အားခွဲရုံ(၂)ရုံနှင့် ဓာတ် အားလိုင်းတည် ဆောက်ခြင်း (အိမ်သုံးဓာတဝပ် ဆင်ခြင်းအပါအဝင်) လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၃-၂-၂၀၂၀ရက်မှ ၃-၃-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာရောင်းချ/ တင်သွင်းရမည့်နေရာ - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းဗိုလ်တထောင်မြို့နယ်

(ဂ) တင်ဒါလျှောက်လွှာပိတ်ရက် - ၄-၃-၂၀၂၀ရက်၊ ၁၄:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာလက်ခံမည့် သတ်မှတ်ထားသောရက်နှင့်အချိန်ထက် နောက်ကျရောက်ရှိလာသော တင်ဒါလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-ဧ၃၇၅၀၃၇၊ ၀၁-ဧ၃၈၇၅၆၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

မုံရွာမြို့နယ်၊သာစည် အထက(ခွဲ)၊ ဒသမတန်း(B)မှ မောင်ပြည့်ဖြိုးဧာ၏ ဖခင် ဦးမြဆွေနှင့် ဦးမြတ်ဆွေ[၅]/မရန (နိုင်)၁၈၂၄၃]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြဆွေ(ခ)ဦးမြတ်ဆွေ**

အမည်ပြောင်း

ဦးဇော်မျိုးထွန်း[၅]/မရန(နိုင်) ၁၈၁၃၀၆]၏သား မောင်ထက်မိုး အာကာအား ယနေ့မှစ၍ မောင်ထွန်းဝိလျှံကောင်းဟု ပြောင်းလဲခေါ်ပါရန်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၈)လမ်း၊ အမှတ် (၁၁၆၂)နေ အဖ ဦးတင်ဝင်း[၇/ပခန(နိုင်)၁၇၄၀၆၈]နှင့် အမိ ဒေါ်ကေသီ [၇/ပခန(ပြု)၀၀၂၃၉၀]တို့၏သား မောင်ဧော်ဝင်း အောင်(ခ) အသေးလေး[၇/ပခန(ပြု)၀၀၀၂၁၄]အား ၁၀-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာအား ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

အဖ ဦးတင်ဝင်း-အမိ ဒေါ်ကေသီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဓမ္ဓ
ဒဂုံမြို့သစ်
(တောင်ပိုင်း)(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း-09-450066170

ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ အထက(၁)ထားဝယ်၊ အဋ္ဌမတန်းမှ မောင်ဟိန်းမင်းဧော်နှင့် သတ္တမတန်းမှ မောင်ညီညီဧော်တို့၏ဖခင် ဦးချိတူး၏ အမည်မှန်မှာ ဦးဝင်းနိုင်[၆/ထဝန(နိုင်) ၁၀၁၇၄၉] ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းထုတ်ဖော်ခြင်း

ကြည့်မြင်တိုက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၆၊ မြေကွက်အမှတ် V ၉၃၄ မြေကွက်တည်နေရာ အမှတ်(၉၇)၊ ပါတောက်ပင်အထက်လမ်း၊ ထေရဝါဒီ အရေးရှိကွက်၊ ကြည့်မြင်တိုက်မြို့နယ်၊ မကျင်စိန် အမည်ပေါက် ခုခ(ဖ)မြင်းဈေးရပ် (၁-၈-၂၀၁ သက်ကုန်)၏မြေအား ပိုင်ဆိုင်ကြောင်းအကြောင်းသည် တရားဝင်အမှတ် ၁၃၈/၃၁-၃-၁၉၈၈ခုနှစ်၊ ကျောင်းဦးဦးဆိုင်ရာ ဦးဖောင်မောင်ခင်(အေအေ-ဝမ်ဝင်ဌာန)၏ပေါ်လစီ (အေအေ-သုသိပ္ပဝ)၊ ဦးအနက်မှ ဦးသောက်ထက်ခင် (ဖခင်)သည်၂/ဗ-၁၁-၁၉၉၂/ရက်နေ့တွင်လည်း၊ ကောင်အမိမရန်ဖေ(မိခင်)သည်၂-၉-၂၀၁/ရက်နေ့ တွင်လည်း၊ ကောင်းကျယ်လှန်သင်ဦးခေါင်စန်းဦး (၁၂/ကမတ(နိုင်)၀ ၂၀၇၆၆)၊ ခေါင်စန်းရီ(၁၂/ ကမတ(နိုင်)၀ ၂၀၇၆)၊ ခေါင်စန်းမြင့် (၁၂/ကမတ (နိုင်)၀ ၂၀၇၆)၊ ခေါင်စန်းသေး(၁၂/ကမတ(နိုင်) ၀ ၂၀၇၆)၊ ခေါင်စန်း၀င်း(၁၂/ကမတ(နိုင်) ၀ ၃၃ဂ၃)/ကိုမှုအမည်ပေါက်အိမ်ပြေးများ၏ တော်ဝင် ကြေးရင်းရုံ၏ ၁၆-၁-၂-ခုနှစ် ရက်စွဲ ပါကျေးကိုန်လျှောမှတ်ပုံ တင်အမှတ် ၁၂/၂-၂-ခု/ ဘဘုရားထောက်ခံကျမ်းကိုနိုင်ဘာ (/)ဆောင် သောခရင်း ၊ အိပ်ထောင်ရလ ဦ ၊ ခရစ်ဘာရင်း ကိုတိုးပိုင်ရှိခေါင်စန်းပီး၊ ခေါင်စန်းဧ၊ ခေါင်စန်ကြီ ခေါင်စန်းမိုးသောင်ကိုယ်အတွေ့ထွက်ယ်ကားလမ်ယ ဌ်ခေ အမှတ် ၂၂ဝ၇/၃ဝ-၇-၂ဝ၇ခုနှစ် ခေါင်စန်းအားမ ပိုင်ဆိုင်ကရှယ်ခြင်ပိုင်ဆိုင်ယူ၊ ခေါ်ယန်ပုံ၊ ဟုဆို၍ ပိုင်ဆိုင်ကြောင်းစာရင်းပျက်ပြင်ကုန်ဘသ ကျောက်ထား ဟရာတရားခပ်ပိုင်ရာဘောအဘောက်အထားများ ဖြင့်ဤကြော်ငြာပါသည် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြပိမိကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ ရန်ကုန်မြို့ဆောက်လုပ်ငယ်သာယာရေးကော်မတီ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	၂/၂၀၂၀	Laptop Computer (Slim)	၈ဖလုံး

(က) အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်- ၁-၂-၂၀၂၀ရက်မှ ၁-၃-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်း - ၁-၃-၂၀၂၀ရက်၊ ၁၆:၀၀နာရီတိတိ ရမည့်ရက်/အချိန်

(ဂ) အိတ်ဖွင့်တင်ဒါပုံစံ၀ယ်ယူ/ တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ နေပြည်တော်။

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်၊ ဖုန်း-၀၆၇၃-၄၀၇၃၂၇၊ ၀၆၇၃-၄၀၇၆၀၄နှင့် ၀၆၇၃-၄၀၇၃၂၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ

ပြောင့်ခင်းလှပစိတ်တိုင်းတူရမည်...
ဒဏ္ဍာရီ
အထူးဆယ်မြောင်းဆိုင်
Discount (20000-/Ks)
09 26 1111 550

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၄၊ မြေကွက်အမှတ်-၅၄၉၊ အကျယ် (၄၀'x၆၀')မြေအမျိုးအစား ပါမစ်မြေပေါ်ရှိ အမှတ်(၅၄၉)။ ဗန္ဓုလလမ်း၊ ၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ခင်မြင့် (EC-၀၀၆၀၃၀) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ ၁၆-၅-၂၀၀၈ ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအ၀ယ် ကတိစာချုပ်အရ ဒေါ်သန်းမာဝင်း [၁၂/ဒဂမ(နိုင်)၀၀၃၉၅၅]မှ ၀ယ်ယူပိုင်ဆိုင်ခဲ့ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည်ဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ နှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအ၀ယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်မင်းနိုင် ဦးကောင်းမြတ်ဧော်
အထက်တန်းရှေ့နေ (စဉ်-၄၈၈၀) တရားလွတ်တော်ရှေ့နေ (စဉ်-၁၂၇၉)
အမှတ် (၄၆၊ ပထမထပ်(၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမနေ ဦးဇော်ကရီယာ[၁၀/ခဆန(နိုင်)၁၄၈၅၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၉၆၇/က) ဟုခေါ်တွင်သော အမှတ်(၉၆၇/က)၊ ရှုခင်းသာလမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ မြေအကျယ် ၀၊(၂၀x၆၀)ရှိ ဦးကြင်ငွေ+၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ခံအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ၀ယ်ယူပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးမိုးခိုင်[၁၂/သကတ(နိုင်) ၀၈၇၇၁၃]ထံမှ ဦးဇော်ကရီယာက ၀ယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ဇြိမ်းအောင်
LL.B, LL.M (International Law) တရားလွတ်တော်ရှေ့နေ(စဉ်-၈၅၂၉)
အမှတ် (၆၈၁)၊ ဝေဃယန္တာအနောက်(၁၅)လမ်း၊ (၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၀၀၇၇၃၃၅၊ ၀၉-၇၇၇၆၆၅၀၅၂

ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာမြို့ကွက်သစ်၊ လူနေရပ်ကွက်အမှတ်(မြတ်ရတနာအိမ်ရာ)၊ မြေကွက်အမှတ်(၈၇-A)၊ ဧရိယာ(၀.၀၃၀)ဧကနှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်သန္တာနိုင် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်အမှတ်(၂၈၇/၂၀၁၉)၊ ရက်စွဲ(၁၃-၁၂-၂၀၁၉)တင်ပြ၍ ဒေါ်စုစုမြတ်[၁၂/၀ဇတ(နိုင်)၀၀၂၇၀၀]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

အရှင်ဝါယာမိန္ဒာလင်္ကာရ
ဒေါ်အောင်ဆန်းစုကြည်၏
မြန်မာပြည်ကိုချမ်းသာ
စေမည့်အတွေးအမြင်များ
(တတိယအကြိမ်)
သူဌေးဖေဖေစာပေမှ
ထွက်ပြီ
တန်ဖိုး (၄၅၀၀)ကျပ်
ဖုန်း-၀၉ ၇၆၄၄၁၀၇၇

ရွှေစံမြန် 09-420420761, 09-420420762, 09-420420763
- မန်းရွှေစက်တော်(ဖွင့်ပွဲ)၊ ဓတ္တိန်းတဲ၊ နဂါးပွက် 40000 ဆက်ရှိ-ပြည်ဘုရားဆုံး 45000
- မန်းရွှေစက်တော်၊ ဓတ္တိန်းတဲ၊ နဂါးပွက်၊ ပုလဲ၊ ပုပ္ပါး၊ ဝွယ်လေးဆူ ပခုက္ကူ 55000
- မန်းရွှေစက်တော်၊ ဓတ္တိန်းတဲ၊ နဂါးပွက်၊ ဘုရားလင်းတော်ကသဖယ၊ ဖိုလင်ခင်တောင်၊ ရွှေဘောင် 65000
- ပဟာဟောမိမြိုင်ဆရာတော်မူး၊ ဂလုံတောင်၊ ဘညာသီဟတော၊ ကျောက်ဆည်၊ ရွှေဘို 75000 Feb 7
- မြတ်မော်တင်ခွန်းဘုရားမွဲတော်၊ ဇွေသောင်ယဇ်တမ်းစဉ်၊ တိုင်းကြီးကျွန်း ပုသမ်ဘုရားဆုံ 40000
- မြတ်မော်တင်ခွန်းဘုရားမွဲတော်၊ ဇွေသောင်ယဇ်တမ်းခြေ၊ ဇွေဆောင်တမ်းခြေ ခရီးစဉ် 45000
- မြမ်ကြီးနား၊ မြမ်ဆုံ၊ မန်းဟောက်၊ ဂလုံတောင်၊ ဘင်းတော်ကြီး၊ မိုးကုတ်၊ ရွှေဘို 110000
- ထားဝယ်(ရွင်ကိုးရွှင်)၊ ဖောင်းမကမ်း၊ ဓမ္မာရုံ၊ ဘဂူးပျောက်ဘုရား၊ ပြီတာ၊ ပထက်ဈေးလင်းစတော်မူ 150000

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသောဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၈-၁-၂၀၂၀ရက်မှ ၄-၂-၂၀၂၀ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါတိတ်မည့် ရက်နှင့်အချိန်မှာ ၄-၂-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၅၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

တင်ဒါဖိတ်ခေါ်ကြော်ငြာ

American Refugee Committee (INGO)မှ မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အသုံးပြုရန် VMW Kits ဆက်စပ်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူလိုပါသည်။

VMW kits–450Kits
(Back Pack, Plastic container box, Rain coat, Sport Shirt, Torch light, boots, jacket, Glove, Lancing Device, Thermometer, Timer, CD Marker, Cotton Wool, Mask, Plastic zip bag, Umbrella, Ball Pen)

တင်ဒါစာရွက်ထုတ်ယူရန်နှင့် တင်သွင်းရမည့်လိပ်စာ
အမှတ်(၁၇)၊ ပထမထပ် အခန်း၁-က၊ ဓမ္မာရုံလမ်း၊ ၁၀ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါလက်ခံသည့်ကာလ - **၁-၂-၂၀၂၀ ရက်မှ ၁၄-၂-၂၀၂၀ ရက်**
တင်ဒါကိစ္စစုံစမ်းမေးမြန်းနိုင်သည့်ဖုန်းနံပါတ် - ၀၉-၇၉၅၂၄၁၁၆၀၊ ၀၉-၄၂၀၃၅၂၂၁

အများသိစေရန်ကြေညာခြင်း

(၁) ဦးအောင်ကျော်မြင့်၊ (၂) ဦးအိုက်ဆန်၊ (၃) ဦးကျော်လင်းထွန်း၊ (၄) ဦးဥာဏ်လင်းအောင်(၁)လေဘူး၊ (၅) ဦးကြည်ဆန်း၊ (၆) ဦးအောင်ကျော်ထွန်း၊ (၇) ဦးလှမျိုးထွဋ်၊ (၈) ဒေါ်တင်မြ၊ (၉) ဦးတရုတ်ဖြူ(၁)ဦးစန်းရွှေ(၁၀) ဦးသန်းစိုး(ကွယ်လွန်)၊ (၁၁) ဦးဥာဏ်လင်းထက်၊ (၁၂) ဦးစိုးကျော်

လူကြီးမင်းများရှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာတွင် နေထိုင်သော (၁၈) ဦးတရုတ်ကြီး(၁)ဦးမြအေး၏သား[၁၂/တတန(နိုင်)၂၀၅၉၉၉၁]ကိုင်ဆောင်သူ ဦးထွန်းထွန်းအောင် (ဒေါ်ကျင်သိန်း၏ အခွင့်ရကိုယ်စားလှယ်)၏ ညွှန်ကြားချက်အရ လူကြီးမင်းများသိစေရန် ကျွန်ုပ်မှ ဤနို့တစ်စာဖြင့် အကြောင်းကြား သိစေအပ်ပါသည်။

၁၉၉၇ ခုနှစ်က ဦးသန်းစိုးသည် ကျွန်ုပ်၏အမှုသည် ဒေါ်ကျင်သိန်းပိုင်ဆိုင်သော ပျော်ဘွယ်လေးကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၉၂၂ ဦးပိုင်အမှတ်-၃၁/၂၊ မြေဧရိယာ(၅.၄၄)ဧကရှိသော လယ်ယာမြေများအား ကမ်းပြိုမြေနေရာချထားမှုအပေါ် အကြောင်းပြု၍ သိမ်းဆည်းရယူသွားခဲ့ပြီး အကွက်ရိုက်ရောင်းစားရာတွင် လူကြီးမင်းတို့မှ ဝယ်ယူပြီး ထိုလယ်ယာမြေကွက်များ အတွင်း အိမ်ဆောက်လုပ်နေထိုင်ခဲ့ကြသည်မှာ လူကြီးမင်းကိုယ်တိုင်အသိ ဖြစ်ပါသည်။

ထိုကဲ့သို့ ဦးသန်းစိုးမှ သိမ်းယူခဲ့သည့် ဒေါ်ကျင်သိန်း၏ လယ်ယာမြေပေါ်တွင် လူကြီးမင်းတို့သည် နေအိမ်များ ဆောက်လုပ်နေထိုင်၍လည်းကောင်း၊ ခြံစည်းရိုးများကာရံ၍ ခြံကွက်များအဖြစ် ထားရှိ၍လည်းကောင်း၊ ရယူထားရှိမှုအပေါ်တွင် ဒေါ်ကျင်သိန်းမှ ၎င်းလုပ်ကိုင်ပိုင်ဆိုင်သော လယ်ယာမြေအား ပြန်လည်ရရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနတွင် လျှောက်ထားဆောင်ရွက်ပြီးစီးခဲ့သည်ကို လယ်ယာမြေအား မူလအတိုင်း ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် လူကြီးမင်းတို့ထံသို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည် စိစစ်ရေးကော်မတီအဆင့်ဆင့်က ဖယ်ရှားပေးရန် အကြောင်းကြားစာများ (၃)ကြိမ်တိုင်တိုင် ပေးပို့ခဲ့သော်လည်း လိုက်နာခြင်းမရှိသည့် လူကြီးမင်းတို့အား ထပ်မံ၍ ကျွန်ုပ်မှ ၃၀-၁-၂၀၂၀ ရက်စွဲဖြင့် ဖယ်ရှားပေးရန် နို့တစ်စာများ ထပ်မံပေးပို့လိုက်ကြောင်း လေးနက်စွာ ဒုတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ နို့တစ်စာများပေးပို့၍လည်းကောင်း၊ အများသိစေရန်အတွက်လည်း ကြေညာထားပြီးဖြစ်သောကြောင့် ကျွန်ုပ်အမှုသည်ပိုင် ဒေါ်ကျင်သိန်း လယ်ယာမြေအတွင်းမှ လူကြီးမင်းတို့ နေအိမ်အားလုံးကို ဖျက်သိမ်းဖယ်ရှားပေးရန် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ တရားရုံးများ၌ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်ပေးသူ
ဦးထွန်းထွန်းအောင်(၁၁)ဦးမြအေး
[၁၂/တတန(နိုင်)၂၀၅၉၉၉၁]
ပျော်ဘွယ်လေးကျေးရွာ၊ တွံတေးမြို့
(ဒေါ်ကျင်သိန်း၏ အခွင့်ရ ကိုယ်စားလှယ်)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီနီလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၁၉၄၂)
နီဗွာန်လမ်း၊ အိုးဖိုအရှေ့ရပ်ကွက်၊
တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၁၁၃၀၉၁၉၊ ၀၉-၇၇၈၅၆၅၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်နေ ဒေါ်ကြည်မေ(ဘ) ဦးနိုင် အမည်ပေါက်လျှက်ရှိသော ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ မြဝတီလမ်း၊ မင်းစုရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၄၇(က)၊ ဦးပိုင်အမှတ်-၂၉(-)။ မြေကွက်အကျယ် မျက်နှာစာ ပေ(၅၀)x ရှေ့နောက် (၁၀၅)ပေခန့်၊ မြေဧရိယာ(၀.၁၂)ဧကရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်)မှ၀ယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်)စီမံ(ပစ္စည်း)ဌာနသို့ဖြစ်စေ၊ ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြဝတီဘဏ်လီမိတက်(ရုံးချုပ်) စီမံ(ပစ္စည်း)ဌာန၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရာစိုး
B.A(Law)LL.B
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၁၈၄/၇၁ (၃၀-၁-၁၉၇၁)
အခန်း(၃)၊ တိုက်(၄၆)၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်
မြဝတီဘဏ်လီမိတက်၏ အကျိုးဆောင်ရှေ့နေ

"မြေရှင်များနှင့် အများသိစေရန်"

ကျွန်ုပ်မိတ်ဆွေများသည် "ရုန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာ (၂) လမ်း၊ အမှတ်-၄၉/က ဟု ခေါ်တွင်သောမြေကွက်၊ အနော်မာ (၁) လမ်း၊ အမှတ်-၁၁၀ ဟုခေါ်တွင်သောမြေကွက်နှင့် ဝရုဏာ (၆) လမ်း၊ အမှတ်-၆၇၆/က ဟု ခေါ်တွင်သောမြေကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် (၃) လမ်း၊ အမှတ်-၅၀ ဟု ခေါ်တွင်သောမြေကွက်" တို့ပေါ်တွင် မြေရှင် (လုပ်ငန်းအပ်နှံသူ) များနှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်စေားသန္တာဝင်းနှင့် ဒေါ်ခင်သက်ထားတို့မှ နှစ်ဖက်သဘောတူကတိစာချုပ်များဖြင့် အဆောက်အဦးများ ဆောက်လုပ်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေများ လက်ရှိဆောက်လုပ်နေဆဲဖြစ်သော အဆောက်အဦးများအား လုပ်ငန်းအပြီးသတ်ဆောင်ရွက်ခြင်းနှင့် အမှန်တကယ် တိုက်ခန်းဝယ်ယူသူများကို လက်ရောက်ပေးအပ်မည့်ကိစ္စနှင့် စပ်လျဉ်း၍ မြေရှင်များအနေဖြင့် မည်သည့်နည်းနှင့်မှ အနှောင့်အယှက်မပြုပါရန်နှင့် အနှောင့်အယှက်ပြုခြင်းကြောင့် အဆောက်အဦးဆောက်လုပ်မှုနှောင့်နှေးကြန့်ကြာခြင်းနှင့် နစ်နာဆုံးရှုံးမှုများပေါ်ပေါက်လာပါက ဤသို့နှောက်ယှက်သည့် မြေရှင်များ၏ တာဝန်သာဖြစ်ကြောင်းနှင့် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထူးအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လက်လက်လင်း (စဉ်-၁၄၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် - ၁၀၁၊ (ပ)ထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရမ္ဘာ၀တီ
အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ်(တောင်ပိုင်း။ ဆိပ်ကမ်း
မြောက်ပိုင်း။ အရှေ့ပိုင်း)
မြေကွက်များ၀ယ်လိုသည်။
09-5290198

မဟာရန်ကုန်
အိမ်ပြောင်း / အိမ်ရှေ့လုပ်ငန်း
အိမ်ဝန်း၊ရုံးဝန်း၊ဆိုင်ခန်းများကို
ကားဆိုင်ခံနှုန်ရ အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

ဒဂုံမြို့သစ်
အရှေ့ပိုင်း။ မြောက်ပိုင်း။
တောင်ပိုင်း။ ဆိပ်ကမ်း
မြေကွက်များအထူး
ရေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

ကိုချစ်ကို
အိမ်ခြံမြေအကျိုးဆောက်
ဒဂုံမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/
အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ
ရေးကောင်းပေးဝယ်ပါသည်။
ပွဲခေးရန်မလိုပါ။
09-5094084

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

"ကန့်ကွက်နိုင်ပါကြောင်း အများပြည်သူသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဓနောင်မြိုးလမ်း၊ တိုက်အမှတ်(၁)၊ အခန်း အမှတ်-၅(A)၊(၆)ဌာ(ခ)ပဌမထပ်(ညာဘက်အခန်း)အား ပိုင်ရှင်များဟုအဆိုရှိသူ ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်အေးအေးဝင်း၊ ဒေါ်အေးအေးသန်း၊ ဦးသန့်စင်တို့က ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်း ၉/မကန(နိုင်)၀၃၉၁၀၁၅ သို့ အပြီးအပိုင်ရောင်းချရာတွင် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ ကျန်ငွေပေးဆပ်ပြီး ပိုင်ဆိုင်မှုအမည်ပေါက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ဆင်ကြည် L.LB, D.B.L၊ (စဉ်-၁၄၄၅၃)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၈၀)၊ ပထမထပ်၊ ဗဟိုလမ်း
စမ်းဈေးမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 - 407 407 400

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

၁။ ၂၀၁၂ခုနှစ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၁၁) ပုဒ်မ ၃၈-ခ တွင်မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့်ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်များသင်္ဘောတင်သည့်နေ့မှ (၆)လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းအသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန်တာဝန်ရှိပါသည်။

၃။ သို့သော်လည်း ၂၀၁၇ ခုနှစ်အတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့ခဲ့ပြီး ယနေ့အထိ ပို့ကုန်ရငွေအားလုံးကို လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏သက်ဆိုင်ရာဘဏ်စာရင်းတွင် ပြန်လည်ထည့်သွင်းရန်ပျက်ကွက်သော ပို့ကုန်တင်ပို့သည့်ကုမ္ပဏီ (၄၅၃)ခုရှိသည်ကို စိစစ်တွေ့ရှိရပါသည် ။ (အသေးစိတ်ကုမ္ပဏီ အမည်စာရင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website www.commerce.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

၄။ အဆိုပါကုမ္ပဏီများအနေဖြင့် ယခုကြေညာသည့်ရက်မှ ရက်ပေါင်း(၆၀)အတွင်း ပို့ကုန်ရငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့်ထည့်သွင်းကြရန် နှိုးဆော်လိုက်သည်။ ယင်းကာလအတွင်း ထည့်သွင်းရန်ပျက်ကွက်သည့်ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်းအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ရက်

လက်ဆောင်လည်းရယူပါ . . . . . .
မြန်မာပြည်တွင် "ပထမဦးဆုံး"
တစ်ဦးတည်း "Organic" လက်မှတ်ရ
သဘာ၀ပေါ်ဆန်းမွှေးစစ်စစ်
ဆန်သိုလှောင်ချင်သူများ အတွက်
ကျွန်းမာရေးနှင့် ညီညွတ်သော သဘာ၀ Certified Organic
ပေါ်ဆန်းမွှေးစစ်စစ် ဝယ်ယူကြပါဖို့. . . . . .
"Certified Organic" ဆန်(၂၄)ပြည်(၁)အိတ်ဝယ်ပြီး
Slimbag(၁)လုံး လက်ဆောင်ရယူပါ။
Promotion Period(၁-၂-၂၀၂၀)မှ (၁၅-၂-၂၀၂၀)အထိ
Ph:221834, 09-5150525, 09-785150525

မူးယစ်ဆိုက ဆန့်ကျင်ကြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ရှိ အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁	ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်	တက္ကသိုလ်ကျောင်း၀ဲ/ယာ/နောက် အုတ်ခြံစည်းရိုးကာရံခြင်း (၉၀၀၀)ပေ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၂-၂၀၂၀ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၂၀ရက် (၁၆-နာရီ) နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ် တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဘဏ္ဍာရေးဌာနခွဲတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်း ပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစား၏ တင်ဒါ အာမခံကြေးကို ပေးသွင်းပြီးသတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များ ရှိပါက ဖုန်း-၀၉၄၂၇၆၁၃၃၉၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါ တင်သွင်းသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ အိတ်ဖွင့်တင်ဒါပုံစံစျေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.eyu.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ပုသိမ်ညွှန့်(၃)လမ်း၊ အမှတ် (၁၀)၊ တစ်ခန်းတည်း RC(G)ထပ်တိုက်မှ ဒုတိယထပ်(၃)လွှာ၊ အခန်းအမှတ် (၂၀၁)၊ ဧရိယာ (၁၀၃၅) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ မီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းကြည် [စ/မထန(နိုင်)၀၆၅/၇၉၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင့်ဝါစော် [ဌ/လဝန(နိုင်)၁၈၄၅၅]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝင့်ဝါစော်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမင်းစိုး	**ဒေါ်သူဇောကျော်**	**ဒေါ်ဝေဖြိုးအောင်**
LL.B,WIPO(Switzerland)	LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)	LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅)
Ph:09-450023651	Ph:09-254508917	Ph:09-421157856

Level(၅) G၊ ၇၊ ၈)။ တာဝါ(၂)။ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၇၅/ခ) ဧရိယာအကျယ်အဝန်း (၂၀'x ၆၀') ဧရိယာ (၀.၀၂၇၅) ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဒေါ်ခင်မာကြည် [စ/မဘန(နိုင်)၀၁၃၁၈၆]၊ ဒေါ်ခင်မာကြူ [၁၂/ဥကတ(နိုင်)၀၇၉၂၈၄]၊ ဒေါ်ချယ်ရီမြင့် [၁၂/ဥကတ(နိုင်)၀၇၉၂၈၉]၊ ဦးစိုးဝင်း [၁၂/ဥကတ(နိုင်)၀၇၉၂၉၀]၊ ဒေါ်ကြည်ဌေး [၁၂/ဥကတ(နိုင်)၀၇၉၂၈၆]၊ ဒေါ်ယဉ်ယဉ်လှ [၁၂/ဥကတ(နိုင်)၁၃၂၁၀၈]၊ ဒေါ်ရင်ရင်သိန်း [၁၂/ဥကတ(နိုင်)၁၄၂၅၀၉]သည် လက်ရှိမိမိတို့သာလျှင် ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်ဇောလွင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၇)
အမှတ် (၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အ.ထ.က(၁) နဝမတန်းမှ မောင်အောင်ဝိုင်ဦး၏ ဖခင်အမည်မှန်သည် ဦးထွန်းမင်းလတ်(ခ) ဦးထွန်း [၅/ကဘလ(နိုင်)၁၄၄၂၂] ဖြစ်ပါသည်။

အမည်ပြောင်း

အဖ ဦးဌေးနိုင်၏သမီး ပြည်မြို့၊ အ.ထ.က(၅)၊သတ္တမတန်း(ဂ)မှမထက် အာကာခိုင်အား "မထက်ထက်ခိုင်" ဟုပြောင်းလဲခေါ်ပါရန်။

မထက်ထက်ခိုင်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပညာဝတီရိပ်သာ (သံလွင်လမ်း)၊ အမှတ်(၂၃)၊ အကျယ်အဝန်း(၀.၁၄၄) ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၆ ကဲဘဲ)၊ လူနေရပ်ကွက်အမှတ်-ပညာဝတီ၊ မြေကွက်အမှတ်(၂၀.ဘီ/၂၃)၊ ဧရိယာ(၀.၁၄၄)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပညာဝတီရိပ်သာ၊ သံလွင်လမ်း၊ အမှတ်(၂၃)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ယမင်းထင်အောင် [၁၂/ဗတထ(နိုင်)၀၃၁၉၀၈]က တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော အထက်ဖော်ပြပါမြေကွက်နှင့် အိမ်အဆောက်အအုံကို အခြားသူများထံရောင်းချထားခြင်း၊ လွှဲပြောင်းထားခြင်း၊ အမွေဆိုင်အရှုပ်အရှင်းနှင့် အမှုအခင်းများ ဖြစ်ပွားနေခြင်းတို့မှကင်းရှင်းပြီး မည်သူကိုမဆို လွှဲပေးပစ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း စာရွက်စာတမ်းများနှင်တကွ တင်ပြဝန်ခံသူ ဒေါ်ယမင်းထင်အောင် [၁၂/ဗတထ(နိုင်)၀၃၁၉၀၈]ထံမှ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းခဲ့ရာကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်သဘောတူသဖြင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်၊ အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ၊ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်သော အထောက်အထားများ၊ ပိုင်ဆိုင်မှုအထောက်အထားများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်အောင် ကန့်ကွက်မည့်သူမပေါ်ပေါက်ပါက ဝယ်ယူသူကအရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်းထွန်း(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)
အမှတ်(၅၆၁)၊ အခန်း ၃၀၂ MAC Towen ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀ Fi မြေကွက်အမှတ်-၅၆/B2၊ မြေကွက်တည်နေရာအမှတ်(၁၀)၊ စမ်ဝေမန်း၊ ပြည်အရှေ့ရပ်ကွက်၊ ဒေါက္ကင်ရီ[၁၂/လသန(နိုင်)၀၁၀၄၈၃] အမည်ပေါက် ဂရန်ရှိမြေပိုင်ဧရိယာ မိခင်အမည်ပေါက် ဒေါ်ကျင်ဝိုင်းသည် ၈-၃-၂၀၀၃ ရက်တွင် လည်းကောင်း၊ ဖခင် ဦးယုရှိလင်း(ခ) ဦးခင်မောင်သည် ၂-၃-၂၀၀၃ ရက်တွင်လည်းကောင်း၊ ဖခင်၏အမည်မှာ သေစာရင်းတွင် ဦးခင်မောင်(ခ) ဦးရှေလင်းဖြစ်ပြီး၊ ကျွမ်းကျင်ရိုးလွှာတွင် ဦးယုရှိလင်း(ခ) ဦးခင်မောင်ဟု ဖော်ပြထားခြင်းအား ဦးယုရှိလင်း(ခ) ဦးခင်မောင်(ခ) ဦးရှေလင်းသည် တစ်ဦးတည်းဖြစ်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ သားသမီး (၄)ဦးအနက် ဦးစိန်မင်းသည် ၁၈-၉-၁၉၉၇ ရက်တွင် လုပ္ပါကြီးဘဝဖြင့် မိခင်ထက်စော၍ ကွယ်လွန်သဖြင့် ကျန်သားသမီးများ ဖြစ်ကြသော ဒေါ်သန်းနန်းဝင်း[၁၂/လသန(နိုင်)၀၁၄၂၁၂]၊ ဒေါ်လှလှဝင်း[၁၂/လသန(နိုင်)၀၁၄၂၁၆]၊ ဦးစိန်ထွန်းလင်း[၁၂/လသန(နိုင်)၀၀၀၁၀၀]တို့မှ သားသမီးများတော်စပ်ကြောင်း၊ ဒဂုံမြို့နယ်တရားရုံး၏ ကျွမ်းကျင်ရိုးလွှာအမှတ်စဉ် ၁၂/၁၃၃၀/၁၉၊ တေးပတ်ဝန်းကျင်ထောက်ခံကျွမ်းကျင်ရိုးလွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးစိန်မင်းသေဆုံးကြောင်း ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနဆေးရုံ၊ ပြန်ကြားစာ၊ ရပ်ကွက်ထောက်ခံချက်၊ မြို့နယ်အထွေထွေဦးစီးဌာန ၏ ထောက်ခံချက်၊ အရောင်းအဝယ်အမည်ပေါက်စာချုပ် ၈/၆/၁၁-၉-၈၆၊ အမှား ပြင်စာချုပ်အမှတ်-၁၈၈၃/၃-၈-၂၀၀၀ တို့အားတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပဲ့ကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဝေဍင္ဂေးလမ်းသွယ် (၂) အကွက်ကြီးအမှတ် - ၄၊ မြေကွက်အမှတ် - ၄/၁၃၀၉ နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဧရိယာ (၂၅၀ x ၅၀၀)၊ ဦးအုန်းမြင့်အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးတိုးအောင် (၁၂/ဥကမ (နိုင်) ၀၆၈၂၉)ကိုင်ဆောင်သူမှ လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မျိုးသိန်း (LL.B, DBL, DIL, DAPsy)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၃၃)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၇၈၅၅၀၂၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၆/မြို့မရပ်၊ ၉၀၆ ဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀) ဧကရှိ ဦးကြွယ်လျန်ထန့် [၅/ကလထ(နိုင်)၁၁၇၄၃၉]၊ အဖအမည် ဦးကြွယ်တော အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (၀-၂၀၇၆၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၁၄/၂၀၁၉ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးရာဇာဝင်း [၉/ပမန(နိုင်)၁၉၄၅၄၀]၊ အဖအမည် ဦးဝင်းမောင်မှ ဒေါ်သီတာခိုင် [စ/ရန၃(နိုင်)၀၀၈၅၅၅]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓာ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာနက ကျင်းပအပ်သော ၁၃၈၁-ခု ၂၀၂၀-ခုနှစ် (၇၂)ကြိမ်မြောက် တိပိဋကရေ၊
တိပိဋကကောဝိဒ ရွေးချယ်ရေးဆေးပွဲတွင် ရန်ကုန်မြို့၊ ဒဏ္ဍမြိုသစ်(အရှေ့ရိုင်း) တိပိဋကမဟာလङ္ကာဝင် နိုဝယ်ကျောင်းတိုက်မှ
ဆဋ္ဌတိပိဋကရေရေကြိုဆရာတော်၏ တပည့်

အရှင်ပညာဝံသာဘိဝံသ (တိပိဋကဓရကျောက်ပန်းတောင်းဆရာတော်)သည်

တိပိဋကရေ၊ တိပိဋကကောဝိဒ (ဝိဋကယုံးဝုံအောင်) ဘွဲ့တော်ရှိတော်ချီး မြန်မာနိုင်ငံ၏ (၁၅)ပါးမြောက်
တိပိဋကရေ တိပိဋကကောဝိဒဆရာတော်အဖြစ် ပေါ်ထွန်းလာ၍

သာသနာတော်ကြီးအတွက် တပည့်ဒါယကာ ဒါယိကာမအပေါင်း ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ရပါသည်ဘုရား။။

ဆရာတော်ဘုရား ကျန်းမာချမ်းသာစွာဖြင့် သာသနာ့တာဝန်များ ဆက်လက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာရိုသေအပ်ပါသည်ဘုရား။။

(ရဟန်းဒါယကာကြီးခုတိယဗိုလ်မှူးကြီးစံတင်(ငြိမ်း)+ ရဟန်းဒါယိကာမကြီးဒေါ်သိန်းသိန်းစံ)

သားသမီးများဖြစ်ကြသော ဦးမြင့်+ဒေါ်ဦးမွာရီ၊ ဦးတင်ဝမ်းမောင်+ဒေါ်သန်းသန်းဘေး၊ ဦးတင်လေးမောင်+ဒေါ်သင်း၊ ဦးမျိုးမြင့်သိန်း+ဒေါ်ဦးမွာတင်၊
ဒေါက်တာမျိုးမြင့်စိန်+ဒေါ်သန်းသန်းဆွေ(စိမ်းလှဲတင် Resorts) သမီး မနေခြည်ဦး(ရွှမ်ရှင်သရွှမ်ဆောင်)၊
ဦးသန်းဇော်ထွေး+ဒေါ်စုစုစံ၊ ဦးဇော်နိုင်ထွန်း+ဒေါ်ဦးမွာသိန်းစံ၊ ဦးသိန်းထက်စံ+ဒေါ်စိမ့်စိမ့်မိုးဦး မိသားစုနှင့်
တောင်နှောက်ရွာ (ခရည်းတော်ဦးချစ်ဇေ+မယ်တော်ဒေါ်တင်ရွှင့်ဒကာဒကာမများ။ ရဟန်းဒါယကာဒါယိကာခရာများ၊ ကျောက်ပန်းတောင်းမြို့သူမြို့သားများ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မော်တီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်း/အကွက် အမည်-၅၇၂/-ကျွန်းတောတောင်၊ ဦးပိုင်အမှတ်-၉၅/၃၊ ခေါ်သိကီလွင်(၁၂/သဃက(နိုင်)၁၃၈၅ခု)အမည်ပေါက် ဥယျာဉ်မြေဧရိယာ(၁-၅၀)အကျိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်းခရိုင်၊မော်တီမြို့နယ်ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ကွင်း/အကွက် အမည်-၅၇၂/-ကျွန်းတောတောင်ဦးပိုင်အမှတ်-၉၅/၂၊ခေါ်ထိုက်ထိုက်ဟန်(၁၂/ဥကမ(နိုင်)၁၁၆၂ခု)အမည်ပေါက်ဥယျာဉ်မြေဧရိယာ(၂-၉၂)အကျိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မော်တီမြို့နယ်ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ကွင်း/အကွက် အမည်-၅၇၂/-ကျွန်းတောတောင်ဦးပိုင်အမှတ်-၉၅/၁၊ခေါ်ထိုက်ထိုက်ဟန် (၁၂/ဥကမ(နိုင်) ၁၁၆၂ခု) အမည်ပေါက်ဥယျာဉ်မြေဧရိယာ(၁-၁၈)အကျိုးမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မော်တီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်း/ အကွက် အမည်-၅၇၂/-ကျွန်းတောတောင်၊ ဦးပိုင်အမှတ်-၇၉/၃၊ ခေါ်ထိုက်ထိုက်ဟန်(၁၂/ဥကမ(နိုင်) ၁၁၆၂ခု) အမည်ပေါက်လယ်မြေဧရိယာ(၀-၄၀)အကျိုးမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မော်တီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်း/ အကွက် အမည်-၅၇၂/-ကျွန်းတောတောင်၊ ဦးပိုင်အမှတ်-၇၉/၃၊ ခေါ်ထိုက်ထိုက်ဟန်(၁၂/ဥကမ(နိုင်) ၁၁၆၂ခု) အမည်ပေါက်လယ်မြေဧရိယာ(၀-၄၀)အကျိုးမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၆။ ရန်ကုန်တိုင်းဒေသကြီး၊ မော်တီမြို့နယ်၊ ပိန်ခူကုန်းရပ်ကွက်၊ ရွာလယ်လမ်း၊ မြေကွက်အကျယ်အဝန်း (၆၀ပေ×၈၇ပေ/၁၁၅ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၇။ ရန်ကုန်တိုင်းဒေသကြီး၊ မော်တီမြို့နယ်၊ ပိန်ခူကုန်းရပ်ကွက်၊ ရွာလယ်လမ်း၊ မြေကွက်အကျယ်အဝန်း (၆၀ပေ×၈၆ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၈။ ရန်ကုန်တိုင်းဒေသကြီး၊ မော်တီမြို့နယ်၊ ပဲခူးရပ်ကွက်၊ ရွာလယ်လမ်း၊ မြေကွက်အကျယ်အဝန်း (၄၅ပေ×၁၄ပေ) ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အထက်အမည်ပါဥယျာဉ်မြေ၊ လယ်မြေ၊ ရွာမြေများပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးရောက်လိန်(၁)ဦးသိန်းဟန်(၁၂/ဥကမ(နိုင်)၁၀၇၇၆ခု)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းယယူရန်အတွက်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လို သူများရှိပါက နိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသန်းညွှန့် (LL,B) ဦးနိုင်ထွဋ်လင်း (LL,B)
တရားလွှတ်တော်ရှေ့နေ(ရွှေ၂၇) အထက်တန်းရှေ့နေ(၃၇၅၇၄)

အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၅၀၆၁၅၇၃ ၊ ၀၉-၇၈၅၅၀၆၁၅၇

တော တောင် ပျက် ပြုန်း မြေ ဆီ သုဉ်း ၏

မိခင်အမည်မှန်

ခနုဖြူမြို့နယ်၊ ရုံးချောင်းကျေးရွာနေ မောင်ဆန်းသူအောင် မအူပင်တက္ကသိုလ် ပထမနှစ်(မြန်မာစာ)၊ အ.ထ.က ရုံးချောင်း(ဆဋ္ဌမတန်း-က)တွင် ပညာသင်ကြားနေသော မနှင်းအိမိုးနှင့် မမြအေးသူ၊ အမက ၁ဖခန်းကုန်း(ပထမတန်း) တွင် ပညာသင်ကြားနေသော မောင်ဖြိုးဝေမိုးတို့၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်ခိုင်[၁၄/ခနဖ(နိုင်)၁၉၁၁၅]ဖြစ်ပါကြောင်း။ **ဒေါ်တင်တင်ခိုင်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (၇)၊ အခန်းအမှတ်(၃၅) တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဒေါ်ဖြူဖြူဝင်း [၁၂/ပဇတ(နိုင်)၀၂၀၉၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဝေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ကြော်ငြာပါသည်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသန်းညွှန့် (LL.B) ဦးနိုင်ထွဋ်လင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၂၇) အထက်တန်းရှေ့နေ (စဉ်-၃၅၅၄၅)
အမှတ် (၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၅၀၆၁၅၇၃ ၊ ၀၉-၇၈၅၅၀၆၁၅၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရင်ကင်းမြို့နယ်၊ မြေတိုင်းရဝ်ကွက်အမှတ် ၈၆/ကံဘဲ)၊ မြေကွက် အမှတ် ၂-ဒီ/၁၊ ဒေါ်အေးညွန့် (ဒီဒီအီး/၀၀၁၈၃၃) အမည်ပေါက်၊ မြေပိုင် မြေ၊ မြေကွက်တည်နေရာအမှတ်-၉/က၊ ဂန္ဓမာလမန်းသွယ်၊ သုခ၀တီရိပ်သာ၊ (ဖ)ရပ်ကွက်၊ ရန်ကင်းမြို့နယ် မြေကွက်အား အမည်ပေါက် ဒေါ်အေးညွန့် (ဒီဒီအီး/ ၀၀၁၈၃၃)နှင့် ခင်ပွန်းဖြစ်သူ ဦးစိန်နိုင်အောင်တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သားဖြစ်သူ ဦးမျိုးသန့်က မိဘများကွယ်လွန်ခဲ့ပြီးနောက် အမွေဆက်ခံသူအဖြစ် မိမိတစ်ဦးတည်းသာကျန်ရှိခဲ့ပါကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံမည်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဗဟလမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လိုက်နာကျင့်သုံးကြသူများဖြစ်ပါကြောင်း၊ ဦးမျိုးသန့်မှအပ အခြားအမွေဆက်ခံမည်သူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ဒေါ်အေးညွန့်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဦးမျိုးသန့်မှ ဦးညွန့်ရွှေအား အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၂၄၉၀၄/၂၀၁၉(၂၃-စ-၂၀၁၉)ရက်စွဲဖြင့် လွှဲအပ်ပေးခဲ့ပြီး လွှဲအပ်ပေးသူ မှာလည်း ယနေ့တိုင် သက်ရှိထင်ရှားရှိပါကြောင်း ၂၅-၉-၂၀၁၉ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ဦးမျိုးသန့်[၁၂/ဒဂန(နိုင်)၀၁၂၄၁]ကိုယ်စား GP ရသူ ဦးညွန့်ရွှေ[၁၂/ဒဂန(နိုင်)၀၁၂၄၁]က ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ခုတိယညွှန်ကြားရေးမှူးချုပ်)**

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့,ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရဝ်ကွက်အမှတ်၁၁၊ မြေကွက် အမှတ်-၆စ၉၊ မြေကွက်တည်နေရာ အမှတ်-၆စ၉၊ နောင်ရိုး(၁)လမ်း၊ ၁၁လပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (ဗိုလ်မှူးသူရလေးမောင်)အမည်ပေါက် ပါမစ် မြေအား အမည်ပေါက် ဗိုလ်မှူးသူရလေးမောင် (B/RGN-၀၀၁၉၂၆)ထံမှ အရောင်းအဝယ်အရပ်စာချုပ် အဆက်စပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်မာမာစိန်(ခ) ဒေါ်ဇင်မာ [၁၂/ဥကတ(နိုင်)၀၇၇၁၅]မှ ပါမစ်ပျောက်ဆုံးကြောင်း ရဝ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်နှင့် မြေခြုံပါမစ်မူရင်းမှာ သိမ်းဆည်းထားရာမှ အထားအသိမှားယွင်းစွာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ကွင်းဆင်း စစ်ဆေးရာ (၂၀'x၅၀') ပျဉ်၊ ထရံကာ သွပ်မိုးတစ်လုံးနှင့် တာလပါတ်ကာ၊ တာလ ပါတ်မိုး အဆောက်အအုံနှစ်လုံးရှိပြီး တူဖြစ်သူ ဦးနေဝါဟိန်း နေထိုင်သဖြင့် ဝင်စာ ၁၀၃၁၆၊ ၂၂-၁၀-၂၀၁၈ဖြင့် တူဖြစ်သူ နေထိုင်ခြင်းအားတာဝန်ယူကြောင်း၊ အရှည် အရှင်းပြသနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူကြောင်း ဝန်ခံကတိ တင်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မာမာစိန်(ခ)ဇင်မာမှ ပါမစ်ပျောက်ဖြင့် ဂရန် သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ခုတိယညွှန်ကြားရေးမှူးချုပ်)**

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့,ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထွေထွေကိုယ်စားလှယ်လွှဲစာရွက်သိမ်းခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၀၆၇(က)ရှင်သိဒ္ဓါတ်(၁၃)လမ်း(က)နေ အမည်ပေါက် ဒေါ်မြင့်စိန် [၁၂/ဥကတ(နိုင်)၁၁၁၂၁]မှ ဦးကျော်သန်းထွဋ်(ခ)စိုင်းခမ်းပန် [၁၃/တခလ(နိုင်)၀၆၃၇၅၉]သို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၇-၉-၂၀၁၄ ရက်စွဲဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်စာအမှတ်-၂၅၆၂ကို ဒေါ်မြင့်စိန်မှ ကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်စိန် [၁၂/ဥကတ(နိုင်)၁၁၁၂၁]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှဝင်းသည် သားဖြစ်သူ ဦးမောင်ဟန်အား ယုံကြည်စိတ်ချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေပိုင် အမှတ်(၁၄)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း/တောင်ရပ်ကွက်၊ အဆောက်အဦအဟောင်းကိုဖြိုဖျက်ပြီး အဆောက်အဦတည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၂၉၆၊ မြေကွက်အမှတ်-၈၀ ဟုခေါ်တွင်သည့် ပေ(၂၉x၆၀)အကျယ် မြေကွက်ပေါ်တွင် ဓာတ်လေ့ကားပါ ၉ထပ် RC တိုက်တစ်လုံးကို PAE စနစ်ဖြင့်ဆောက်လုပ်ရန် ၂၃-၇-၂၀၀၈ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ(၁)စောင်နှင့် မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ်-၇၃၀၇/၂၀၀၈ ဖြင့်(၁)စောင်၊ ၅-၅-၂၀၁၀ရက်စွဲပါ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၄၄၁၃/၂၀၁၀ ဖြင့်(၁)စောင်လွှဲပေးခဲ့ကြပြီးလင်းနီးကိုလုပ်ကိုင်ခြေခြင်းပြုခဲ့ပါသည်။ အဆောက်အဦ ဆောက်လုပ်ရန် စာချုပ်ကို ၂၇-၁-၂၀၁၀ရက်တွင် ချုပ်ဆိုသော်လည်း ယခုထက်တိုင် အဆောက်အဦ ပြီးစီး BBC မရရှိသေးပါ။ ၁၃-၁-၂၀၂၀ရက်တွင် အကြောင်းကြားစာကို ပေးပို့ပြီး အဆောက်အဦ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ စာရင်းအမှန်ကို တိတိကျကျရေးသားပေးပို့ရန် အကြောင်းကြားခဲ့ပါသည်။ ဦးမောင်ဟန်ဘက်က အကြောင်းကြားသည့်အတိုင်း လိုက်နာခြင်းမရှိဘဲ ဖခင်ဖြစ်သူ ဦးလှဝင်း အိပ်ဟျော်နေသည့်အချိန် အတည်ပြုထားခြင်းမရှိသော လက်ရေးဖြင့် ရေးသားထားသော စာရွက်စာတမ်းများကို တာဝန်ယူ၊ တာဝန်ခံသူတစ်ဦးဦးက စာရင်းမှန်ကန်ကြောင်း အဆောက်အဦဆောက်လုပ်စရိတ်မည်မျှရှိကြောင်း၊ မည်သူထံမှ ငွေကို မည်သည့်နည်းဖြင့် ရယူထားကြောင်း။ ဖခင်ပိုင် မော်တော်ကားများကို မည်သို့ရောင်းချကြောင်း ဖော်ပြထားခြင်းမရှိသည့်စာရွက်စာတမ်းများကို ဖခင်အားအသိပေးဘဲ တိတ်တဆိတ် ထားရှိသွားသည့်အတွက် ဖခင်ကြီးအိပ်ရာမှနိုးပြီးနောက် အဆိုပါအတည်ပြု၍ မရသော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း အထက်ပါအဆောက်အဦဆောက်လုပ်သည့်လုပ်ငန်းတွင် ငွေကြေးမည်မျှ ကုန်ကျခဲ့သုံးစွဲထားကြောင်း ဦးလှဝင်းအမည်ပေါက် မြေငှားဂရန်မူရင်းကို ဘဏ်တွင်အပေါင်ထားငွေရယူခြင်း အပါအဝင် မည်သူထံမှ ငွေမည်မျှကို မည်သည့်အကြောင်းပြချက်ဖြင့် မည်သို့မည်ပုံရယူခဲ့ကြောင်း မော်တော်ကားကို မည်သည့်တန်ဖိုးဖြင့် ရောင်းချခဲ့ကြောင်း ရင်၄ သုံး၄ လက်ကျန်ငွေစသည်တို့အား တာဝန်ယူ၊ တာဝန်ခံသူ၏ လက်မှတ်ဖြင့်သက်သေများရှေ့ လွှဲပြင်သူမြင် လာရောက်ပေးအပ်ပါရန် တောင်းဆိုပါသည်။ ဤကြေညာချက်ဖြင့် ဦးလှဝင်းက ပေးအပ်ထားသောအထွေထွေကိုယ်စားလှယ်လွှဲစာ(၂)စောင်တို့အား ခြွင်းချက်မရှိ ရုပ်သိမ်းလိုက်ပြီးဖြစ်ပါသည်။ ဦးမောင်ဟန်သည် ဦးလှဝင်းလွှဲပေးထားသော ကိုယ်စားလှယ်လွှဲစာဖြင့် မည်သည့်လုပ်ပိုင်ခွင့်ကိုမျှ ဆောင်ရွက်ခြင်း ပျက်ပြယ်လျက်ရှိပါသည်။ ကြေညာသည့်နေ့မှ(၇)ရက်အတွင်း တရားဝင်စာရင်းပေးပို့ရန် ပျက်ကွက်လျှင် တည်ဆဲဥပဒေအရ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဟု အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း	ဦးစိန်မြင့်
(စဉ်-၄၀၄၄)	(စဉ်-၁၀၉၁၆)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

ဦးလှဝင်း၏ရှေ့နေများ
အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၄၄၆

သမီးအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ ရန်ပယ်(၂၂)လမ်း၊ အိမ်အမှတ်(၂၃၂)နေ (ဦးသန်းစိုး)-ဒေါ်သောင်းရင်[၈/မကန(နိုင်)၁၅၅၂၄၁] (စိုး-ဆီစက်)တို့၏သမီးကြီး၊ ဒေါ်ထိုက်ယဉ်စိုး[၈/ မကန(နိုင်)၀၀၄၇၂၂]သည် မိခင်ကြီး၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ကြီးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဒေါ်ထိုက်ယဉ်စိုးနှင့်ပတ်သက်သောကိစ္စအဝဝအား လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-(ဦးသန်းစိုး)၊ မိခင်-ဒေါ်သောင်းရင်
စိုး-ဆီစက်၊ မကွေးမြို့။

သားအဖြစ်မှစွန့်လွှတ်ခြင်း

အမှတ်(၁၂၇)၊ အနောက်မြို့ပတ်လမ်း၊ ဈေးရပ်ကွက်၊ တိုက်ကြီးမြို့နေ ဦးတင်အောင်-ဒေါ်စန်းစန်းလွင်တို့၏သားကိုမျိုးမြင့်အောင်[၁၂/တကန(နိုင်)၁၅၀၆၁၇]အား ယနေ့မှစ၍ အမွေစား အမွေခံ သားအရင်းအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးတင်အောင်	**ဒေါ်ခင်သန္တာမြင့်**
[၁၂/တကန(နိုင်)၁၁၃၂၄၄]	**(LL.B)**
ဒေါ်စန်းစန်းလွင်	**အထက်တန်းရှေ့နေ**
[၁၂/တကန(နိုင်)၁၁၃၂၄၀]	**(စဉ်-၄၇၉၇၆)**
	ဖုန်း-၀၉-၄၅၀၂၃၉၆၂၂

"အသောက စိုက်ပျိုးရေးဆေးဆိုင်" ဦးစည်သူလှိုင်
(ငါးယှန်ကျေးရွာ၊ ချောင်းဦးမြို့နယ်)သိစေရန် ကြေညာခြင်း

ရန်ကုန်မြို့ **"ဝါဝါအဂရိကယ်မီကယ်ထရေးဒင်းကုမ္ပဏီလီမိတက်"** ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးစည်သူလှိုင်(အသောက-စိုက်ပျိုးရေးဆေးဆိုင်) (ဘ)ဦးစိုး [၅/ခဥတ(နိုင်)၀၅၆၄၉၆] ငါးယှန်ကျေးရွာ၊ ချောင်းဦးမြို့ နေထိုင်သူသည် ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီထံမှ ဓာတ်မြေသြဇာများကို အပ်ကုန်စနစ်ဖြင့် **ကျပ်သိန်းပေါင်း (၄၅၂၇၇၂၀၀.၀၀)**၀ယ်ယူခဲ့ရာတွင် ငွေပေးသွင်းရမည့် သတ်မှတ်ကာလကျော်လွန်ခဲ့သော်လည်း သွင်းရမည့်ငွေများ ပေးသွင်းခြင်းမရှိသဖြင့် ကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီထံသို့ အပြေအကျေ လာရောက်ပေးသွင်းရန် တောင်းဆိုပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်နိုင်(တရားလွှတ်တော်ရှေ့နေ)စဉ်-၉၃၅၈၊
လိပ်စာ-အမှတ်(၁၀၁)၊ ပ(ထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၉၉၁)၊ အခန်းအမှတ်(၆က)၊ ပဌမထပ်၊ ပေ(၁၉×၅၅)ခန့်အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်အေး(ခ) ဦးတေဇာကျော်[၁၂/ ဥကတ(နိုင်)၀၂၅ဖေ၀ဂ]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအ၀ယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်ဟန်သီစိုး LL.B,WIPO (Switzerland)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၆၃)
အမှတ်(၃၀)၊ ၃ လွှာ (ညာ)၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၄၄၃၃၀၀၊ ၀၉-၄၂၁၀၁၃၉၄၄

ကြော်ငြာစာ
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၄၃၁ (စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ထုတ်ဆင့်သည့် ကြော်ငြာစာ
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၂၀ ပြည့်နှစ်၊ တရားမအတွေ့ထွေ့မှုအမှတ်-၂၀

HALIM & BROTHERS LIMITED
(၎င်း၏ကိုယ်စားတာ၀နံပေးအပ်ခြင်းခံရသူ
မန်နေဂျာ ဦးတင်မောင်ဝင်း) **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ (၈၇)လမ်း၊ အမှတ်-၁၉ (ဒုတိယထပ်)တွင် ဖွင့်လှစ်ထားသည့် HALIM & BROTHERS LIMITED(၎င်း၏ကိုယ်စား တာ၀နံပေးအပ်ခြင်းခံရသူ မန်နေဂျာ ဦးတင်မောင်ဝင်း)က မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၄၃၁(စ)အရ ကင်းလွတ် ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့မှ နည်းလမ်းတကျလွှဲအပ်ထားသည့် အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အဆိုပါကင်းလွတ်ခွင့်အား ရသင့်၊ မသင့်ကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် နံနက် ၁၀:၀၀ နာရီတွင်ကြားနာ၍ ကင်းလွတ်ခွင့်ပြု သင့်/မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထုတ်ဆင့်လိုက်သည်။ ကန့်ကွက်သူတစ်ဦးတစ်ယောက်မှမရှိပါက အဆိုပါလျှောက်ထားချက်အား စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မင်းသီတာဝေ)
ဒုတိယခရိုင်တရားသူကြီး (၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
၂၀၂၀-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

ဦးအောင်ဖြိုးကျော် **နှင့်** ၁။ ဒေါ်လှကြည်
၂။ ဦးစိန်ဝင်း
(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၂၄၄)နေ ဒေါ်လှကြည်၊ ဦးစိန်ဝင်း(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးအောင်ဖြိုးကျော်က ပဋိညာဉ်အတိုင်း မြေကွက် အရောင်းအ၀ယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် (၁၃၈၁-ခုနှစ်၊ တပို့တွဲ လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုဖွဲ့ချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အဖိုပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိမ်ခိုသိမ်အေး)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းစျေး(သိပ္ပံစျေး)ရှိ ရုံးအမှတ်(၇)၊ ဆိုင်ခန်းအမှတ်(၃၀)အမည်ပေါက် ပိုင်ဆိုင်သော ဒေါ်မိုးမိုးမြင့်[၁၂/ကမတ(နိုင်)၀၁၂၅၄၆]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် ပျောက်ဆုံးသွားပါ၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးမြင့်[၁၂/ကမတ(နိုင်)၀၁၂၅၄၆]
Ph:09-767415616

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းစျေး၊ (သိပ္ပံစျေး)ရှိ ရုံးအမှတ်(၄)၊ ဆိုင်အမှတ်(၃၀) အမည်ပေါက်ပိုင်ဆိုင်သော ဒေါ်သန္တာချို [၁၂/ဥကတ(နိုင်)၀၆၄၇၅၄]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် ပျောက်ဆုံးသွားပါ၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသောဆောရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာချို ဖုန်း-၀၉-၅၁၀၂၆၄ စရင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဆောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက မိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဦးဌေ[illegible]	၁၄/ညတန(နိုင်)၀၃၀၊ ၂၁၅	၁၃၅၁/ဝ၊ ဝန်ကြီ(၂၂)လမ်း၊ ၁၄-ရပ်ကွက်၊ လှေကြည်သာ	၄၀	၁၃၅၁/ဝ	ဖေါ်ကြက်လေးနွယ်
၂	ဒေါ်ခင်မာလှဝင်း	၁၂/စခန(နိုင်)၀၆၇၈၂	၅၃၊ တော်ဝင်လမ်းသွယ်(၂)လမ်း၊ ၃-ရပ်ကွက်၊ လှေကြည်သာ	၀၁-၁၅	၅၃	ဦးဌေးလှိုင်
၃	ဒေါ်ခင်ဝင်းမြင့်	၁၂/ရုပသ(နိုင်)၀၃၈၂၀၃	၁၂၂/ဝ၊ စစ်တောင်းလမ်း၊ ၆-ရပ်ကွက်၊ လှေကြည်သာ	၁၉	၁၂၂/ဝ	ဦးလှထွန်းဆေ
၄	ဒေါ်ဆိုမာဝင်း	၁၂/သကတ(နိုင်)၁၂၂၈၅၅	၁၂၃၊ စိန်ဆုလယ်လမ်း၊ ၄-ရပ်ကွက်၊ လှေကြည်သာ	၉-၁၀	၁၂၃	ဒုတယ ခင်ဧော်
၅	ဒေါ်ဆေးဟော်	၈/နမန(နိုင်)၁၀၂၀၉၅	၁၀၈/၁၊ ရေပြောလမ်းသွယ်၊ ၃-ရပ်ကွက်၊ လှေကြည်သာ	၃၈	၁၀၈/၁	ဒေါ်ကျင်လှ
၆	ဒေါ်မြအုန်း	၈/တကတ(နိုင်)၀၃၄၁၉၂	၆၃၄/၁၊ ပဇာတရွှေလလမ်း၊ ၁၄-ရပ်ကွက်၊ လှေကြည်သာ	၈-၄၀	၆၃၄/၁	ဒေါ်စန်းမြင့်
၇	ဒေါ်ဆောစုလှိုင်	၁၄/အေ၀(နိုင်)၁၅၉၂၂၂	၇၉၈၊ မဟာမိုလမ်း၊ မြှားမးအရှေ့ရပ်ကွက်၊ အင်းစိန်	၁၀-E ရွာမ	၇	WM၀င်းသွင်၊ A ၀င်းသွင်
၈	ဦးစိုးမြတ်နိုင်	၁၂/ရုတန(နိုင်)၀၆၂၅၁	၁၃၄၅+၁၃၄၆/ခ၊ ဗိုလ်မင်းရောင်လမ်းနှင့်ပိတောက်ဖြိုင်လမ်းထောင့်၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၃၄	၁၃၄၅+၁၃၄၆/ခ	ဦးထွန်းထွန်း
၉	ဦးတင်အောင်	၁၃/တမန(နိုင်)၀၆၇၃၄၄	၆၇၅+၆၇၆၊ နဝရက်(၃)လမ်း၊ ၅-ရပ်ကွက်၊ လှိုင်သာယာ	၄/၅	၆၇၅+၆၇၆	ဒေါ်ရန်ဝိုးမေ
၁၀	ဦးစံမြင့်	၅/အရတ(နိုင်)၀၉၈၉၃၃	၃၅၊ ရွှေပဒေသာလမ်းသွယ်၊ ရွှေလင်ပန်းကျောရှောဈေး၊ လှိုင်သာယာ	ရထပ-၂၆	၃၅၀	ဒေါ်တင်မိုးနွယ်
၁၁	ဦးအောင်လင်း	၁၂/လမတ(နိုင်)၀၁၈၈၁၂	၅၈၊ အောင်မြည့်စုံလမ်း၊ ၆-ရပ်ကွက်၊ လှိုင်သာယာ	၃/၃	၅၈	ဒေါ်စိန်ဖြိုင်
၁၂	ဒေါ်ခင်ဖေစီလှိုင်	၇/ညလမ(နိုင်)၀၁၃၄၀၃	၃၇၃/ဝ၊ ဓော်လမြိုင်လမ်း၊ ၁၃-ရပ်ကွက်၊ လှေကြည်သာ	၀-၃၇	၃၇၃/ဝ	ဦးသောင်းတင်
၁၃	ဒေါ်ဥမ္မာဝင်း	၉/ခအရ(နိုင်)၀၂၂၁၃၃	၂၇၂ ဇင်ကမ္ဘာနဝေးလမ်း၊ ၁-ရပ်ကွက်၊ လှေကြည်သာ	၆/၃၆	၂၇၂	ဗမဝ ခင်မောင်ဝင်း
၁၄	ဦးနေမင်းထွန်း+၁	၁၂/လမတ(နိုင်)၀၃၄၁၀၃	၄၀၀၊ စကိမ္ဘလမ်း၊ ၁၉-ရပ်ကွက်၊ လှေကြည်သာ	၄၇	၄၀၀	ဒေါ်ညွှန့်ညွှန့်
၁၅	ဒေါ်ဥမ္မာထွန်း	၈/ရနခ(နိုင်)၀၃၇၃၅၁	၆၂၈၊ ပုသိမ်(၂)လမ်း၊ ၂၀-ရပ်ကွက်၊ လှေကြည်သာ	၄၅	၆၂၈	ဦးမိုးမင်းတိုတ်
၁၆	ဒေါ်ထက်ထက်စုပွန်	၁/မညန(နိုင်)၁၁၁၀၃၂	၁၀၆၅၊ ပုဇွန်းလမ်း၊ ၄၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၄၃	၁၀၆၅	ဒေါ်အေးအေးမြင့်
၁၇	ဦးစော	၁/အစန(နိုင်)၀၅၄၄၅၈	၇၂၀၊ တန်ကြီးအောင်လမ်းသွယ်၊ ခေတ်ထားကြီးကုန်းရပ်ကွက်၊ အင်းစိန်	၃/ဝ[illegible]	၅	ရွာမြေ
၁၈	ဒေါ်သဿာမိုးသန်း	၁/အစန(နိုင်)၁၄၅၅၅၃	၁၁၃၊ သဇင်လမ်းသွယ်(၁)လမ်း၊ ၃-ရပ်ကွက်၊ လှေကြည်သာ	၁၅	၁၁၃	ဒေါ်နန်းပြည်ဦးအောင်
၁၉	ဦးရဲမင်းနိုင်	၉/ညဥန(နိုင်)၀၆၂၀၁၄	၁၀၅၅/ဝ၊ ကေမီ(၅)လမ်း၊ ၁၀-ရပ်ကွက်၊ လှေကြည်သာ	၈/၃၄	၁၀၅၅/ဝ	ဦးမြင့်သန်း
၂၀	ဦးမောင်မောင်ကြည်	၁၄/မခန(နိုင်)၁၀၃၄၃၈	၅၄၂/ဝ+၁၊ ပြည်လမ်းနှင့်ဆင်ချိုမှောင်လမ်းထောင့်၊ ၁၀-ရပ်ကွက်၊ လှိုင်သာယာ	သတမ-၂	၅၄၂/ဝ ၊ ၁	ဒေါ်သိန်းထွေး၊ ဦးခင်တင့်
၂၁	ဒေါ်သန်းစိန်	၁/သဃတ(နိုင်)၁၀၉၃၀၈	၃/၁၊ သာမိုး(၄)လမ်း၊ ၊ဃ/ဝ-ရပ်ကွက်၊ သဃန်းကျွန်း	၃၃/ဝ	၃/၈ Portion	ဦးသလင်း

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) အဆောက်အဦးဆိုင်ရာလုပ်ငန်းတာ၀နံ၀ိအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အလက (၈) သတ္တမတန်းမှ မောင်ခန့်ထူးအိမ်၏ ဖခင် ဦးအောင်ထွေးထွန်း၏ အမည်မှန်မှာ **ဦးအောင် ထွေး**(၇/နတလ(နိုင်)၀၂၂၀၄၇၃) ဖြစ်ပါကြောင်း။

ဦးအောင်ထွေး

အမည်ပြောင်း

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်မြို့၊ စံပြရပ်ကွက် (၄)လမ်းနေ အဖ ဦးလှမောင်၏ သမီး ဒေါ်အေးအေးမာ အား **ဒေါ်အေးအေး** [၁၂/ကခက(နိုင်)၀၅၃၄၂၀]ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ဒေါ်အေးအေး[၁၂/ကခက(နိုင်)၀၅၃၄၂၀]

မိဘအမည်မှန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် အ.လ.က(၄)၊ အဌမတန်း(က)တွင် ပညာသင်ကြားနေသော မမေသူထက်၏မိဘအမည်မှန်မှာ ဦးလှိုင်ဝင်းကျော် [၁၁/ဂမန(နိုင်)၀၃၉၇၆၈] နှင့် ဒေါ်ဖြူမ [၁၀/ပမန(နိုင်)၂၂၂၇၂၀] ဖြစ်ပါသည်။

ဦးလှိုင်ဝင်းကျော်နှင့် ဒေါ်ဖြူမ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖက်လာဒုံမြို့နယ်၊ မြေတိုင်းရုပ်ကွက် အမှတ် (၅၃၂/ဘီ)၊ မြေကွက်အမှတ်(၄၇၄)၊ ဧရိယာ (၀.၀၈၂)ဧက မြေကွက်တည်နေရာ အမှတ် (၄၇၄)၊ ပျဉ်းမဟင်းမြောက်၊ မင်္ဂလာဒုံမြို့နယ် ဒေါ်ခေါ်စီစီဌေး[၁၂/မဂဒ(နိုင်) ၀၀၇ ၄၇၉] အမည်ပေါက် မြေအမျိုးအစား နှစ်(၆၀) ဂရန်မြေအား မင်္ဂလာဒုံမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၇၀/၂၀၁၅ (၈-၁-၁၆) စီရင်ချက်နှင့် ဒီကရီအရ ဦးရဲသူရလတ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဓော်မင်းထွန်း)မှ တရားလို ပြုလုပ်၍ အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး တရားဓာ၀ရီမှု အမှတ်-၆/၂၀၁၆ (၂-၁-၁၆) တို့ကို တင်ပြ၍ တရားပြိုင်ကိုယ်စား တရားရုံးဘီလစ် ဒေါ်ခုနလှိုင်[၁၂/ဥကမ(နိုင်)၀၀၄၉၃၄]မှ ဘီလစ်ခန့်စာ၊ တရားရုံးအမိန့်, နှစ်(၆၀)ဂရန်မူရင်းတို့ကိုတင်ပြ၍ အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းရှိသဖြင့် ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ တရားနိုင်နှင့် ဘီလစ်ဒေါ်ခုနလှိုင်မှ အဆိုပါအရောင်းအ၀ယ်မြေပုံသည် ထုတ်ယူပြီးနောက် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါကြောင်း ဒဂုံမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် စဉ် ၁၂/၂၇၈၃/၁၉ (၁၈-၁-၁၉) ဖြင့် တင်ပြလာပြီး အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာ၀နံ၀ိအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက မိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဒေါ်ကိုကိုအောင်	၁/ဟခန(နိုင်)၀၁၁၄၂၂	၅၈/၅၉၊ ဆေးရုံ(၅)လမ်း၊ ကစင်ထေးရွာအုပ်စု၊ လှိုင်သာယာ	ရထပ-၂၃	၅၈+၅၉	ဒေါ်ကြူကြူမာ
၂	ဒေါ်သန်းသန်းလှ	၁၂/မရက(နိုင်)၀၃၃၉၂၀	၉၁၁/ဝ၊ ဆရာစံလမ်းနှင့်သခင်ဗိုလ်ကြီးလမ်းထောင့်၊ ၁၈-ရပ်ကွက်၊ လှိုင်သာယာ	၁၈	၉၁၁/ဝ	ဦးလှရွှေ
၃	ဦးကျော်သီဟ	၁၄/ပဇမ(နိုင်)၂၂၈၀၀	၁၂၆/၇၊ ရွှေအင်ကြင်း(၁)လမ်း၊ ရွှေလင်ပန်းကျောရှောအုပ်စု၊ လှိုင်သာယာ	ရထပ-၂၆	၁၂၆/၇	ဒေါ်ခင်လှဝင်း(ခ)လှလှဝင်း
၄	ဦးထွန်းထွန်းဝေ	၁၀/စတန(နိုင်)၀၇၁၃၉၃	၅၃၉/ဝ၊ ယုစနလမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ	၁	၅၃၉/ဝ	ဦးစိန်ဝင်း
၅	ဦးဂင်ကြိုင်	၉/ညဥန(နိုင်)၁၅၇၉၂၂	၁၀၈၆/၁၊ ဇေယျသိဒ္ဓိလမ်း၊ ၁၀-ရပ်ကွက်၊ လှေကြည်သာ	၃၄	၁၀၈၆	ဒေါ်အေးသီတာ
၆	ဒေါ်အေးအေးပြုံး	၁၂/လသယ(နိုင်)၀၅၅၂၉၈	၁၀၅၈/ဝ၊ မင်းကျော်စွာ(၂)လမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာ	သတမ-၁၃	၁၀၅၈/ဝ	ဦးကျော်ထိုး
၇	ဦးစောဇော်ထွန်း	၃/ဘအန(နိုင်)၃၃၇၉၁၁	၁၃၅/ဝ၊ ဝေဝုလ(၅)လမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာ	သတမ-၁၃	၁၃၅/ဝ	ဦးညွှန့်အောင်
၈	ဦးဝင်းရွှေ	၁၄/ညတန(နိုင်)၀၃၄၈၂၅	၁၆၅၄/ဝ၊ ဦးဘချိုလမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာ	သတမ-၁၃	၁၆၅၄/ဝ	ဦးနေလင်း
၉	ဒေါ်သင်းသင်းဦး	၁၂/မရက(နိုင်)၀၂၄၄၆၅	၄၃၃/ဝ+၁၊ နတ်မောက်လမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ	သတမ-၄	၄၃၃/ဝ+၁	ဦးကြာသာလေး
၁၀	ဦးစည်ရန်ဝိုင်	၁၄/ယသတ(နိုင်)၁၉၈၆၅၅	၂၇၃၊ ဒီဇယ်လမ်းသွယ်၊ ၁၂-ရပ်ကွက်၊ လှေကြည်သာ	၃၂	၂၇၃	ဗိုလ်ကြီးသူရတင်လှ
၁၁	ဦးဝင်းနိုင်	၁၀/ရမန(နိုင်)၀၈၂၄၈၂	၁၉၁/ဝ၊ ဖဲခေါင်လမ်း၊ ၆-ရပ်ကွက်၊ လှေကြည်သာ	၂၂	၁၉၁/ဝ	ဦးတာစင်
၁၂	ဒေါ်နော်သလေးဟော	၁၄/ပအပ(နိုင်)၀၉၆၄၀၆	၆၀၀/ဝ၊ အောင်ရတနာလမ်း၊ ၈-ရပ်ကွက်၊ လှိုင်သာယာ	သတမ-၈	၆၀၀/ဝ	ဦးစိုးလွင်ဦး
၁၃	ဦးမြင့်မောင်	၁၄/ကလန(နိုင်)၁၀၅၈၇၃	၄၁၄/၁၊ ဗိုလ်အောင်ကျော်လမ်း၊ ၁-ရပ်ကွက်၊ လှိုင်သာယာ	၁၃/တိုးချဲ့	၄၁၄	ဦးစိုးလေး
၁၄	ဒေါ်စန်းစန်းမော်	၁/တတန(နိုင်)၁၃၇၄၀၄	၄၉၉၊ မင်းရဲကျော်စွာ(၈)လမ်း၊ ၃-ရပ်ကွက်၊ လှိုင်သာယာ	၂	၄၉	ဒေါ်မြမြ
၁၅	ဒေါ်နော်အောလစ်	၁/မဘန(နိုင်)၁၅၄၀၇၂	၆၉/ဝ၊ နေကြာလမ်း၊ ၄-ရပ်ကွက်၊ လှေကြည်သာ	၉-၁၄	၆၉	ဦးအောင်စိုးဝင်း
၁၆	ဒေါ်နော်စုထန်းနာ	၁/မဘန(နိုင်)၀၄၉၉၃၀	၆၉/၆၊ နေကြာလမ်း၊ ၄-ရပ်ကွက်၊ လှေကြည်သာ	၉-၁၄	၆၉	ဦးအောင်စိုးဝင်း
၁၇	ဒေါ်ကြင်မြင့်	၇/သဝတ(နိုင်)၀၀၈၅၁၂	၁၇၂၊ စံပါလိ(၂)လမ်း၊ ၃-ရပ်ကွက်၊ ကဗျာရွှတ်	၈၀	၅၂	ဦးမောင်မောင်
၁၈	ဦးမြင့်ဆန်း	၇/တနန(နိုင်)၀၆၁၅၆	၆၉၉၊ ဒေါ်ဖွားရွှေလမ်းသွယ်၊ ၁၈-ရပ်ကွက်၊ လှေကြည်သာ	၃-၃၈	၆၉၉	ဒေါ်လှပါကြည်ညွန့်သိန်း
၁၉	ဦးမြင့်ဆန်း	၇/တနန(နိုင်)၀၆၁၅၆	၇၀၀၊ ဒေါ်ဖွားမွ

တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

၈

ဖေဖော်ဝါရီ ၁၊ ၂၀၂၀(စနေနေ့)

လားဟူတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်နှင့် လက်ဆေးခြင်းမင်္ဂလာ

မြင့်မိုရ်(တာချီလိတ်)၊ ယာဆေး(ပြန်/ဆက်)

တာချီလိတ်၌ (၁၇)ကြိမ်မြောက် လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပစဉ်။

တာချီလိတ်မြို့၌ လားဟူတိုင်းရင်းသားများယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် (၁၇)ကြိမ်မြောက် လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက လားဟူတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကျင်းပ

စုပေါင်းနှစ်သစ်ကူးပွဲကို တာချီလိတ်မြို့ ရှမ်းရိုးမကွင်း၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး တာချီလိတ်၊ တာလေ၊ မိုင်းဖြတ်မြို့နယ်များအတွင်းရှိ တောင်ပေါ်ဒေသများနှင့် ကျေးရွာအသီးသီးတွင်နေထိုင်သော လားဟူတိုင်းရင်းသားများက စုပေါင်းကျင်းပကာ ရှေးရိုးရာ ဘူးပလွေ၊ မြေဝိုင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရိုးရာလက်ဆေးမင်္ဂလာကို ကျင်းပခဲ့ကြသည်။

ပွဲတော်သို့ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာများစုံလင်စွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြေဝိုင်းအကဖြင့် ဖျော်ဖြေကပြ

လားဟူတိုင်းရင်းသားများသည် တစ်နှစ်တာ ရာသီကာလအတွင်း လားဟူတိုင်းရင်းသားတို့ကျင်းပကြသည့်ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာဒေသအလိုက် ကျင်းပခဲ့ရာ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံမြေထွက် ဆန်၊ စပါး၊ အသီးအနှံများနှင့် ပစ္စည်းဥစ္စာများကို နှစ်သစ်ကူးပွဲတော်တွင် ဦးဦးဖျားဖျား စုပေါင်းပါဝင် လှူဒါန်းကြကြောင်း၊ ထင်ရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားကာ ထင်ရှူးပင်ကို ဝိုင်းပတ်ပြီး ယင်းတို့၏ အထိမ်းအမှတ် ဘူးပလွေဖြင့်တီးမှုတ်၍ ထင်ရှားသောမြေဝိုင်းအကဖြင့် ဖျော်ဖြေကပြကာ သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များအား လူငယ်များက ရိုးရာလက်ဆေးမင်္ဂလာပြုလုပ်ခံယူသော ပွဲတော်ဖြစ်ကြောင်း သိရသည်။

လားဟူတိုင်းရင်းသားများသည် ယင်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏အရောင်ကို အကြောင်းပြု၍ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ထိုင်းနယ်စပ်နှင့် လာအိုနယ်စပ်များတွင် ပျံ့နှံ့နေထိုင်ကာ လက်ရှိအချိန်တွင် အဆိုပါ မျိုးနွယ်စုမှ အဆင့်ဆင့်ပေါက်ဖွားလာသော လားဟူမျိုးနွယ် ၃၀ ခန့်ရှိကြောင်း သိရသည်။

လားဟူတိုင်းရင်းသားလူမျိုး

လားဟူတိုင်းရင်းသားလူမျိုးတို့သည် ယခုအချိန်တွင် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၌ ပျံ့နှံ့နေထိုင်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ အများဆုံးနေထိုင်ကြကာ လူဦးရေအားဖြင့် ငါးသောင်းကျော်ခန့် နေထိုင်လျက်ရှိကြောင်း သိရသည်။

လားဟူတိုင်းရင်းသားလူမျိုးတို့သည်တောင်ပေါ်ဒေသများတွင် အများဆုံး နေထိုင်ကြကာ(ရွှေပြောင်းတောင်ယာ) စိုက်ပျိုးရေးကို အခြေခံသောဘဝလူနေမှုအပြင် အမဲလိုက်ခြင်း(မုဆိုး)အလုပ်ကို အသက်မွေးဝမ်းကျောင်းပြုကြသော လူမျိုးစုဖြစ်သည်။

ဘူးသီးနှင့် နှစ်သစ်ကူးပွဲတော်

ဘူးသီးသည် လားဟူတိုင်းရင်းသားလူမျိုးတို့၏ ကိုယ်ပိုင်အမှတ်တံဆိပ်အထိမ်းအမှတ်သင်္ကေတတစ်ခုဖြစ်သည်။

ထင်ရှားသောရိုးရာဓလေ့ပွဲတော်များရှိကြရာတွင် နှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်စားပွဲတော်တို့သည် ထင်ရှားသောပွဲတော်များ ဖြစ်ကြသည်။ လူမျိုးစုဟူ၍ ကွဲပြားကြသော်လည်း အခြေခံအားဖြင့် ဓလေ့ပွဲတော်များ ကျင်းပကြရာတွင် အားလုံးတူညီကြကြောင်း သိရသည်။ နှစ်သစ်ကူးပွဲတော်ကို ခရစ်၏ နှစ်သစ်အစ ဇန်နဝါရီလဆန်းတွင် စတင်ကျင်းပကြလေ့ရှိပြီး ရှေးဘိုးဘေးဘီဘင်များ၏ နှုတ်ဖြင့်မှာကြားခဲ့မှုအရ ချယ်ရီပန်းများ၊ မက်မွန်ပန်းများ ပွင့်သည်ကို တွေ့ရှိရပါက မိမိတို့လားဟူလူမျိုးတို့၏ နှစ်သစ်ကူးရာသီချိန်ခါရောက်ရှိလာပြီကို သိရှိရပြီး နှစ်သစ်ကူးပွဲတော်များကို ကျင်းပလေ့ရှိကြသည်။

ကောက်သစ်စားပွဲတော်

ကောက်သစ်စားပွဲတော်ကို နှစ်စဉ်နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ကျင်းပလေ့ရှိပြီး မိမိတို့ထွန်ယက်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းရရှိလာသော ကောက်ပဲသီးနှံများ၏ အဦးအဖျားများကို ဆွတ်ခူးကာ မိမိတို့ ကိုးကွယ်ယုံကြည်ရာဘာသာအလိုက် လှူဒါန်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ပူဇော်ပသကြခြင်းနှင့် သက်ကြီးရွယ်အို အဘိုးအဘွားများကို စားဦးစားဖျားများ ချက်ပြုတ် ကျွေးမွေးခြင်းဖြင့် ကျေးဇူးဆပ်တင်ခြင်းပွဲတော်ဖြစ်ပေသည်။

လက်ဆေးခြင်းမင်္ဂလာ

လက်ဆေးခြင်းမင်္ဂလာကို ပွဲတော်တစ်ခုအဖြစ် သီးသန့်သတ်မှတ်ထားလေ့မရှိသော်လည်း ရိုးရာဓလေ့ပွဲတော်များကျင်းပတိုင်း လက်ဆေးခြင်းမင်္ဂလာကို အမြဲပြုလုပ်လေ့ရှိသည်။ လက်ဆေးခြင်းမင်္ဂလာဟူသည် ဆေးကြောခြင်း၊ သန့်စင်ခြင်းကို ဖော်ဆောင်သော အမှတ်အသားဖြစ်ကာ ငယ်ရွယ်သည့် သားသမီးလူငယ်လူရွယ်များက ရွာအတွင်းမှ သက်ကြီးရွယ်အိုများနှင့် မိဘများကို ဝန်ချတောင်းပန်ခြင်း၊ ရိုသေသမှုပြုခြင်းနှင့်ရိုးရာအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဖော်ဆောင်သော မွန်မြတ်၍ ချစ်ခင်စရာဓလေ့ကို ဖော်ဆောင်ခြင်းဖြစ်ပေသည်။

ရိုးရာဓလေ့များကို ထိန်းသိမ်း

လူငယ်လူရွယ်များက သက်ကြီးရွယ်အိုများကို လက်ဆေးပေးခြင်းသည် ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် ပြစ်မှားမိသောအပြစ်များရှိပါက ခွင့်လွှတ်ပေးကြပါရန်၊ အပြစ်များကို ဆေးကြောပေးရန် လျှောက်ထားပြီး လက်ကိုရေဖြင့် ဆေးကြောသန့်စင်ပေးခြင်းဖြင့် လူငယ်လူရွယ်များက အစဉ်အလာများ၊ ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ပါမည့်အကြောင်း သက်သေအရာထားလျက်ပြုလုပ်သော လက်ဆေးခြင်းမင်္ဂလာဖြစ်သည်။

လက်ဆေးခြင်းမင်္ဂလာအခမ်းအနားကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး လားဟူလူမျိုးတို့၏ မွန်မြတ်သောရိုးရာဓလေ့တစ်ခုအဖြစ် မြင်တွေ့ကြရပေသည်။

လက်ဆေးခြင်းမင်္ဂလာ ကျင်းပစဉ်။

ထင်ရှားသော ရိုးရာဓလေ့ပွဲတော်များ ရှိကြရာတွင် နှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်စားပွဲတော်တို့သည် ထင်ရှားသော ပွဲတော်များ ဖြစ်ကြသည်။ လူမျိုးစုဟူ၍ ကွဲပြားကြသော်လည်း အခြေခံအားဖြင့် ဓလေ့ပွဲတော်များ ကျင်းပကြရာတွင် အားလုံးတူညီကြ၊ နှစ်သစ်ကူးပွဲတော်ကို ခရစ်၏ နှစ်သစ်အစ ဇန်နဝါရီလဆန်းတွင် စတင်ကျင်းပကြလေ့ရှိ

သီပေါ၌ ရှမ်းရိုးရာယဉ်ကျေးမှု ပုရပိုက်စာတမ်းဖတ်ပွဲ ကျင်းပ

ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရှမ်းရိုးရာစာပေပုရပိုက်ရေးသားပြုစုကြသည့် ရှမ်းစာပေပညာရှင်များ၊ ပန်းဒကာများနှင့် ရပ်ကွက်၊ ကျေးရွာများမှ ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။ စိုင်း (သီပေါ)

စာဆိုတော်နေ့အထိမ်းအမှတ်နှင့် ရှမ်းရိုးရာစာပေကို မြှင့်တင်သောအားဖြင့် ပထမအကြိမ် ရှမ်းရိုးရာပုရပိုက်စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာသာသနာ့ဗိမာန်တော်ဓမ္မာရုံ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ မဟာနန္ဒကန်သာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသီရိက ရှေးဟောင်းပုရပိုက်ကို ပင့်ဆောင်ကာ ဖယောင်းတိုင်ထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြို့နယ်သံဃနာယကအကျိုးတော်ဆောင် သာသနာ ၂၅၀၀ တိုက်သစ် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကောသလ၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသီရိ တို့ထံမှ သြဝါဒကထာနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပရိယတ္တိမဏ္ဍိမာရာမ မြို့လယ်ရွှေစေတီကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တယညာသာရက ရှင်းဟုပိုက်စာတမ်းဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားပြီးနောက် နားလွယ်ဘုန်းတော်ကြီးကျောင်းတိုက် ပန်းဒကာလုံးစာရေး ဦးစိုင်းစံညွန့်က မြို့နယ်လုံးဆိုင်ရာ ရှမ်းပုရပိုက်စာတမ်းလက်စာကို ဖတ်ကြားသည်။ ထို့နောက် ပန်းဒကာအဖွဲ့ခေါင်းဆောင်က ဂုဏ်ပြုထောမနာပြောကြားပြီး ပန်းဒကာများအဖွဲ့က နံနက်ပိုင်း၊ ညနေပိုင်းခွဲ၍ ဇာတ်တော်များ၊ ဗုဒ္ဓတရားတော်များ၊ ဝိပဿနာများ၊ ဝေါဟာရများ၊ လက်ဘွဲ့နည်းနှင့် သမိုင်းကြောင်းများကို ရေးဖွဲ့ထားသော ရှမ်းစာပေပုရပိုက်များကို အလှည့်ကျ ရွတ်ဖတ်ကြသည်။

အဆိုပါ ရှမ်းပုရပိုက်စာတမ်းဖတ်ပွဲသို့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့မှ ဆရာတော်၊ သံဃာတော်များ၊ ရှမ်းစာပေ

ချင်းတောင်တန်းပေါ်က သဘာဝအစွမ်းထက်သည့် နတ်ဆေးဂမုန်း

■ **မင်းလပြည့်(ဟားခါး)**

ယနေ့ကမ္ဘာကြီးပေါ်တွင် လူသားများသုံးစွဲနေသော ဆေးဝါးများအကြောင်း တွေးကြည့်လျှင် လေ့လာမကုန်နိုင်အောင် ပညာရပ်ဆိုင်ရာတိုးတက်မှုများကို တွေ့ရှိရမည်ဖြစ်သည်။ အေဟန်းဆိုသူပုဂ္ဂိုလ်က“ဂီတဟာ အသည်းကွဲနေသူများရဲ့ဆေးဝါးပဲ”ဟု ဆိုသည်။ နှလုံးသားအတွက် ဆေးဝါးလိုသလို ကျွန်းမာရေးအတွက်လည်း ဆေးဝါးလိုပါသည်။ လူသားများအသက်ရှင်ကျွန်းမာရေးအတွက် ဆေးဝါးများသည် မရှိမဖြစ်လိုအပ်လှသည်။ ဆေးဝါးနှင့် ကင်းကွာ၍ မရနိုင်ပေ၊ သဘာဝအရ အဖိုးတန်ပစ္စည်းများကို တောတောင် လူသူကင်းဝေးသောနေရာများတွင်သာ ရနိုင်သကဲ့သို့ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက် ချင်းတိုင်းရင်းသားတို့စုဝေးနေထိုင်ကြသော ချင်းတောင်တန်းပေါ်တွင်လည်း သဘာဝအစွမ်းထက်သော နတ်ဆေးဂမုန်းပင်များကို ရရှိနိုင်သည်။ ထိုနတ်ဆေးဂမုန်းကို လူသိများစေ၍ ဖော်ထုတ်ပေးသူကား ပျံလွန်တော်မူခဲ့သော ဖလမ်းမြို့တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရဆရာတော်ကြီးပင် ဖြစ်သည်။ ဆရာတော်က ဖလမ်းမြို့နယ် လုံပီးလေးရွာတွင် သီတင်းသုံးရင်း ပျံလွန်တော်မူခဲ့သည်။ ဂေါ်ရခါးရွာအနီးခံ့လည်း တည်ရှိသည်။ နတ်ဆေးဂမုန်းကို တောင်ဆိတ်များ ဒဏ်ရာရလျှင် ဆေးဝါးပင်များကို သွားရောက်စားသောက်ကြ၍ ဒေသခံချင်းတိုင်းရင်းသားတို့က တောင်ဆိတ်ဆေးပင်ဟုလည်း ခေါ်ကြသည်။ ဂေါ်ရခါးအမည်ပါးခန်းဘက်ဟူ၍လည်း ခေါ်ကြသည်။ ရုက္ခဗေဒအမည်အရ Saxi Frage ဟု သတ်မှတ်ပြီး နှစ်ရှည်ခံပင်ဆေးဖြစ်သည်။ ပင်စည်မှာ နှစ်ရှည်လျှင် အတန်ငယ်မာသည်။ ပင်စည်မှာ အပင်တစ်လက်မမှ ၁ ဒသမ ၅ လက်မရှိသည်။ မြင့်မားသော တောင်တန်းများ၊ အေးမြသောဒေသများတွင် ပေါက်ရောက်သည်။ အရွက်ကြီးပြီး စက်ဝိုင်းပတ်လည်ထွက်သည်။ အရွက်မှာဝိုင်းပြီး တစ်ပေနီးပါးရှိကာ အလျားတစ်ပေကျော်ကျော်ရှိသည်။ အရွက်အပေါ်မျက်နှာပြင်မှာ ကျောက်စိမ်းရောင်တောက်ပြီး အောက်မျက်နှာပြင်အရောင်မှာ ဖျော့သည်။ အရွက်အနားတွင် အရွက်ကလေးများ ခပ်ကျဲကျဲပါရှိသည်။ အရွက်မှာ ၁ ဒသမ ၅ မှလေးလက်မ ခန့်ထိ ရှည်သည်။ ရွက်နုများမှာအနီရောင်သန်းပြီး အရွက်နုပိုမိုပါရှိသည်။ ပင်စည်မှ ပန်းခိုင်ရှည်ထွက်သည်။ ပန်းရောင်ပွင့်ကလေးများ ခပ်စိပ်စိပ်အခိုင်လိုက်ပွင့်ပြီး ပွင့်ရွက်ငါးခုပါရှိကာ ဝတ်မှုန်များလည်းပါကြောင်း သိရသည်။ ဆရာတော် အရှင်ဦးဥတ္တမသာရ၏ မိန့်ဆိုချက်အရ ဂမုန်းမျိုးနွယ်ဖြစ်ပြီး အသက်ရှည်စေခြင်း၊ ဆံပင်မဖြူ၊ သွားမကျိုးစေဘဲ အရွယ်ကိုနုပျိုစေခြင်း၊ လူကြီးလူငယ်မရွေး စားသုံးနိုင်ခြင်း၊ စားဝင်အိပ်ပျော်စေခြင်းတို့ရှိကြောင်း သိရသည်။ ဂမုန်းပင် သုံးထောင်လောက်ရှိပြီး ကောင်းကင်ဂမုန်းအမျိုးအစားပင်

ဖြစ်သည်။ တစ်ချိန်က ချင်းတောင်တန်းပေါ်သို့ တိဗက်မှ ဆေးဆရာကြီးများ ရောက်ရှိလာကာ နတ်ဆေးဂမုန်းအား ရှာဖွေရာ၌ ဒေသခံဂေါ်ရခါးလူမျိုးများက သိရှိရှာဖွေစားသုံးရာမှ ကျယ်ပြန့်စွာ သိရှိလာရခြင်း ဖြစ်သည်။ ဆီး၊ ဝမ်း၊ သွေး၊ လေ၊ အစာအိမ်၊ ပန်းသေ၊ ပန်းညှိုး၊ အူကျရောဂါ၊ ကိုယ်တစ်ခြမ်းသေ၊ အကြောသေ၊ ပန်းနာရောဂါတို့ကိုလည်းပျောက်ကင်းစေသည်။ ဝသူကို အသားကျစ်စေသည်။ ပိန်သူကို ဝဖြိုးစေသော အာနိသင်ရှိသည်။

အသုံးပြုပုံ

အရွက်စိမ်းကိုသုပ်စားပါက သွေးတိုးနှင့် နားလေထွက်ရောဂါကိုပျောက်ကင်းစေသည်။ အရွက်ခြောက်ကို ကျိုသောက်ပါက ဆီးပူ၊ ဆီးချုပ်၊ ဆီးအောင့်၊ ဆီးကျန်ညောင်းကျရောဂါများပျောက်ကင်းစေသည်။ အသားဆွေး၊ အနာဆွေးများဖြစ်လျှင် နတ်ဆေးဂမုန်းအပင်ရိုးအမှုန့်၊ မဖောက်ထုံးနှင့် ငရုတ်ကောင်းမှုန့်ကိုရော၍ အနာတွင်ထည့်၍ ပတ်တီးစည်းပါက ပျောက်ကင်းစေသည်။ ထို့အပြင် သွားကိုက်၊ သွားနာ၊ သွားနဲ့၊ သွားဖုံးရောင်ခြင်းဖြစ်လျှင် အိမ်ရာဝင်ခါနီး နတ်ဆေးဂမုန်းအခြောက်ကိုငုံထားပြီး အမြစ်ကိုရေကျဲကျဲဖြင့်ပြုတ်၍ ငုံပေးပါက အိပ်ရာထလျှင် ပျောက်ကင်းစေသည်။ ထိုမျှသာမက မီးပူ၊ ရေနွေးပူလောင်ပါက နတ်ဆေးဂမုန်းအရွက်အရိုးကိုရေနှင့်သွေး၍ လိမ်းပေးပါကအနာမဖြစ်ဘဲ သက်သာပျောက်ကင်းစေသည်။ ပန်းနာရင်ကျပ်၊ သွေးတိုး၊ သွေးဝမ်း၊ လိပ်ခေါင်း၊ မောပန်းနာ၊ ခြေအေး၊ လက်အေး၊ ကိုယ်လက်လေးလံခြင်း၊ ခေါင်းမူး၊ မျက်စိဝေခြင်း၊ အစာမကြေ၊ ဝမ်းကိုက်၊ လေထိုးလေအန်၊ လေပူထခြင်း၊ လေပြင်းခံခြင်း၊ မောပန်းလွယ်ခြင်း၊ စားမဝင်အိပ်မပျော်ခြင်း၊ စိတ်မကြည်လင်ခြင်း၊ မီးယပ်သွေးမမှန်ခြင်း၊ သွေးဆုံးရောဂါများဖြစ်ပါက နတ်ဆေးဂမုန်းအခြောက်မှုန့် နှစ်ကျပ်သား၊ ပျားရည် ၅၀ ကျပ်သား၊ ထောပတ် ၂၅ကျပ်သားကို ဖန်ဘူးတွင် သမအောင်ရော၍ နေတစ်ရက်လုန်း၊ အေးလွန်းသောရာသီတွင် နေပူချိန်၌ မကြာခဏထုတ်လုန်း၍ သမအောင် ကြာကြာမွှေကာ စားသုံးကြည့်၍ ဖန်သော အရသာရှိပါက ပျားရည်နှင့် ရောနှောနေလုန်း၍ စားသုံးပါက ရောဂါများပျောက်ကင်းကြောင်း သိရသည်။ နတ်ဆေးဂမုန်း၏ အမြစ်တွင် Bergenin၊ tannicacid၊ Sallic acid၊ glucose mucilage နှင့် starch ဒြပ်ပေါင်းများ ပါဝင်နေ၍ အစွမ်းထက်သော ဂမုန်းပင်ဖြစ်သည်။

စားသုံးနည်း

နံနက်နှင့် ညနေလျှင် နှစ်ကြိမ် ဇွန်းငယ် တစ်ဇွန်းကျစားရပေသည်။ နူနာရောဂါသည်များအတွက် ကြေးဇွန်းကြီးနှင့် တစ်ဇွန်းကျ တစ်နေ့သုံးကြိမ်စားပေးရသည်။ အနာကြီးရောဂါမှလွဲ၍ တစ်နေ့လျှင်သုံးကြိမ်စားရန် မလိုကြောင်းသိရသည်။ ဆေးစားပြီးပါကရေနွေး၊ ရေအေးကြိုက်ရာ ဝလင်စွာသောက်ပြီး ငါးမိနစ်ခန့် ငြိမ်ငြိမ်နေပေးခြင်းဖြင့် ဆေးအာနိသင်ကောင်းမွန်၍ ရောဂါများပျောက်ကင်းကြောင်း သိရသည်။ လည်ပင်းနှင့် အစာအိမ်ကင်ဆာများပါ လက်တွေ့ပျောက်ကင်းကြောင်း သိရသည်။ နွားနာ၊ ကျွဲနာများကို နတ်ဆေးဂမုန်းလှီးပြီး အခြောက်အနည်းငယ်ကို ရေနှင့် ကျိုတိုက်ခြင်းဖြင့် ပျောက်ကင်းကြောင်း သိရသည်။ ခန္ဓာကိုယ်၌ မီးလောင်ပါက နတ်ဆေးဂမုန်းလှီးပြီး အခြောက်ကိုရေနှင့် သွေး၍ လိမ်းပေးပါက အနာမဖြစ်ဘဲ ခဏတွင်းပင်ပျောက်ကင်းစေကြောင်း သိရသည်။ နတ်ဆေးဂမုန်းအား ဖလမ်းမြို့နှင့် ဟားခါးမြို့အပြင် ချင်းပြည်နယ်ရှိ မြို့နယ်များ၊ အိမ်များတွင် စိုက်ပျိုးထားလေ့ရှိသည်။ ဟားခါးမြို့ရှိ သုခီတာရုံသီလရှင် ပရိယတ္တိစာသင်တိုက်အတက် ဦးဇေဟူးအိမ်တွင်လည်းကောင်း၊ ပြည်နယ်တိုင်းရင်းဆေးရုံတွင်လည်းကောင်း၊ စျေးသစ်ရပ်ကွက်ရှိ ဦးဂျုံး၊ ဒေါ်နွယ်တို့၏ ချယ်ရီဟားခါးစားသောက်ဆိုင်တွင်လည်းကောင်း ကျောက်နံရံကိုကပ်၍ နတ်ဆေးဂမုန်းကို စိုက်ပျိုးထားကြောင်း တွေ့ရှိရသည်။ နတ်ဆေးဂမုန်းပင်ကား ကျောက်နံရံတွင်းသာ ပေါက်လေ့ရှိသဖြင့် အာနိသင်ကောင်းမွန်သည်။ တိုးတက်လာသောကမ္ဘာကြီးရှိ လူသားများ၏ အစားအသောက်၊ အနေအထိုင်ပြောင်းလဲမှုကြောင့်နှင့် အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ရောဂါဖြစ်ပွားမှုများ တိုးပွားနေသော အချိန်တွင် သဘာဝဆေးပင်များကို စိုက်ပျိုးခြင်း၊ စနစ်တကျသုံးစွဲခြင်းဖြင့် ရောဂါမျိုးစုံ၏အန္တရာယ်ကို ကာကွယ်ကြရမည်ဖြစ်သည်။ သို့မှသာ တန်ဖိုးရှိသော လူသားအရင်းအမြစ်များဆုံးရှုံးမှုမှ တားဆီးကာကွယ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ အစွမ်းထက်သောဆေးအာနိသင်ကြွယ်ဝသော နတ်တို့ဖန်ဆင်းကုသပေးသည့်အလား ပျောက်ကင်းစေသည့် နတ်ဆေးဂမုန်းအကြောင်းကို သိရှိသုံးစွဲနိုင်ပါရန် ဖော်ထုတ်ရေးသားလိုက်ရပါသည်။ ။

"ငြိမ်းချမ်းမြေ"

☆ စမ်းချောင်းနံဘေး၊ တဲအိမ်လေး
နတ်ရေးပန်းချီ၊ ဘယ်မမီ
လေပြည်ညင်းညင်း၊ ပန်းစုံသင်း
သင်းတယ်လေလေ့ သင်းတယ်လေ့။

☆ နေခြည်နွေးနွေး၊ သိုင်းဖွဲ့ထွေး
ငှက်ကျေးသံစဉ်၊ ချိုလွင်လွင်
မြစဉ်အေးချမ်း၊ ဥယျာဉ်နန်း
လှပဝင့်ချီ၊ ဖူးပွင့်စည်
စည်တယ်လေလေ့ စည်တယ်လေ့။

☆ မြန်မာမလေး၊ ယဉ်ယဉ်ကျေး
ပန်းစျေးဆိုင်ထိုင်၊ ပြုံးပန်းလှိုင်
ကိုယ်ပိုင်ခြံထွက်၊ ရောင်းပန်းသွက်
သွက်တယ်လေလေ့ သွက်တယ်လေ့။

☆ ဘိုးဘွားအမွေ၊ ငြိမ်းချမ်းမြေ
စည်ဝေရိပ်သန်း၊ လက်ဆင့်ကမ်း
လန်းဆန်းဝေဆာ၊ ပန်းကမ္ဘာ
သံသာဆိုတေး၊ လေချိုအေး
ထုံမွှေးသင်းကြူ၊ လှဖွဲ့ယူ
ယူတယ်လေလေ့ ယူတယ်လေ့။

ဖိုးယုန်(မကွေး)

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

(၇၃) နှစ် ပြည့်မြောက်တော့မည့် ရှမ်းပြည်နယ်နေ့

မောင်ခိုင်မာ (အထက်မင်းလှ)

(၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ရှမ်းရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့သည် ရှမ်းတိုင်းရင်းသားတို့၏ (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ဖြစ်သည်။ ရှမ်းအမျိုးသားနေ့ ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။

ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာပုံ

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်တို့သည် နိုင်ငံတော်လွတ်လပ်ရေးအတွက် မနားမနေ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ လွတ်လပ်ရေး ကြိုတင်ပြင်ဆင်မှုအနေဖြင့် အောင်ဆန်း - အက်တလီစာချုပ်ကို အင်္ဂလန်မြေတွင် ၁၉၄၇ ခုနှစ် ဧနခေါ်ရီလ ၂၇ ရက်နေ့က အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြသည်။ အဆိုပါစာချုပ်အရ လွတ်လပ်ရေးကို တိုင်းရင်းသားအားလုံးက တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ရယူလိုကြောင်းပြသနိုင်သည့် ညီလာခံတစ်ခုကို ပင်လုံ(သို့မဟုတ်) သင့်လျော်ရာ တောင်တန်းဒေသတစ်ခုခုတွင် ကျင်းပရန်ဆိုသည့် အချက်တစ်ချက် ပါဝင်ခဲ့သည်။ သို့အတွက် ဗိုလ်ချုပ်နှင့် တိုင်းရင်းသားခေါင်းဆောင်များသည် တိုင်းပြည်အကျိုးမျှော်ကိုးလျက် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တောင်ပေါ်မြေပြန့်မခွဲဘဲ လွတ်လပ်ရေးကို အရယူရန် စိတ်တူသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ အထူးသဖြင့် ရှမ်းတိုင်းရင်းသားတို့က နယ်ချဲ့၏ကောက်ကျစ်သော အစီအမံကိုတွန်းလှန်ကာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် "ပဒေသရာဇ်ရှမ်းကောင်စီ" ကို ဖျက်သိမ်းလိုက်သည်။ ထိုနေ့သည် ရှမ်းပြည်နယ် စော်ဘွားကြီးများနှင့် လူထုကိုယ်စားလှယ်ခေါင်းဆောင်များ သွေးစည်းညီညွတ်မှုကို ပြသနိုင်သော နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် "ရှမ်းပြည်နယ်နေ့" (၀၊) "ရှမ်းအမျိုးသားနေ့"အဖြစ် သတ်မှတ်ရန် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံအစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုနေ့မှာပင် ရှမ်းအမျိုးသားသီချင်းနှင့် ရှမ်းအမျိုးသားအလံကို သတ်မှတ်ခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

ပထမပင်လုံနှင့် ရှမ်းတိုင်းရင်းသားတို့၏ ပင်လုံစိတ်ဓာတ်

ပထမပင်လုံညီလာခံသည် တောင်တန်း၊ ပြည်မ မခွဲဘဲ တစ်စိတ်တစ်ဝမ်းတည်း လွတ်လပ်ရေးရယူလိုသည့် ဆန္ဒကို စတင်ဖော်ထုတ်သည့် သမိုင်းဝင်ညီလာခံတစ်ခုဖြစ်ပါသည်။ ထိုကာလသည် နယ်ချဲ့တို့က သွေးခွဲအုပ်ချုပ်သည့် အတတ်ပညာဖြင့် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရသည့်တိုင် တောင်တန်းဒေသအား ခွဲခြားချန်ထားစေခဲ့ပြီး သီးခြားကိုလိုနီပြုလိုသည့် အကြံအစည်ရှိသည်။ ထိုရည်ရွယ်ချက်ကို "ဗမာပြည်မနှင့် ခွဲခြား၍ အုပ်ချုပ်သည့် စည်းမျဉ်း" (Schedule Area Adminisration Regulation) ဖြင့် အကောင်အထည်ဖော်ရန် စီမံစိုင်းပြင်းလျက်ရှိသည်။ ထိုအကြံဆိုးကို ရှမ်းစော်ဘွားကြီးများ ကိုယ်တိုင်သိရှိသွားသောအခါ ဗိုလ်ချုပ်နှင့် ပထမပင်လုံတွင် အလဲထိုးခံရသည့် အကြိုကာလ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် "ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်"က "ရှမ်းပြည်နယ်သည် ဗမာနှင့် တစ်ပြိုင်တည်း ကျွန်ဖြစ်ခဲ့ရသဖြင့် ဗမာနှင့် တစ်ပြိုင်တည်း လွတ်လပ်ရေးရယူလိုကြောင်း၊ ဗမာပြည်မနှင့် လက်တွဲ၍ လွတ်လပ်ရေးကို အရယူမည်ဖြစ်ကြောင်း...." စသည့် သဘောထားများပါဝင်သည့် ကြေညာစာတမ်းအမှတ်(၄)ကို ထုတ်ပြန်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပင်လုံညီလာခံသို့ ဗိုလ်ချုပ်တို့ ရောက်ရှိလာပြီး တိုင်းရင်းသားခေါင်းဆောင်တို့နှင့် အကျေအလည် အကြိတ်အနယ် ဆွေးနွေးခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် တိုင်းရင်းသားတို့က ဗမာတို့နှင့်ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည်ဟူသော သဘောထားကိုရရှိခဲ့သည်။ ယင်းနေ့ညတွင် ဝမ်းမြောက်မှု အထိမ်းအမှတ်အဖြစ် ရှမ်းစော်ဘွားများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲတွင် ရှမ်းစော်ဘွားများအသင်းဥက္ကဋ္ဌ တောင်ပိုင်စော်ဘွားကြီးက "ရှေးအခါက ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်၊ ချင်းအမျိုးသားအချင်းချင်း အထင်အရှား သဘောကွဲလွဲချက်များ ရှိနေသော်လည်း ယခုတော့ ဤသဘောကွဲလွဲချက်များ မရှိတော့ပါဘူး။ ဗမာနှင့် ရှမ်းစသော တောင်တန်းနယ်အားလုံးတို့ ကောင်းရာကောင်းကြောင်း အချိန်သို့ ဆိုက်ရောက်လာပါပြီ..." အစရှိသဖြင့် ပြောကြားသွားခဲ့သည်။ ဤသို့ဖြင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပါသည်။ ဒုတိယပင်လုံစာချုပ်ကို ရှမ်းတိုင်းရင်းသားများကိုယ်စား ရှမ်းကော်မတီ (စော်ဘွားများ) အစုမှ ခွန်ပန်းစိန်(တောင်ပိုင်၊ စဝ်ဖလုံ) အပါအဝင် ခုနစ်ဦး၊ ရှမ်းလူထုကိုယ်စားလှယ်အစုမှ ဦးတင်အေးအပါအဝင် ခြောက်ဦး တို့က လက်မှတ်ရေးထိုးခြင်းဖြင့် ရှမ်းတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ကို ဖော်ကျူးပြသနိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်

ဤသို့လျှင် သမိုင်းအရောင်ထွန်းပြောင်လှပါသော ရှမ်းတိုင်းရင်းသားတို့နေထိုင်ရာ မောတို့ လျှို့ဝှက်တွေ့ဆုံ၍ ဤပထမပင်လုံညီလာခံ ကျင်းပရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

ဤညီလာခံမတိုင်မီမှာပင် တိုးတက်သော အမြင်ရှိကြသည့် ရှမ်းပြည်သူ့လွတ်လပ်ရေး လူငယ်ခေါင်းဆောင်များက ရှမ်းပြည်အနာဂတ် အရေးအတွက် လူထုနှင့်အကြိမ်ကြိမ်တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ရှမ်းလူထုကလည်း မျိုးချစ်စိတ်အရင်းခံဖြင့် ပင်လုံညီလာခံ ကျင်းပရေး၊ နယ်ချဲ့တော်လှန်ရေး၊ ရှမ်းဗမာ ပူးပေါင်းရေး၊ ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးတို့ကို သဘောတူလက်ခံကြသည်။ ဤသို့ဖြင့် ၁၉၄၆ ခုနှစ် မတ်လ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့ လမ်းကြောင်းဆုံရာ ပင်လုံမြို့လေးတွင် ပထမပင်လုံညီလာခံကို ဝှဲချီးကျင်းပနိုင်ခဲ့ကြောင်း သိရပါသည်။ အထူးသဖြင့် ပထမပင်လုံညီလာခံက နယ်ချဲ့တို့ကြံစည်ထားသည့် အစီအစဉ်ကို ရိုက်ချိုးနိုင်ပြီး ရှမ်းတိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် "ရှမ်းပြည်နယ်ကောင်စီ" (Federated Shan State Council) ကို ဖွဲ့စည်းနိုင်ခြင်းပင် ဖြစ်ပါသည်။

ဒုတိယပင်လုံနှင့် ရှမ်းတိုင်းရင်းသားတို့၏ ပင်လုံစိတ်ဓာတ်

နယ်ချဲ့တို့က လက်မလျှော့ဘဲ အစဉ်အမြဲသွေးခွဲဖို့ရန် အလစ်ချောင်းခဲ့ကြသည်။ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရန် အင်္ဂလန်သို့ရောက်ရှိစီစဉ်နေချိန်တွင် "အောင်ဆန်းမှာ ဗမာတစ်နိုင်ငံလုံး၏ ကိုယ်စားလှယ်မဟုတ်၊ လန်ဒန်သို့ တိုင်းရင်းသားကိုယ်စားလှယ်များကို ခေါ်ယူဆွေးနွေးပါ"ဟူသော ကြေးနန်းစာကို နယ်ချဲ့၏သွေးခွဲခံရသည့်ရှမ်းစော်ဘွားအချို့က ပို့လိုက်သည်။သို့သော် "မြန်မာကိုလွတ်လပ်ရေး ပေးလျှင် ရှမ်းကိုပေးရမည်။ ရှမ်းတို့က မြန်မာများနှင့် ပူးပေါင်းဆောင်ရွက်လိုသည်" အစရှိသည့် အချက်များပါဝင်သော ကြေးနန်းစာကို ရှမ်းမျိုးချစ်တို့က ပေးပို့လိုက်သကဲ့သို့ တောင်ကြီး၌ ညောင်ရွှေစော်ဘွားကြီးတို့က လူထုအစည်းအဝေးပြုလုပ်ပြီး "ရှမ်းများကို ဗမာပြည်မနှင့်အတူ လွတ်လပ်ရေးပေးရန်နှင့် ဗိုလ်ချုပ်ကို တိုင်းရင်းသားအားလုံး၏ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုသည်" ဟုကြေညာခဲ့သည်။ ထိုအခါကျမှ လန်ဒန်ဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ပြီး အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။

အောင်ဆန်း - အက်တလီ စာချုပ်အရ ပင်လုံညီလာခံကျင်းပရန် စီစဉ်ကြသည်။ ပင်လုံ၅ရက်နေ့တွင် "ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်"က "ရှမ်းပြည်နယ်သည် ဗမာနှင့် တစ်ပြိုင်တည်း ကျွန်ဖြစ်ခဲ့ရသဖြင့် ဗမာနှင့် တစ်ပြိုင်တည်း လွတ်လပ်ရေးရယူလိုကြောင်း၊ ဗမာပြည်မနှင့် လက်တွဲ၍ လွတ်လပ်ရေးကို အရယူမည်ဖြစ်ကြောင်း...." စသည့် သဘောထားများပါဝင်သည့် ကြေညာစာတမ်းအမှတ်(၄)ကို ထုတ်ပြန်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပင်လုံညီလာခံသို့ ဗိုလ်ချုပ်တို့ ရောက်ရှိလာပြီး တိုင်းရင်းသားခေါင်းဆောင်တို့နှင့် အကျေအလည် အကြိတ်အနယ် ဆွေးနွေးခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် တိုင်းရင်းသားတို့က ဗမာတို့နှင့်ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည်ဟူသော သဘောထားကိုရရှိခဲ့သည်။ ယင်းနေ့ညတွင် ဝမ်းမြောက်မှု အထိမ်းအမှတ်အဖြစ် ရှမ်းစော်ဘွားများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲတွင် ရှမ်းစော်ဘွားများအသင်းဥက္ကဋ္ဌ တောင်ပိုင်စော်ဘွားကြီးက "ရှေးအခါက ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်၊ ချင်းအမျိုးသားအချင်းချင်း အထင်အရှား သဘောကွဲလွဲချက်များ ရှိနေသော်လည်း ယခုတော့ ဤသဘောကွဲလွဲချက်များ မရှိတော့ပါဘူး။ ဗမာနှင့် ရှမ်းစသော တောင်တန်းနယ်အားလုံးတို့ ကောင်းရာကောင်းကြောင်း အချိန်သို့ ဆိုက်ရောက်လာပါပြီ..." အစရှိသဖြင့် ပြောကြားသွားခဲ့သည်။ ဤသို့ဖြင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပါသည်။ ဒုတိယပင်လုံစာချုပ်ကို ရှမ်းတိုင်းရင်းသားများကိုယ်စား ရှမ်းကော်မတီ (စော်ဘွားများ) အစုမှ ခွန်ပန်းစိန်(တောင်ပိုင်၊ စဝ်ဖလုံ) အပါအဝင် ခုနစ်ဦး၊ ရှမ်းလူထုကိုယ်စားလှယ်အစုမှ ဦးတင်အေးအပါအဝင် ခြောက်ဦး တို့က လက်မှတ်ရေးထိုးခြင်းဖြင့် ရှမ်းတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ကို ဖော်ကျူးပြသနိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်

ဤသို့လျှင် သမိုင်းအရောင်ထွန်းပြောင်လှပါသော ရှမ်းတိုင်းရင်းသားတို့နေထိုင်ရာ မောတို့ ဌာနေ ကမ္ဘောဇမြေ(ရှမ်းပြည်)သည် နိုင်ငံအကျယ်အဝန်း၏ လေးပုံတစ်ပုံရှိပြီး အကြီးဆုံးပြည်နယ်ဖြစ်ပါသည်။ ၆၀၁၅၅ စတုရန်းမိုင် (၆၁၁၂၃ စတုရန်းမိုင်ဟုလည်း ဆိုပါသည်) ကျယ်ဝန်းပါသည်။ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၀ မိနစ်နှင့် ၂၄ ဒီဂရီ ၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၃ မိနစ်နှင့် ၁၀၁ ဒီဂရီ ၉ မိနစ် တို့အကြား၌ တည်ရှိပါသည်။ အိမ်နီးနားချင်းအဖြစ် မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် ယူနန်ပြည်နယ် (တရုတ်နိုင်ငံ)၊ အရှေ့ဘက်တွင် လာအိုနှင့် ယူနန်ပြည်နယ်၊ အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အနောက်မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ပါသည်။

ရှမ်းပြည်နယ်၏ အဓိကမြို့ကြီးများမှာ တောင်ကြီး၊ လားရှိုး၊ မူဆယ်တို့ဖြစ်ပြီး အရေးကြီးသော နယ်စပ်ကုန်သွယ်ရေးမြို့များမှာ ကျိုင်းတုံနှင့် တာချီလိတ်ဖြစ်ပါသည်။ နေထိုင်သည့် လူမျိုးများမှာ တိုင်း(ရှမ်း)၊ အာခါ(ကော်)၊ ခွန်(ဂုံရှမ်း)၊ တိုင်းလိုင်၊ တိုင်းတု၊ တိုင်းလင်း(ဆမ်တောက်ရှမ်း)၊ လားဟူ(မူဆေး)၊ လီရှော၊ ပအိုးဝ်၊ ဓနု၊ တောင်ရိုး၊ အင်းသား၊ ပလေး(ငွေပလောင်)၊ ပဒေါင်(ကယန်း)၊ ယင်းကြား၊ ယင်းနက်၊ ဝ၊ ကိုးကန့်, စသည်တို့ ဖြစ်ပါသည်။

ဖွံ့ဖြိုးဝေစည်သည့် စံပြပြည်နယ်ကြီးအဖြစ်

ဤသို့လျှင် သမိုင်းအစဉ်အလာထွန်းပြောင်ပါသော ရှမ်းတိုင်းရင်းသားလူမျိုးများနေထိုင်ရာ ရှမ်းပြည်နယ်သည် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီး၌ ထာဝရငြိမ်းချမ်းပြီး ဖွံ့ဖြိုးဝေစည်သည့် စံပြပြည်နယ်ကြီးတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေကြောင်း (၇၃) နှစ်မြောက် "ရှမ်းပြည်နယ်နေ့"ကို ကြိုဆိုဂုဏ်ပြုလျက် ဆုတောင်းမေတ္တာပို့သလိုက်ရပါကြောင်း...။ ။

ကိုးကား။ (၁) မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၁)။

(၂) ၁၉၄၅-၁၉၄၈ မြန်မာ့နိုင်ငံရေး (သမိုင်းသုတေသနဦးစီးဌာန - ၂၀၁၃၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။

❖ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့သည် ရှမ်းတိုင်းရင်းသားတို့၏ (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ဖြစ်သည်။ ရှမ်းအမျိုးသားနေ့ ဟူ၍လည်း ခေါ်ဝေါ်ကြ

❖ သမိုင်းအစဉ်အလာထွန်းပြောင်ပါသော ရှမ်းတိုင်းရင်းသားလူမျိုးများ နေထိုင်ရာ ရှမ်းပြည်နယ်သည် အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီး၌ ထာဝရငြိမ်းချမ်းပြီး ဖွံ့ဖြိုးဝေစည်သည့် စံပြပြည်နယ်ကြီး တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေကြောင်း (၇၃) နှစ်မြောက် "ရှမ်းပြည်နယ်နေ့"ကို ကြိုဆိုဂုဏ်ပြုလျက်



သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ မိုးကုတ်မြို့၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည်

မင်းထက်အောင်(မန်းကိုယ်ဟွား)

သယံဇာတကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် အားကိုးလုပ်ဆောင်နေကြသည့် မိုးကုတ်ဒေသတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချနိုင်စေရေးအတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံမြို့မိမြို့ဖများက ပြောသည်။

မိုးကုတ်မြို့နှင့် ဘားနက်(ဒ်)ကျေးရွာသို့ ပြည်တွင်း ပြည်ပ ခရီးသွားများ ဝင်ရောက်လျက်ရှိရာ လက်ရှိတွင် မိုးကုတ်မြို့မှ ဘားနက်(ဒ်)ကျေးရွာသို့ အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ် တည်းခိုနိုင်စေရေးအတွက် လမ်းများပြုပြင်ခြင်းနှင့် တည်းခိုခန်းများထားရှိရန် အစီအစဉ်များကို ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့်အပြင် နိုင်ငံတကာခရီးသွားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် ဒေသထွက်ကုန်အစားအစာများ ချက်ပြုတ်ရန် နည်းလမ်းများကိုလည်း ဟောပြောဆွေးနွေးပို့ချပေးခဲ့ပြီးဖြစ်သည့်အတွက် ယခု ၂၀၂၀ ပြည့်နှစ်အတွင်း၌ မိုးကုတ်မြို့နှင့် ဘားနက်(ဒ်)ကျေးရွာ၏ ခရီးသွားလုပ်ငန်းမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

သိသာစွာတိုးတက်

မိုးကုတ်မြို့သို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှစ၍ ဖြေလျှော့မှုများပေးကာ ဝင်ရောက်ခွင့်ပြုခဲ့သည့်အပြင် ၂၀၁၉ ခုနှစ်အတွင်း၌လည်း မိုးကုတ်အနီးပတ်ဝန်းကျင်ရှိ ဘားနက်(ဒ်)၊ ပန်လင်နှင့် ကျောက်ပြာသာဒ်ကျေးရွာများသို့လည်း သွားရောက်လည်ပတ်နိုင်ရန် ခရီးစဉ်ဒေသအသစ်များအဖြစ် တိုးချဲ့ခွင့်ပြုပေးခဲ့သဖြင့် ပြည်တွင်းပြည်ပခရီးသွားဝင်ရောက်မှုမှာ သိသာစွာတိုးတက်လာခဲ့ကြောင်း သိရသည်။

သယံဇာတတွေကို ထိန်းသိမ်းပြီးထုတ်လုပ်စေချင်

''၂၀၁၉ ခုနှစ်မှာ မိုးကုတ်မြို့ကို ခရီးသွားဝင်ရောက်မှုက သိသာစွာတိုးတက်လာခဲ့တယ်။ အထူးသဖြင့် ပြည်တွင်းခရီးသွားတွေ အများအပြား ဝင်ရောက်လာကြပြီး နိုင်ငံတကာခရီးသွားတွေအနေနဲ့ ဘားနက်(ဒ်)ကျေးရွာကို အများဆုံး သွားရောက်လည်ပတ်မှုတွေရှိလာတယ်။ ကျွန်မတို့အနေနဲ့ မိုးကုတ်မြို့မှာ ခရီးသွားလုပ်ငန်းကို တိုးတက်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ မိုးကုတ်ဒေသက သယံဇာတစ်ခုတည်းကိုပဲ အားကိုးနေရပြီး ဘိုးဘွားတွေလက်ထက်ကတည်းက ဒီကျောက်မျက်တူးဖော်တဲ့လုပ်ငန်းနဲ့ပဲ အသက်မွေးလို့ရတယ်လို့ တစ်မြို့လုံးက မြင်နေကြတယ်။ ကျောက်မျက်ကလည်း အဓိကစီးပွားရေးဖြစ်ပေမယ့် ဒီမြို့မှာ အခြားစီးပွားရေးလမ်းကြောင်းလေးကို ပြောင်းလဲပေးနိုင်လိုက်ရင် ဒီကျောက်မျက်သယံဇာတကို တူးဖော်တဲ့နေရာမှာ လျော့ကျသွားနိုင်တယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းသလိုဖြစ်သွားပြီး နောင်နှစ်ပေါင်းများစွာကြာတဲ့အထိ သယံဇာတတွေ မဆုံးရှုံးနိုင်တော့ဘူး။ ဒါကြောင့် မိုးကုတ်မြို့ရဲ့ သယံဇာတတွေကို ထိန်းသိမ်းပြီး ထုတ်လုပ်စေချင်တယ်ဆိုရင် အခြားဝင်ငွေရမယ့် စီးပွားရေးဖြစ်တဲ့ ခရီးသွားလုပ်ငန်းကို တစ်မြို့လုံးက ရွေးချယ်ပြီး အောင်မြင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်'' ဟု ဒေသခံ ဒေါ်ဖြူဖြူမြင့်က ပြောသည်။

ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်

မိုးကုတ်မြို့နှင့် ဘားနက်(ဒ်)ကျေးရွာသို့ ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်လျက်ရှိရာ လက်ရှိတွင် မိုးကုတ်မြို့မှ ဘားနက်(ဒ်)ကျေးရွာသို့ အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ်တည်းခိုနိုင်စေရေးအတွက် လမ်းများပြုပြင်ခြင်းနှင့် တည်းခိုခန်းများထားရှိရန် အစီအစဉ်များကို ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့်အပြင် နိုင်ငံတကာခရီးသွားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် ဒေသထွက်ကုန်အစားအစာများ ချက်ပြုတ်ရန် နည်းလမ်းများကိုလည်း ဟောပြောဆွေးနွေးပို့ချပေးခဲ့ပြီးဖြစ်သည့်အတွက် ယခု ၂၀၂၀ ပြည့်နှစ်အတွင်း၌ မိုးကုတ်မြို့နှင့် ဘားနက်(ဒ်)ကျေးရွာ၏ ခရီးသွားလုပ်ငန်းမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ဒေသခံများက မျှော်လင့်လျက်ရှိသည်။

''မိုးကုတ်ဒေသဟာ မြန်မာနိုင်ငံရဲ့ ထင်ရှားတဲ့ ခရီးစဉ်ဒေသဖြစ်သလို ကမ္ဘာမှာလည်း Ruby land လို့ လူသိများတဲ့ဒေသဖြစ်ပါတယ်။ ဒီဒေသကို စနစ်တကျနဲ့စီမံခန့်ခွဲပြီး ခရီးသွားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့အတူ ခရီးသွားကဏ္ဍမှာ ပါဝင်ပတ်သက်သူတွေနဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါအပြင် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘာဝထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဝန်ဆောင်မှုကဏ္ဍနဲ့ ခရီးသွားဧည့်သည်တွေကို အဓိကဆွဲဆောင်နိုင်ဖို့အတွက်၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း သင်တန်းတွေ၊ ဟောပြောပွဲတွေနဲ့ ဆောင်ရွက်ပေးနေသလို တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှုဓလေ့တွေနဲ့လည်း ဆွဲဆောင်လျက်ရှိပါတယ် '' ဟု မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

၁၄၀၀ ကျော် ဝင်ရောက်

ယခင်က မိုးကုတ်မြို့သို့ နိုင်ငံတကာခရီးသွားများ ဝင်ရောက်ခွင့်ကို ကန့်သတ်တားမြစ်ထားခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် စတင်ဝင်ရောက်ခွင့်ပြုခဲ့ကာ ထပ်မံ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မိုးကုတ်မြို့နှင့် စပ်ဆက်နေသည့် သဘာဝအရင်းအမြစ်များ တိုင်းရင်းသားကျေးရွာများ၊ စစ်သင်္ချိုင်းနှင့် လက်နက်တိုက်ဟောင်းများ၊ တည်ရှိရာ ဘားနက်(ဒ်)၊ ပန်လင်နှင့် ကျောက်ပြာသာဒ်ကျေးရွာများသို့ တိုးချဲ့လည်ပတ်ခွင့်ပြုခဲ့သဖြင့် ယခုအခါ မိုးကုတ်မြို့သို့ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားဦးရေ ၁၄၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။